# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၇၅)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဗြိတိန်နိုင်ငံနှင့် ဩစတြီးယားနိုင်ငံ သံအမတ်ကြီးတို့ သံအမတ်ခန့်အပ်လွှာများ ပေးအပ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒယ်နီရယ် ပတရစ် ဘရန်ဒန် ချဂ် သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဒယ်နီရယ် ပတရစ် ဘရန်ဒန် ချဂ်သည် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အီဗာ ဟာဂါသည် နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၃**

၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ရဲ့ တစ်ကမ္ဘာလုံးမှာ အမျိုးသမီးနေ့တွေ ကျင်းပတယ်ဆိုတာ အများသိပြီးသား ဖြစ်ပါတယ်။ ဒီလိုအမျိုးသမီးနေ့ အခမ်းအနားတစ်ခုရောက်တယ်ဆိုရင် ဘာကြောင့် အမျိုးသမီးနေ့တွေ ကျင်းပသလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာဆိုရင် အမျိုးသမီးတွေရှိတယ်၊ အမျိုးသားတွေ ရှိတယ်။ ကလေးတွေရှိတယ်။ သို့သော်ငြားလည်း ကလေးသူငယ်များနေ့၊ အမျိုးသမီးများနေ့ဆိုတာကို တစ်ကမ္ဘာလုံးက နိုင်ငံအရပ်ရပ်မှာကျင်းပကြပါတယ်။ အမျိုးသားများနေ့ရယ်လို့ သက်သက်ကျင်းပတာမရှိပါဘူး။ အမျိုးသားနေ့ဆိုတာကတော့ အားလုံး၊ တစ်နိုင်ငံလုံးရဲ့အမျိုးသားအောင်ပွဲနေ့ စသဖြင့် ဒါမျိုးသာရှိတာပါ။

*စာမျက်နှာ ၃ ကော်လံ ၁*



## ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း အာမခံမှုဖြင့် အီးယူသို့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည့် မှတ်ပုံတင်စနစ်သစ်စတင်

*စာမျက်နှာ - ၉*

## ထရန့်နှင့် မက္ကဆီကို သမ္မတသစ်တို့ ကုန်သွယ်ရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေး ဆွေးနွေး

*နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄*






**မြန်မာ့အလင်း**

# ပြီးပြည့်စုံသော ဂုဏ်သိက္ခာ

အဂတိလိုက်စားမှု ဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်ကို မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤပူးတွဲကြေညာချက်၏ ရည်ရွယ်ချက်သည် ကျင့်ဝတ်ပြည့်ဝသည့် စီးပွားရေးလုပ်ငန်းအလေ့အကျင့်များ ဖွံ့ဖြိုးလာစေရန်နှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ပါသည်။ ယခုကဲ့သို့လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ ပြည်သူလူထု၏ ဂုဏ်သိက္ခာ၊လူမှုစီးပွားအသင်းအဖွဲ့များ၏ ဂုဏ်သိက္ခာတို့ကို ပိုမိုမြှင့်တင်နိုင်တော့မည် ဖြစ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊ ပညာပေးရေးကို ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဂတိလိုက်စားမှုဆန့်ကျင်ရေးကျင့်ဝတ်ရေးဆွဲရေး (Code of Conduct-CoC)၊ အဂတိလိုက်စားမှုမဖြစ်ပွားစေရန် တားဆီးကာကွယ်သည့်နည်းလမ်းများနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေအပေါ် ဆန်းစစ်သည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ် တစ်ရပ်မှာလည်း ဤအသင်းချုပ်၏ အဖွဲ့ဝင်များအား United Nations Global Compact (UNGC) ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရေးကို တိုက်တွန်းအကောင်အထည်ဖော်နေခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ United Nations Global Compact (UNGC) ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ပါက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ မိမိဝန်ထမ်းများကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့်အဂတိလိုက်စားမှုဆန့်ကျင်ရေးအား အမြဲထိန်းသိမ်းအကောင်အထည်ဖော်ရေးတို့ကို လိုက်နာအကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် သိသာထင်ရှားသောရလဒ်ကောင်းတို့ကို ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ပထမဦးဆုံးသော ရလဒ်ကောင်းမှာ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏အသင်းဝင်ကုမ္ပဏီများအနေဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းမျဉ်း (Code of Conduct) ကို ရေးဆွဲရာတွင် ပူးပေါင်းပါဝင်ကူညီလာစေပြီး ဤကျင့်ဝတ်စည်းမျဉ်းများကိုလည်း လိုက်နာလာစေမည် ဖြစ်ပါသည်။ ထို့အပြင် ဤအသင်းချုပ်ကြီး၏ အသင်းဝင်ကုမ္ပဏီများအနေဖြင့် အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့်စွမ်းရည်မြှင့်အစီအစဉ်များ စီစဉ်အကောင်အထည်ဖော်ရေး၌ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ခွင့်ရရှိတော့မည် ဖြစ်ပါသည်။ အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ အရေးကြီးသည့် ပံ့ပိုးမှုလုပ်ငန်းစဉ်တစ်ရပ်အဖြစ် လုပ်ငန်းကုမ္ပဏီများနှင့် ပုဂ္ဂလိက ကဏ္ဍအသင်းအဖွဲ့များကြားတွင် အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့်အလေ့အကျင့်ကောင်းများမျှဝေနိုင်ရေးကွန်ရက်များတည်ဆောက်ရေး (United Nations Global Compact Network Myanmar) နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ အဂတိလိုက်စားမှု ဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးလိုက်ခြင်းကို လေးလေးနက်နက် ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကမာရွတ်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၃**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အာဇာနည်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကမာရွတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းကလေးငယ်များကို ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြို့နယ်ပညာရေးမှူးနှင့် ညှိနှိုင်းကာ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မူလတန်းကျောင်းသား ကျောင်းသူလေးများကို ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အမှတ်တရဆုများပါ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကြောင်းများကို နောင်လာနောက်သားကလေးငယ်များ ဗဟုသုတရရှိစေရန်အတွက် ရည်ရွယ်ကာ ယခုကဲ့သို့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆင်ပေါင်ဝဲမြို့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုနှင့် မြို့နယ်ခန်းမဖွင့်

**ဆင်ပေါင်ဝဲ ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့၌ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုနှင့် မြို့နယ်ခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က ဆင်ပေါင်ဝဲမြို့ ပြည်သူ့ပန်းခြံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် တပ်ဖွဲ့ဝင်အပေါင်းအား အလေးပြုခဲ့ပြီး ဝန်ကြီးချုပ်နှင့်လွှတ်တော်ဥက္ကဋ္ဌတို့က ဗိုလ်ချုပ်ကြေးရုပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးက ဗိုလ်ချုပ်ကြေးရုပ်နှင့် မြို့နယ်ခန်းမတည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဖွင့်ပွဲအမှတ်တရ အထိမ်းအမှတ်အလံများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆင်ပေါင်ဝဲမြို့ရှိ ဗိုလ်ချုပ်ကြေးသွန်းရုပ်တုမှာကြေးပိဿာချိန် ၄၀၀ ဖြင့် ထုလုပ်ခဲ့ကာ ကုန်ကျငွေကျပ်သိန်း ၄၂၀ ကို ဆင်ပေါင်ဝဲမြို့မှ ပြည်သူလူထု၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ခန်းမမှာ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီးစည်ပင်ဘဏ္ဍာ(မီနီဘတ်ဂျက်) ရန်ပုံငွေတို့ဖြင့် ငွေကျပ်သိန်း ၁၃၅၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

# ကရင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ဘားအံ ဇူလိုင် ၃**

ကရင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် လက်ရှိအခြေအနေများ မှတ်တမ်းကောက်ယူရန်နှင့် ဆောင်ရွက်ရမည့်အခြေအနေများ သိရှိလုပ်ဆောင်နိုင်ရန်အတွက် ပြည်နယ်အတွင်း စိုက်ပျိုးရေးဝန်ထမ်းများအနေဖြင့် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်က ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရဲသူရခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ယခုကာလသည် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ဆောင်နေသည့်ကာလဖြစ်သည့်အတွက် စိုက်ပျိုးရေးဝန်ထမ်းများ ပိုးမွှား/ရောဂါ ကြိုတင်ကာကွယ်ရေးနည်းပညာများ ပညာပေးစည်းရုံးလှေ့လာ စောင့်ကြည့်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စိုက်ရေးပျိုးရေးတွင် ပြဿနာအခက်အခဲများ ဖြစ်ပေါ်လာပါက ဝန်ထမ်းများအနေဖြင့် ဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုပြီးတိုင်း ပြန်လည်သုံးသပ်နိုင်ရေးလုပ်ရမှာဖြစ်ပြီး ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမား ဘဝတိုးတက်ရေးသည် စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအပေါ် မူတည်နေရာ စိုက်ပျိုးရေးကဏ္ဍ ယခင်ကထက် ပိုမိုတိုးတက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍများကို ပြန်လည်သုံးသပ်စေခြင်း၊ လုပ်ဆောင်ပြီးသော ရလဒ်များကို မှတ်တမ်းတင်စာရင်းပြုစုတင်ပြရေးနှင့် ရုံးဝင်းအတွင်း ပျိုးပင်များ၊ သီးနှံပင်များ စိုက်ပျိုးကာ ဝန်ထမ်းများ ဝင်ငွေတိုးလာအောင် ဆောင်ရွက်ရန်၊ ကမော့ကပိုခြံ၌ ပျိုးပင်ကွန်ရက်လုပ်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ပြည်နယ်ဒုတိယဦးစီးမှူးများ၊ မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်တို့မှ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ၊ ရှေ့တန်းစခန်းတာဝန်ခံများ၊ သုတေသနနှင့် မျိုးစေ့ထုတ် ခြံတာဝန်ခံများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံတော်မှ ချမှတ်ထားသော မဟာဗျူဟာမူဘောင်များနှင့်အညီ ဆောင်ရွက်သွားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး ဇူလိုင် ၃**

ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သောမြန်မာအမျိုးသမီးများနေ့အခမ်းအနားကို တောင်ကြီးမြို့ ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်သန်းမောင်က အစိုးရသစ်၏ မူဝါဒနှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ မူဝါဒများဖြစ်သည့် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတို့တွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိစေရေးအတွက် ပြဋ္ဌာန်းထားသော ဥပဒေများ ထိရောက်မှုရှိစေရေးနှင့် လိုအပ်သောဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး အကြံပြုဆောင်ရွက်ရန်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နှင့် စောင့်ရှောက် မှုများပေးရန်၊ အမျိုးသမီးများအား မိမိကိုယ်မိမိကာကွယ်ပေးထားသော ဥပဒေများ နားလည်လာစေရေးနှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက် ဆောင်ရွက်ပေးရန်၊ မသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေရန်၊ အမျိုးသမီးများအတွက် သတင်းအချက်အလက်များ ဆွေးနွေးမေးမြန်းနိုင်သော ဝန်ဆောင်မှုဌာနများ တည်ထောင်စေရန်စသည်ဖြင့် ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေမြင့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ရှမ်းပြည်နယ် ကိုယ်စားပြု ပထမဆုရရှိသော အမျိုးသမီးဘော်လီဘော အသင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသူများအား အမျိုးသမီးရေးရာအဖွဲ့နာယက၊ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ပေါ်ပေါက်လာပုံသမိုင်းကို Shan State Women Development Organization (SSWDO) Chair Persom ဒေါ်စဝ်ဟေမာသိုက်က ဖတ်ကြား၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးစကားဝိုင်းကျင်းပကြောင်း သိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**




## ကျောက်တော်မြို့နယ်ရှိ ကျေးရွာငါးရွာ လျှပ်စစ်မီး ၂၄ နာရီ ထပ်မံတိုးချဲ့ရရှိ

**ကျောက်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အလင်းရောင်စီမံချက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာငါးရွာ ဓာတ်အားအပြည့်အဝ တိုးချဲ့ရရှိခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ထို့အပြင် ယခု လျှပ်စစ်မီးရရှိသော ကျေးရွာငါးရွာမှာ လမ်းမတော်ကျေးရွာ၊ ညောင်ပင်လှကျေးရွာ၊ ကျောက်တစ်လုံးကျေးရွာ၊ မုန့်ချောင်းကျေးရွာနှင့် ရဘာကျေးရွာများဖြစ်ပြီး ယင်းကျေးရွာငါးရွာ၌ မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်လုပ်သားများက အိမ်သုံးလျှပ်စစ်မီတာများကို နေ့ချင်းပြီး တပ်ဆင်ပေးလျက်ရှိသည်။

ထို့နောက် ကျောက်တော်မြို့နယ်ရှိ ခေါင်းတုတ်ကျေးရွာ၊ ကျောက်ဂူဥကျေးရွာ၊ အပေါက်ဝကျေးရွာ၊ ရွာမပြင်ကျေးရွာတို့ကို လျှပ်စစ်မီတာများ ဆက်လက် တပ်ဆင်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဝင်းအောင်**



# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့်စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❒ ရှေ့ဖုံးမှ

အဲဒီတော့ ကျွန်မတို့စဉ်းစားဖို့ လိုပါတယ်။ ဘာဖြစ်လို့ ကမ္ဘာတစ်လွှားမှာ အမျိုးသမီးနေ့၊ ကလေးသူငယ်များနေ့ဆိုပြီးတော့ ဒီလိုသတ်သတ်မှတ်မှတ် ကျင်းပရသလဲဆိုတော့အဖြေကတော့ ရိုးရိုးလေးလို့ ထင်ပါတယ်။ ကျွန်မတို့သမိုင်းအစဉ်အလာအရ၊ လူ့အသိုင်းအဝိုင်းရဲ့သဘောသဘာဝဖြစ်စဉ်တွေအရ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေဟာ အားနည်းတဲ့အုပ်စုတွေအဖြစ် အရင်တုန်းက သတ်မှတ်ခဲ့ကြပါတယ်။ အမျိုးသားတွေဟာ အရင်တုန်းကတည်းက၊ ရှေးကမ္ဘာဦးခေတ်ကတည်းက အင်အားကြီးပြီးတော့ အထက်စီးကနေ နေတဲ့ အသိုင်းအဝိုင်းလို့ ပြောရင်မမှားပါဘူး။

## ရှေ့ကပြေးနေ

"ဒီလိုဖြစ်ရတဲ့အကြောင်းကလည်း အရင်တုန်းကဆိုရင် ကျွန်မတို့ရဲ့လူသားများဟာ၊ လူရိုင်းခေတ်ကနေပြီးတော့ စပြီးပြောမယ်ဆိုရင် ကာယဗလဟာ အဓိကဖြစ်ခဲ့လို့ပါပဲ။ ဘာကြောင့် အမျိုးသားတွေဟာ အမျိုးသမီးတွေထက် ကာယဗလပိုပြီးတော့ ကြီးမားသလဲဆိုတာကတော့ သိပ္ပံပညာရှင်တွေက ရှင်းပြထားတာရှိတော့ ကျွန်မအနေနဲ့ မရှင်းပြတော့ပါဘူး။ ဒါပေမယ့် အခုခေတ်က ကာယဗလခေတ် မဟုတ်တော့ပါဘူး။ အခုခေတ်က နည်းပညာခေတ်ပါ။ နည်းပညာခေတ်ဆိုတာ ခလုတ်ကလေးနှိပ်တတ်ရင်ရတယ်။ အမျိုးသားတွေနည်းတူ အမျိုးသမီးတွေဟာလည်း ခလုတ်နှိပ်တတ်ပါတယ်။ အခုအချိန်မှာ ကျွန်မတို့ နိုင်ငံရဲ့ ပညာရေးအခြေအနေကို ကြည့်လိုက်ရင် အမျိုးသမီးတွေဟာ ပညာအရ၊ ကာယဗလအရ မဟုတ်ပေမယ့်လည်း ဉာဏဗလအရ အမျိုးသားတွေနဲ့ ယှဉ်ပြိုင်ရုံတင်မကဘူး ရှေ့ကတောင်မှ ပြေးနေပြီဆိုတာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။

## နေဗလလွှမ်းမိုးတဲ့ခေတ်

"ဒါ ကျွန်မတို့ နိုင်ငံမှာတင် မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ဒီလိုပဲ မြင်ရမှာပါ။ ကမ္ဘာတစ်ဝှမ်းမှာ ပညာရေးကဏ္ဍမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ တန်းတူတင်မကဘူး အခွင့်အရေးရရင်၊ အခွင့်အရေးပေးတဲ့ နိုင်ငံတွေမှာဆိုရင် ရှေ့ကတောင်မှ ပြေးပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း အခုဒီတက္ကသိုလ်ဝင်စာမေးပွဲ အောင်နှုန်းကိုကြည့်လိုက်ရင် တက္ကသိုလ်မှာရောက်နေတဲ့ ကျောင်းသူ၊ ကျောင်းသားများရဲ့ ရာခိုင်နှုန်းအနေအထားကိုကြည့်လိုက်ရင် အမျိုးသမီးများဟာ ပညာရေးဘက်မှာ အမျိုးသားတွေထက် ရှေ့ကပြေးလာပြီဆိုတာကို ကျွန်မတို့ မြင်ရမှာဖြစ်ပါတယ်။ ဒီဟာနဲ့တင် လုံလောက်သလားဆိုတာ ကျွန်မတို့ စဉ်းစားဖို့ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုခေတ်မှာ ကာယဗလကို အားမကိုးဘူးဆိုပေမယ့်လည်း နေဗလကို အင်မတန်မှ အားကိုးလာတာကို ကျွန်မတို့ တွေ့ရပါတယ်။ ကာယဗလအားကိုးတဲ့ခေတ်လို့ မပြောနိုင်ပေမယ့်လည်း နေဗလလွှမ်းမိုးတဲ့ ခေတ်ကြီးဖြစ်လာပြီ။ နေဗလလွှမ်းမိုးတဲ့ ခေတ်ကြီးမှာ အဓိကအရေးကြီးတာကတော့ စိတ်ဓာတ်အင်အားပဲလို့ ကျွန်မဒီလိုပဲ ယူဆပါတယ်။

## အင်အားတစ်ခုဖြစ်စေချင်

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာရှိတဲ့ နေအင်အားတွေကို အလွဲသုံးစားမလုပ်ဖို့ဆိုတာ စိတ်ဓာတ်ရေးရာအပေါ်မှာ အများကြီး မူတည်ပါတယ်။ ကျွန်မတို့ အမျိုးသမီးများဟာ တကယ်ပဲနိုင်ငံ့အတွက်တင်မကဘူး ကမ္ဘာ့လူ့အသိုင်းအဝိုင်းအတွက် အင်အားတစ်ခုဖြစ်စေချင်တယ်။ တန်ဖိုးရှိတဲ့ အင်အားစုတစ်ခုဖြစ်စေချင်တယ်ဆိုရင် စိတ်ဓာတ်အင်အားကို အဓိကထားပြီးတော့ မွေးမြူဖို့၊ စိတ်ဓာတ်အင်အားကို ပြုစုပျိုးထောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အခုသုတေသနလုပ်ချက်အရ လူသားများဟာ အမုန်းစိတ်ကို ဆွလိုက်ရင် အင်မတန်ပါတတ်တယ်။ အမုန်းစိတ်ဆွတဲ့ဘက်ကို ပါတတ်တယ်။ မေတ္တာဘက်စိတ်ဆွတဲ့ဘက်ကိုပါဖို့ဟာ ပိုပြီးခက်တယ်ဆိုတာကို သုတေသနအရ တွေ့ရှိတာရှိပါတယ်။ ဒီလိုသုတေသနပြုစုတဲ့နိုင်ငံတွေက ကိုယ့်လူမှုအသိုင်းအဝိုင်းကိုပဲ ကြည့်ပြီးတော့ လုပ်တာလား၊ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားအားလုံးကိုပဲ သေသေချာချာ လေ့လာဆန်းစစ်ပြီးတော့ လုပ်တာလားဆိုတာကိုလည်း ကျွန်မတို့ မေးခွန်းထုတ်လို့ရပါတယ်။ သို့သော်ငြားလည်း သုတေသနပြုတဲ့ လူတွေရဲ့ အပြောအရ ဒါလူသားတွေရဲ့ ပုထုဇဉ်တွေရဲ့စိတ်ဓာတ်အရ ပြောရမယ်ဆိုရင်တော့ လောဘ၊ ဒေါသ၊ မောဟတွေက ပိုပြီးတော့ ဆွလို့လွယ်တယ်ဆိုတာပါ။ ကျွန်မတို့ မြန်မာနိုင်ငံအတွက်ကတော့ ဒီလောဘ၊ ဒေါသ၊ မောဟဆိုတာက ပုထုဇဉ်လူသားတွေရဲ့ အဓိကအားနည်းချက်တွေဖြစ်တယ်ဆိုတာ ထူးထူးထွေထွေ ပြောနေဖို့ မလိုပါဘူး။ ဒါပေမယ့် ဒီလိုပဲပြောနေပေမယ့် ဒီဟာတွေကို ပြုပြင်ပြောင်းလဲဖို့ ကျွန်မတို့ လုပ်ရဲ့လားဆိုတာကို စဉ်းစားဖို့က အရေးကြီးပါတယ်။

## မှန်ကန်တဲ့စိတ်ဓာတ်

"အခုခေတ်ကြီးမှာ ကျွန်မတို့ ခဏခဏ အစိုးရအသိုင်းအဝိုင်းအတွင်းမှာ ဆွေးနွေးပြီးတော့ နိုင်ငံ့အတွက် ရေရှည်စဉ်းစားရတဲ့အခါမှာ အခုဒီအိုင်တီခေတ်ကြီးမှာ၊ နည်းပညာခေတ်ကြီးမှာ ကလေးတိုင်း၊ ကလေးတိုင်းဆိုတာက ငယ်ငယ်လေးတွေ မဟုတ်ပေမယ့် ကျောင်းနေတဲ့ အချိန်လောက်ကနေ စပြီးတော့ ကလေးတိုင်း ကလေးတိုင်းဟာ လက်ကိုင်ဖုန်းလေးတွေနဲ့၊ သူတို့ဆဲလ်ဖုန်းလေးတွေနဲ့ အဲဒီကနေပြီးတော့ ကြည့်ချင်တာ ကြည့်ပြီးတော့၊ သင်ချင်တာသင်ယူနိုင်တဲ့ ခေတ်ကြီးမှာ ဘယ်လိုလုပ် ကျွန်မတို့ရဲ့ လူငယ်တွေကို မှန်ကန်တဲ့စိတ်ဓာတ်ရှိအောင် သင်ပေးနိုင်မလဲ၊ ဘယ်လိုလုပ် မိဘတွေ၊ ဆရာတွေက ဒီ လူငယ်တွေကို မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ သွားဖို့ဟာကို ပြုစုပျိုးထောင်ပေးနိုင်မလဲဆိုတာကို အင်မတန်မှ စဉ်းစားရပါတယ်။ အခုခေတ်ကြီးမှာဆိုရင် လူငယ်တွေက ပြန်တောင်မှ မေးဦးမှာ။ ဒီလမ်းကြောင်းက မှန်တယ်ဆိုတာ မိဘများက ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လား၊ ဘယ်လမ်းကြောင်းက မှန်တယ်ဆိုတာ ဆရာ၊ ဆရာမတွေက ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လားဆိုပြီးတော့ မေးတဲ့ခေတ်ကြီးဖြစ်လာပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေ၊ ဆရာတွေ မသင်တဲ့ ကိစ္စတွေကို ကိုယ့်ဘာသာကိုယ် သင်ယူနိုင်တဲ့ ခေတ်ဖြစ်နေပါပြီ။

## ကလေးတွေရဲ့စိတ်ဓာတ်ပြုစု

"အဲဒါကြောင့် ကျွန်မတို့ အမျိုးသမီးများဟာ အရင်တုန်းက အဆိုအတိုင်း။ ပုခက်လွှဲတဲ့လက်က ကမ္ဘာကို လွှမ်းမိုးတယ်၊ ကမ္ဘာကို စိုးမိုးတယ်ဆိုတာ တကယ်တော့ လွှမ်းမိုးဖို့၊ စိုးမိုးဖို့မဟုတ်ပါဘူး။ မတည်ပေးဖို့ပါ။ အဲဒီလွှမ်းမိုးချင်တဲ့၊ စိုးမိုးချင်တဲ့စိတ်က အဓိက မဟုတ်ပါဘူး။ အဲဒီစိတ်ကိုက ကျွန်မတို့ရဲ့လူ့အသိုင်းအဝိုင်း၊ ကျွန်မတို့ရဲ့ကမ္ဘာကြီးကို ပြဿနာ ဖြစ်စေတာပါ။ ဘာဖြစ်လို့ လွှမ်းမိုးချင်ရမှာလဲ၊ ဘာဖြစ်လို့ စိုးမိုးချင်ရမှာလဲ၊ ဖေးမပေးဖို့ လက်တွဲပြီးတော့ခေါ်ပေးဖို့က အဓိက ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ရဲ့သားသမီးတွေ၊ ကိုယ်ပြုစုပျိုးထောင်ရတဲ့ ကလေးတွေ၊ ဆရာ၊ ဆရာမတွေဆိုရင် တကယ်တော့ ကျွန်မတို့ နိုင်ငံမှာ ဆရာ၊ ဆရာမလို့ ပြောတဲ့ဟာက ယဉ်ကျေးမှုအရလည်း ဆရာ၊ ဆရာမဆိုပြီးတော့ အမျိုးသားတွေကို မထားခဲ့ချင်လို့၊ အမျိုးသားတွေထည့်ပြီး ပြောတာလည်း ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်အရပေါ့။ ဒီပညာရေးကဏ္ဍမှာ အမျိုးသားတွေ ပိုပြီးတော့ ပါဝင်လာစေချင်လို့လည်း ပါပါတယ်။ သို့သော်ငြားလည်း တကယ်တော့ ကျွန်မတို့နိုင်ငံမှာ ပညာရေးကဏ္ဍမှာ ကလေးတွေကို သွန်သင်ဆုံးမတဲ့ ဆရာ၊ ဆရာမတွေသာဆိုတယ် ၁၀၀ ရာခိုင်နှုန်းနီးပါးက ဆရာမတွေ ဖြစ်နေပါတယ်။ အမျိုးသမီးတွေပဲ ဖြစ်နေပါတယ်။ ဒါကြောင့် အမျိုးသမီးတွေအနေနဲ့ ကလေးတွေရဲ့စိတ်ဓာတ်ပြုစုပျိုးထောင်ရေးကို အဓိကထားပြီးတော့ စဉ်းစားစေချင်ပါတယ်။ တချို့က ဒါအမျိုးသမီးများကသာ ကလေးတွေ၊ သားသမီးတွေကို စောင့်ရှောက် ထိန်းသိမ်းရမယ့် ခေတ်မဟုတ်ဘူး။ အမျိုးသားတွေလည်း ပါရမယ်။ ဖခင်တွေလည်းပါရမယ်။ ဒါမှန်ပါတယ်။ စောစောက ကျွန်မပြောခဲ့တဲ့ အထဲမှာ အမျိုးသားနေ့ရယ်လို့မရှိဘူး၊ အမျိုးသမီးများနေ့၊ ကလေးသူငယ်များနေ့ရယ်လို့ရှိတယ်၊ သို့သော်ငြားလည်း ဖခင်များနေ့တော့ရှိတယ်။ မိခင်များနေ့နည်းတူ ဖခင်များနေ့တော့ ရှိပါတယ်။ ဒါကြောင့်မို့ ဖခင်များရဲ့ ကဏ္ဍကိုလည်း လျစ်လျူရှုထားတာ မဟုတ်ပါဘူး။

## ယှဉ်ပြိုင်ချင်တဲ့ စိတ်ရှိ

"လက်တွေ့ကျကျ ကြည့်မယ်ဆိုရင်တော့ အမျိုးသမီးများဟာ အခုလက်ရှိအခြေ အနေမှာဆိုရင် ကျွန်မတို့ရဲ့ပညာရေးကဏ္ဍအခြေအနေအရ အမျိုးသမီးတွေဟာအဓိက ကလေးသူငယ်တွေကို သွန်သင်ဆုံးမသူတွေဖြစ်ပါတယ်။ ဒီတော့ စိတ်ဓာတ်ရေးရာအရ ဘယ်လိုပြုစုပျိုးထောင်ပေးမလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ ဒါဟာ ကိုယ့်ရဲ့အိမ်မှာ တောင်မှ မှန်ကန်တဲ့စိတ်ထားတွေကို သင်ပေးရဲ့လား။ ကိုယ့်သား၊ ကိုယ့်သမီးတွေကို မှန်ကန်တဲ့စိတ်ဓာတ်တွေ ပြုစုပျိုးထောင်ပေးရဲ့လားဆိုတာကို စဉ်းစားစေချင်ပါတယ်။ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာ ကျွန်မကိုယ်တိုင်လည်း မကြာခဏ ကြားရပါတယ်။ အားလုံးလည်း သိမှာပဲ။ မိဘတွေကကို ယှဉ်ပြိုင်ချင်တဲ့ စိတ်ရှိတယ်။ ဟိုဘက်အိမ်ကကလေးထက် သာရမယ်၊ အတန်းထဲက ဘယ်သူ့ထက် သာရမယ်။ အဲဒီဟာတွေကို ခဏခဏသင်ပေးတဲ့အခါကျတော့ ကျွန်မတို့ရဲ့လူငယ်တွေကြားထဲမှာ ပူးပေါင်းဆောင်ရွက်ချင်တဲ့စိတ်၊ မုဒိတာပွားချင်တဲ့စိတ်။ မုဒိတာပွားခြင်းဟာနည်းသွားတာပေါ့။ သူကတော်လိုက်တာဆိုပြီးတော့ ချီးမွမ်းတာဟာ ရိုးရိုးချီးမွမ်းတာမဟုတ်ဘဲနဲ့ ကိုယ့်သားကိုယ့်သမီးကို သူကတော်လိုက်တာ မင်းကတော့ ဘာလို့ဒီလောက်မတော်လဲဆိုတဲ့ပုံစံနဲ့ ချီးမွမ်းတဲ့အခါမှာတော့ ကလေးတွေရဲ့ စိတ်ထဲမှာ ငယ်ငယ်ကတည်းက သူတို့ရဲ့တန်ဖိုးဟာ တခြားသူထက်သာနိုင်မှ မြင့်တယ်လို့ ထင်သွားကြပါတယ်။ တကယ်တော့ တခြားသူထက်သာတယ်ဆိုတာ ဘယ်သူကမှ တခြားသူတစ်ယောက်ထက် နေရာတကာမှာ မသာနိုင်ပါဘူး။ ကိုယ့်ရဲ့အားနည်းချက်ရှိတယ်။ ကိုယ့်ရဲ့အားသာချက်ရှိတယ်။ သူ့ရဲ့အားနည်းချက်ရှိတယ်။ သူ့ရဲ့အားသာချက်ရှိတယ်။

စာမျက်နှာ ၄ သို့



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

"ကျွန်မတို့ အမျိုးသမီးများဟာ နောင်တစ်ချိန်တစ်ခါမှာ ကမ္ဘာကြီးမှာ အမျိုးသမီးများနေ့၊ အမျိုးသားများနေ့ ရယ်လို့ ခွဲခြားပြီးတော့မထားဘဲနဲ့ ပုထုဇဉ်လူသားများရဲ့နေ့လို့ ဖြစ်သွားအောင်လို့ ဦးတည်သင့်ပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာ အမျိုးသမီးရော၊ အမျိုးသားရော၊ ကလေးတွေရော နိုင်ငံတစ်နိုင်ငံမှာ လူ့အသိုင်းအဝိုင်းတစ်ခုမှာ အားလုံးပူးပေါင်းပြီးတော့ ညီညီညွတ်ညွတ်ရှိမှ ဒီအသိုင်းအဝိုင်းမှာ တိုးတက်နိုင်မှာပါ။ ကျွန်မတို့ နိုင်ငံရဲ့အားနည်းချက်တွေကို အားလုံးသိပါတယ်။ ကျွန်မတို့က ခနအင်အားမှာလည်း အင်မတန်မှ အားနည်းပါတယ်။ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကြောင်းတစ်လျှောက် စိတ်ဓာတ်ရေးရာဘက်မှာလည်း အားရှိသင့်သလောက် မရှိသေးပါဘူး။ ဒါကြောင့် ကြိုးစားရမယ့် နေရာတွေက အများကြီးပါ။ ဒီလို ကြိုးစားခွင့်ရတာကို ဂုဏ်ယူပါ၊ ကြိုးစားခွင့်ရတာကို ဝမ်းသာပါလို့ ထပ်ခါတလဲလဲ သတိပေးအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေ ကျွန်မတို့ ပြည်သူ ပြည်သားတွေက ငါတို့ ဒီလိုဆင်းရဲတဲ့နေရာမှာ ကြီးလာရလေခြင်း၊ မွေးလာရလေခြင်း၊ ဒီလိုခက်ခဲတဲ့အချိန်အခါမှာ ကြီးပြင်းလာရလေခြင်းဆိုတဲ့ အဲဒီလိုငြီးငြူတာတွေလည်း ကျွန်မတို့ ကြားရပါတယ်။ ဒါပေမယ့်လည်း အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှ ကိုယ့်ရဲ့အစွမ်းအစတွေကို ထုတ်သုံးပြီးတော့ အများအကျိုးအတွက် လုပ်ပေးနိုင်တဲ့ အခွင့်အရေးရမှာပါ။ ဒါကြောင့် ကျွန်မတို့ ဒီအခွင့်အရေးတွေကို အကောင်းဆုံးဖြစ်အောင် လုပ်စေချင်တယ်။

**အခွင့်အလမ်းတွေပွင့်လာ**

"အမျိုးသမီးတွေအနေနဲ့အမျိုးသမီးနေ့ကို အသိအမှတ်ပြုတဲ့အခါ အမျိုးသမီးအခွင့်အရေး၊ အမျိုးသမီးရပိုင်ခွင့်၊ အမျိုးသမီးလုပ်ပိုင်ခွင့် ဒီဟာတွေတင်မကဘဲနဲ့ ဒီအခွင့်အရေးတွေကို အများအတွက် ဘယ်လိုသုံးမလဲဆိုတာကို အဓိကထားပြီးတော့ စဉ်းစားစေချင်ပါတယ်။ အမျိုးသမီးများ ပိုပြီးတော့ အခွင့်အရေးရလာရင် အမျိုးသမီးများအတွက် အခွင့်အလမ်းတွေ ပိုပြီးတော့ပွင့်လာရင် အားလုံးအတွက် ဘယ်လိုကောင်းအောင် ပိုပြီးတော့ လုပ်နိုင်မယ့် အခွင့်အလမ်းတွေ ကျွန်မတို့ရနိုင်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများနေ့ဆိုတော့ အမျိုးသမီးများအကြောင်းပဲ ပြောနေတယ်ဆိုရင် အမျိုးသမီးများရဲ့ အစဉ်အလာအရ ကဏ္ဍတစ်ခုဖြစ်တဲ့ သားသမီးများ ပြုစုပျိုးထောင်ရေးကိုလည်း ဘယ်တော့မှ မမေ့စေချင်ပါဘူး။ ပြုစုပျိုးထောင်ခြင်းဆိုတာ စာမေးပွဲအောင်ဖို့နဲ့ ဂုဏ်ထူးတွေအများကြီးရဖို့၊ ဒါအဓိကမဟုတ်ပါဘူး။ မှန်ကန်တဲ့စိတ်ထားတွေနဲ့ ဒီကလေးတွေဟာ ကြီးပြင်းလာဖို့၊ ရှုံးနိမ့်မှုကိုရော၊ အောင်နိုင်မှုကိုရော တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်ဖို့၊ လူသားတိုင်း လူသားတိုင်းဟာ ရှုံးနိမ့်မှုနဲ့ အောင်မြင်မှုကြောင့် အဆမတန် တုန်လှုပ်ခြင်းမရှိဘူးဆိုရင် ကျွန်မတို့ရဲ့ လူ့လောကကြီးဟာ အင်မတန်မှ ပိုပြီးတော့ အေးချမ်းမှာပါ။ ရှုံးနိမ့်မှုကို ကြောက်ကြတယ်။ ရှုံးနိမ့်မှုဖြစ်ရင် ဝမ်းနည်းပက်လက် ဖြစ်ကြတယ်။ အောင်နိုင်မှုကိုလိုလားကြတယ်။ အောင်နိုင်မှုရှိတဲ့သူတွေက မော်ကြွားကြတယ်။ နောက်ပြီးတော့ အောင်နိုင်မှုရတဲ့ လူတွေက ရှုံးနိမ့်တဲ့သူတွေကို အထင်သေးကြတယ်။ ဒါတွေဟာ ကျွန်မတို့အတွက် လောဘ၊ ဒေါသတွေပွားစေတဲ့ စိတ်ဓာတ်တွေဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများဟာ ကျောင်းဆရာမတွေဆိုရင် မိမိတို့အတန်းအတွင်းက ကလေးတွေ၊ မိခင်တွေဆိုရင် မိမိတို့ရဲ့ သားသမီးတွေ၊ ကျွန်မတို့ထဲက တော်တော်များများကတော့ သားသမီးကို ပြုစုပျိုးထောင်တဲ့ အရွယ်ကလွန်ပြီးတော့ မြေးတွေနဲ့ကစားတဲ့အရွယ်ကို ရောက်သွားပြီ။ ကျွန်မကို အဘိုး၊ အဘွားတချို့က ပြောပါတယ်။ မြေးတွေက အဘိုး၊ အဘွားတွေကို စိတ်မဝင်စားဘူးတဲ့၊ သူတို့ရဲ့ ဆဲလ်ဖုန်းကိုပဲ စိတ်ဝင်စားတယ်တဲ့၊ အဲ့ဒါလည်း တကယ်တော့ ဝမ်းနည်းစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချင်းချင်း ဆက်ဆံတတ်ဖို့က အဓိက ကျွန်မတို့နိုင်ငံရဲ့တိုးတက်ရေးအတွက် လိုအပ်ချက်ဖြစ်ပါတယ်။

**အကြောင်းအကျိုးခွဲခြား**

"ဒါ့ကြောင့် ဒါကို အမျိုးသမီးများက သင်ပေးရမယ်ဆိုတာ ကိုယ့်ရဲ့သားသမီးတွေ၊ ကိုယ့်ရဲ့ မြေးတွေဟာ လူသားတွေ အချင်းချင်း ဆက်ဆံမှုပိုပြီးတော့ ကြီးထွားအောင်၊ ပိုပြီးတော့ ကောင်းမွန်အောင်၊ လုပ်ချင်တဲ့စိတ်တွေ ဖြစ်လာအောင်၊ အချင်းချင်းပူးပေါင်းမယ့်အစား ထိုင်ပြီးတော့ ကိုယ့်ရဲ့ကွန်ပျူတာလေးနဲ့၊ ကိုယ့်ရဲ့ဖုန်းလေးနဲ့ပဲ ဆက်သွယ်နေမယ်ဆိုရင် ဒါလူ့အသိုင်းအဝိုင်းအတွက် အများကြီးတော့ အကျိုးပြုမှာ မဟုတ်ပါဘူး။ သူတို့ နည်းပညာတွေ အများကြီးတတ်မယ်၊ ဗဟုသုတတွေ အများကြီးရမယ်၊ သို့သော်လည်း ကောင်းတဲ့ဗဟုသုတလား၊ ဆိုးတဲ့ဗဟုသုတလားဆိုတာ ခွဲလို့မရတော့ဘူး။ အားလုံးဝင်လာတာပဲ။ ဒါကြောင့် ကိုယ့်ဘာသာကိုယ် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားတတ်တဲ့ စိတ်ဓာတ်၊ ခွဲခြားချင်တဲ့ ဆန္ဒရှိအောင် အားလုံးကို သင်ပေးစေချင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အမျိုးသမီးများနေ့ကို တစ်နှစ်တစ်ခါ ကျင်းပပါတယ်။

"တစ်နှစ်တစ်ခါ ကျင်းပတဲ့အခါ အရင်နှစ်က ကိုယ်ဟာ အမျိုးသမီးတစ်ယောက်အနေနဲ့ ဘာလုပ်ခဲ့သလဲ၊ အမျိုးသမီးတစ်ယောက်အနေနဲ့ ဆိုတာဟာ စဉ်းစားလိုက်ရင် မိခင်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်၊ မိတ်ဆွေတစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်၊ ကိုယ့်ရဲ့အလုပ်ခွင်က လုပ်ဖော်ကိုင်ဖက်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ နောက်ပြီးတော့ ဇနီးသည်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ အဖွားတစ်ယောက်အနေနဲ့၊ အဒေါ်တစ်ယောက်အနေနဲ့လည်း ဖြစ်နိုင်တယ်။ လူတိုင်းလူတိုင်းရဲ့ ကဏ္ဍဟာ အများကြီးကျယ်ဝန်းပါတယ်။ လူတစ်ယောက်ဟာ ထီးတည်းကြီးနေတာ မဟုတ်ပါဘူး။ ကျွန်မတို့ အမျိုးသမီးတိုင်း အမျိုးသမီးတိုင်းဟာ တစ်နှစ်ကာလအတွင်း အရင်အမျိုးသမီးနေ့နဲ့ ဒီအမျိုးသမီးနေ့မှာ တစ်နှစ်ကာလအတွင်းမှာ ဘယ်လောက်ကိုယ်ဟာ အများအကျိုးအတွက် ဆောင်ရွက်ခဲ့သလဲ၊ ကိုယ့်အကျိုးအတွက်ရော ဘယ်လောက် ဆောင်ရွက်ခဲ့သလဲ။ ဒါလည်း အရေးကြီးပါတယ်။ ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံးပြည့်စုံမှ ကျွန်မတို့ဟာ ပြည့်စုံတဲ့လူသားတွေ ဖြစ်မှာပါ။ ကိုယ့်အတွက်ဆိုတာဟာ ကိုယ်ကပိုပြီးတော့ ပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာဖို့ ကိုယ်ဘာလုပ်ခဲ့သလဲဆိုတာ အဲဒါကိုဆိုလိုတာ။ တခြားသူတွေအတွက်ဆိုတာလည်း ဒီလိုပါပဲ။ အများအတွက် အများဟာလည်း ပိုပြီးတော့ ပြည့်စုံတဲ့ လူသားတွေဖြစ်နိုင်ဖို့အတွက် ဘယ်လိုကူညီမလဲ။ ဒါဟာ ရုပ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ စိတ်ပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ ပညာပိုင်းဆိုင်ရာလည်း ဖြစ်နိုင်တယ်။ အဲဒီတော့ ဒါတွေကို ကျွန်မတို့က စဉ်းစားစေချင်ပါတယ်။

"အရေးကြီးတယ်ဆိုတာက ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တစ်နှစ်နဲ့ တစ်နှစ် မှန်မှန်တိုးတက်လာဖို့က အရေးကြီးပါတယ်။ ဒီတစ်နှစ်မှာ အရင်နှစ်က ပြန်စဉ်းစားလိုက်ရင် အရင်နှစ်က သိပ်ပြီးတော့ မဖြစ်မြောက်ဘူးဆိုရင် ဒီနှစ် ပိုပြီးတော့ ကြိုးစားပါ။ ကျွန်မတို့ဟာ အသက်ရှင်နေသရွေ့ အခွင့်အလမ်းတွေကတော့ အမြဲရှိနေမှာပဲ။ အသက်ရှင်နေသရွေ့ ကျွန်မတို့ဟာတိုးတက်နိုင်ဖို့ အခွင့်အလမ်းတွေရှိနေပါမယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ဘဝမြှင့်တင်ရေး ဆောင်ရွက်ချက်များ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ဆောင်ရွက်ချက်များ၊ အမျိုးသမီးသက်မွေးပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်းများမှ ထုတ်လုပ်သည့် ထွက်ကုန်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရုရှားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားနှင့် ဥမင်ဖောက်လုပ်ရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Mr. Christian LECHERVY အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် Mr. Christian LECHERVY အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီး ဖြစ်သည်။

Mr. Christian LECHERVY ကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ပြင်သစ်နိုင်ငံ၊ လုဗ်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး အသုံးချစီးပွားရေး ဘာသာရပ်ဆိုင်ရာ မဟာဘွဲ့၊ ဆိုဗီယက်နှင့် အရှေ့ဥရောပအဆင့်မြင့်လေ့လာရေးဆိုင်ရာ ဒီပလိုမာ၊ အသုံးချစီးပွားရေးဘာသာရပ် အဆင့်မြင့်လေ့လာရေးဆိုင်ရာ ဒီပလိုမာနှင့် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့များရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ Paris XII တက္ကသိုလ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ မဟာဗျူဟာရေးရာဌာနများတွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

Mr. Christian LECHERVY သည် ၂၀၀၂ ခုနှစ်တွင် ပြင်သစ်သမ္မတနိုင်ငံ၊ ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနအသီးသီး၌ ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း၊ တာ့မင်နစ္စတန်နိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သမ္မတရုံး၌ မဟာဗျူဟာနှင့် အာရှ-ပစိဖိတ်ရေးရာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လမှစ၍ ယနေ့အထိ ပစိဖိတ်အသိုက်အဝန်းဆိုင်ရာ သံအမတ်ကြီး/ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် Knight of the National Order of the Legion of Honour ဆုရရှိခဲ့ပြီး အင်္ဂလိပ်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် အီတလီဘာသာစကားများ တတ်ကျွမ်းသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရုရှားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း အပြန်အလှန် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုတိုးမြှင့်ရေး၊ ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရုရှား-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်း တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Dr. Nikolay Listopadov အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉- ၂၀၂၂)နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉- ၂၀၂၂)နှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ International Foundation for Electoral Systems (IFES) မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၈၁ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)အပေါ် နိုင်ငံရေးပါတီများအနေဖြင့် အကြံပြုဆွေးနွေးနိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယမန်နေ့က အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကိုလည်း ကျင်းပခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခု (၂၀၁၉ - ၂၀၂၂) မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားရှိကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၁၈)ကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ယခုရေးဆွဲထားသည့် မဟာဗျူဟာစီမံကိန်းတွင် အခန်း ၁၁ ခန်းပါဝင်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် ယနေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်အလိုက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများ၊ အခက်အခဲများကိုသုံးသပ်၍ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်တရားမျှတမှုတို့အပေါ် အခြေခံရေးဆွဲထားပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် မရှိမဖြစ်ရှိနေမည်ဖြစ်ပြီး ထိုရွေးကောက်ပွဲများ အောင်မြင်ရန်အတွက် ကော်မရှင်တစ်ခုတည်းဆောင်ရွက်၍ မရကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သူများနှင့် ပြည်သူလူထုကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အားလုံးပါဝင်မှုမြှင့်တင်ရေး၊ မဲစာရင်း မှန်ကန်ရေး၊ ပြည်သူလူထုအသိပညာပေးခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံရေးပါတီများအနေဖြင့် တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ကော်မရှင်၏ မဟာဗျူဟာစီမံကိန်းအပေါ်ကိုလည်း ပိုမိုကောင်းမွန်အောင် သုံးသပ်ဆွေးနွေးအကြံပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် IFES မှCountry Director Mr. Paul Guerin OBE က ဆွေးနွေးပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော နိုင်ငံရေးပါတီများက အဖွဲ့ခွဲခြောက်ဖွဲ့ခွဲ၍ မဟာဗျူဟာစီမံကိန်းအပေါ် အခန်းအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးများ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာနတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်ရေးအတွက် လုပ်ငန်းကော်မတီအသီးသီးက အဆင်သင့် ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ယခင်ကလည်း ဗဟိုကော်မတီအစည်းအဝေးနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအခါတွင် ကြိုတင်ပြင်ဆင်ထားသည်များကို ယခင် ညီလာခံ အစည်းအဝေးအတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားမည်ဟု ယုံကြည်ပါကြောင်း၊ အတွေ့အကြုံများလာသည်နှင့် အမျှ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း ပိုမိုကောင်းမွန်လာပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် မိမိတို့လိုအပ်ချက်များ၊ အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၊ နောက်ဆုံးပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖိတ်ကြားရေး လုပ်ငန်းကော်မတီ၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းကော်မတီ၊ ခန်းမအတွင်း နေရာချထားရေး လုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီတို့က အသီးသီးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃**

တက္ကသိုလ်ပဋိညာဉ်စာတမ်း၊ အဆင့်မြင့်ပညာရေးဥပဒေနှင့် တက္ကသိုလ်များကိုယ်ပိုင်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Awareness Raising Workshop on University Charter, Higher Education Law and Autonomy)ကို ယနေ့နံနက် ၉ နာရီက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၌ကျင်းပရာ ယင်းတက္ကသိုလ်မှ ဆရာ ဆရာမ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရေဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်ပြောသည့် ခေါင်းဆောင်အကြောင်း .....

**ငွေသန်းသျှင်း(သုံးဆယ်)**

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ခေါင်းဆောင်အဖြစ် ကျရာတာဝန်ကို မဆုတ်မနစ်ဆောင်ရွက်ခဲ့သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ခေတ်တွင် စစ်ဝန်ကြီးနှင့် စစ်သေနာပတိအဖြစ်လည်းကောင်း၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းအဖြစ် လည်းကောင်း ခေါင်းဆောင်ကာ လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲခဲ့သည်။

ဗိုလ်ချုပ်သည် နိုင်ငံ့ခေါင်းဆောင်တို့တွင် ရှိရမည့်အရည်အချင်းများအကြောင်းနှင့် တာဝန်များအကြောင်းကို ကောင်းမွန်စွာ သိနားလည်ပြီးဖြစ်ပါသည်။ သူ့မိန့်ခွန်းများတွင်လည်း ခေါင်းဆောင်များ၏ အရည်အချင်းများနှင့် တာဝန်များအကြောင်းတို့ကို အလျဉ်းသင့်သည့်အခါတိုင်း ထည့်သွင်းပြောကြားလေ့ရှိသည်ကို တွေ့ရသည်။

**ခေါင်းဆောင်လုပ်မည့်သူ**

ဖက်ဆစ်ပေးသော ဗမာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည်နေ့တွင် စစ်ဝန်ကြီးအဖြစ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားရာ၌ ခေါင်းဆောင်လုပ်မည့်သူများသည် မိမိကိုယ်မိမိ တန်ဖိုးထားဖို့လိုအပ်ကြောင်း၊ နိုင်ငံလွတ်လပ်ရေးအတွက် စွန့်စားပြီးမလုပ်သည့်သူများသည် မည်သည့်အခါမှ ခေါင်းဆောင်မဖြစ်နိုင်ကြောင်း စသည်ဖြင့် အောက်ပါအတိုင်း မိန့်ခွန်းပြောကြားခဲ့ပါသည်။

"ဘယ်သူဖြစ်ဖြစ် ခေါင်းဆောင်ဖြစ်ချင်ရင် ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အချင်းနဲ့ပြည့်စုံပြီး လက်ရှိခေါင်းဆောင်တွေထက် တိုင်းပြည်ကောင်းအောင် ရှုပ်ရှုပ်ချွံချွံလုပ်ကြပါ။ သူများနာခေါင်းနဲ့ အသက်ရှူပြီး တန်တန်-မတန်တန် ရာထူးမလိုချင်ကြပါနဲ့။ ကိုယ့်တန်ဖိုးကိုထားကြပါ။ အရည်အချင်းလည်းမရှိ၊ ဘယ်သူကမှ အသိအမှတ်ပြုလောက်အောင် စွန့်စားချက်လည်းမရှိ၊ ကြီးကျယ်ချင်တဲ့လူတွေဟာ ဘယ်တော့မှ ခေါင်းဆောင်မဖြစ်နိုင်ဘူး။"

**ခေါင်းဆောင်၏ အရည်အချင်းနှင့် တာဝန်**

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သောအဖွဲ့သည် ဘိလပ်တွင် ဗြိတိသျှအစိုးရအဖွဲ့နှင့် ဗမာပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးကြကာ အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ အဆိုပါကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော် မြူနီစီပယ်အဖွဲ့ဝင်လူကြီးများနှင့် မြို့မိမြို့ဖများက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဂုဏ်ပြုညှော်ခံပွဲတစ်ရပ်ကျင်းပကာ ဂုဏ်ပြုခဲ့ကြသည်။

အဆိုပါ ဂုဏ်ပြုညှော်ခံပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်လုပ်သူတွင် ရှိရမည့် အရည်အချင်းများနှင့် ခေါင်းဆောင်များ၏ တာဝန်များအကြောင်းကို အောက်ပါအတိုင်း မိန့်ခွန်းပြောကြားခဲ့သည်။

"ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး ယောင်ချာချာလုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး၊ ခေါင်းဆောင်လုပ်တဲ့သူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်တဲ့နေရာမယ် စွန့်ရဲရမယ်၊ အချိန်အခါလိုက်ပြီး လုပ်ရမယ်၊ အများယောင်လို့ ယောင်ရတယ်၊ အမောင် တောင်မှန်းမြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူဟာ ဘယ်အခါမှ တခြားလူကိုမယုံဘူး၊ ကိုယ့်တိုင်းသူပြည်သားကိုလည်း မယုံဘူး၊ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်ယုံတယ်၊ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်၊ ဗမာ့လွတ်လပ်ရေးလည်း ယုံကြည်တယ်၊ ဘယ်ကိစ္စမဆို လုပ်ရင်မှားတယ်၊ မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်"

**ခေါင်းဆောင်တို့၏ တာဝန်နှင့် ဝတ္တရားများ**

၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အမျိုးသားကြားဖြတ်အစိုးရက တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲကျင်းပရန် စိုင်းပြင်းနေစဉ် နိုင်ငံရေးလက်ဟောင်းသမားကြီးများသည် ရွေးကောက်ပွဲပျက်စေရန် ခြေပုန်းခုတ်ဆောင်ရွက်လာကြသဖြင့် အဆိုပါ ဆန့်ကျင်ရေးသမားများကို အရေးယူရန်လိုကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလခေါင်းဆောင်ပိုင်းကို အသိပေးသည့်အနေဖြင့် ၁၉၄၇ ခုနှစ် မေ ၅ ရက်က တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းတွင် ခေါင်းဆောင်တို့၏ တာဝန်နှင့်ဝတ္တရားများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

"ယနေ့အထိ ကျွန်တော်တို့တစ်တွေရဲ့လုပ်ပုံကိုင်ပုံတွေဟာ ဘာမှကျေနပ်စရာမရှိသေးဘူး။ မှန်တယ်ထင်တာကို မလုပ်ရဲတာပဲ။ ကိုယ့်စိတ်ထဲက အလုပ်တစ်ခုဟာ ဘယ်လောက်ပင်မှန်တယ်လို့ထင်နေပါစေ၊ ဘယ်သူက ဘယ်လို ထင်မှာလဲ၊ ဘာပြောမလဲဆိုတာတွေကို တွေးပြီး ယုံတာကတစ်မျိုး၊ လုပ်တာကတစ်မျိုး ဖြစ်နေကြပါတယ်။ အဲဒါတွေဟာ ခေါင်းဆောင်လုပ်ရမယ့်လူတွေနဲ့တော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပဲ"

"ရှေးတုန်းက ခေါင်းဆောင်မှုဟာ အစည်းအဝေးတက်တာမှစပြီး ဆုံးဖြတ်ချက်တွေချတာမှာ အဆုံးသတ်တာပဲ။ ယခုခေတ် ခေါင်းဆောင်မှုဟာ ဒါလောက်နဲ့မဖြစ်တော့ဘူး။ ယခုခေတ် ခေါင်းဆောင်မှုဟာ ပြာပုံနဲ့လောင်စာသာကျန်တော့တဲ့ ဘဝဆိုးကြီးမှ ဗမာပြည်ကြီးကို အသစ်ပြန်လည်ထူထောင်နိုင်တဲ့ ခေါင်းဆောင်မှုဖြစ်ရမယ်။ ဒီလောက်ကြီးလေးတဲ့ ခေါင်းဆောင်မှုကြီးကို ကျွန်တော်တို့တစ်တွေ နိုင်နိုင်နင်းနင်းနဲ့ တာဝန်ယူချင်တယ်ဆိုရင် အခုလိုတွေဝေနေလို့ မဖြစ်တော့ဘူး၊ အဲဒီတော့ ကျုပ်တို့ဟာ လူထုခေါင်းဆောင်လုပ်မယ်ဆိုရင် လူထုအကျိုးကို တကယ်တမ်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရပေလိမ့်မယ်။ ချီတုံချတုံအဖြစ်မျိုးကို စွန့်ပစ်ကြရလိမ့်မယ်"

**ခေါင်းဆောင်တို့၏ အရည်အသွေးများ**

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံ့ခေါင်းဆောင်ဖြစ်သည်နှင့်အညီ နိုင်ငံ့ခေါင်းဆောင်တို့တွင် ရှိရမည့်အရည်အသွေးများလည်း ဗိုလ်ချုပ်အောင်ဆန်းတွင် ရှိပေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှု အရည်အသွေးများကား များပြားလှပေသည်။ ဆန္ဒပြင်းပြခြင်း၊ သမာဓိရှိခြင်း၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းရှိခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိခြင်း၊ ခံနိုင်ရည်ရှိခြင်း၊ တရားမျှတမှုရှိခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၊ ပြတ်သားစွာဆောင်ရွက်တတ်ခြင်း၊ ခြိုးခြံချွေတာပြီး ရိုးသားဖြောင့်မတ်ခြင်း စသည့်အရည်အသွေးတို့မှာ ဗိုလ်ချုပ် အောင်ဆန်း၏ ထင်ရှားသော အရည်အသွေးများ ဖြစ်ပါသည်။



**ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားသော အရည်အသွေး**

အဆိုပါ ခေါင်းဆောင် အရည်အသွေး များစွာအနက် ခြိုးခြံချွေတာပြီး ရိုးသားဖြောင့်မတ်သည့် အရည်အသွေးမှာ နောင်လူတို့အမှတ်ရစေသော အရည်အသွေးများအဖြစ် ထင်ရှားလှပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်ကာလအတွင်း ဆင်းရဲချို့တဲ့ စွာ နေထိုင်ခဲ့ရသည်။ ယင်းအတွက် ဗိုလ်ချုပ်အောင်ဆန်းမှာ ခံနိုင်ရည်ရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ သူမတူသည့် ထူးခြားသောအရည်အသွေးဟု ဆိုနိုင်ပါသည်။ သူ့မိန့်ခွန်းတစ်ခုတွင် အဆိုပါခံနိုင်ရည်ရှိသည့် အရည်အသွေးတစ်ရပ်ကို အောက်ပါအတိုင်း တွေ့ရသည်။

"ယခုဝန်ကြီးဖြစ်ရပေမယ့် ကျွန်တော် ဘာမှ ထူးထူးခြားခြားမရှိပါဘူး။ ဂျပန်ခေတ်တစ်ခေတ်လုံးကလည်း စစ်ဝန်ကြီးဆိုပြီး ကျွန်တော့်မှာ အဝတ်နှစ်ထည်၊ သုံးထည်ကလွဲပြီး အပိုမရှိခဲ့ပါဘူး။ ယခုခေတ်ရောက်ပြန်တော့ ဒါတွေကို ဝတ်နေရတာပဲ။ အခုဝတ်နေတဲ့ ဘောင်းဘီနဲ့ အင်္ကျီတောင် ယခုဝန်ကြီးရာထူးကိုယူပြီးမှ မိတ်ဆွေတွေက ကြည့်မကောင်းလို့ အတင်းလာချုပ်ခိုင်းတာနဲ့ ကြံဖန်ပြီးချုပ်လိုက်ရတယ်။ ယခု ဝန်ကြီးအဖြစ်နဲ့ လခဘယ်လောက်ယူမယ်ဆိုတာ ဖဆပလက ဆုံးဖြတ်မပေးသေးဘူး။ ဘယ်လောက်ပဲဆုံးဖြတ်ဆုံးဖြတ် ကျုပ်မှာ စားသောက်ရုံကပိုမှာမဟုတ်ဘူး"

အချုပ်အားဖြင့်ဆိုရလျှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူတို့၏ လေးစားကြည်ညိုခြင်းကို ခံရခြင်းမှာ သူသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် နည်းလမ်းပေါ်လာသည့်အခါတိုင်း နိုင်ငံ့ခေါင်းဆောင်ပီပီ အသက်စွန့်ရမည်ကိုလည်း မကြောက်၊ ကဲ့ရဲ့ရှုတ်ချခံရမည်ကိုလည်း မမှုဘဲ ဟုတ်တိုင်းမှန်ရာကို ရှုပ်ရှုပ်ချွံချွံခေါင်းဆောင်ကာ လုပ်ပြခဲ့သောကြောင့် ပြည်သူလူထု၏ လေးစားကြည်ညိုခြင်းကို ခံနေရခြင်းဖြစ်ပါကြောင်း တင်ပြရင်း (၇၁)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

**"ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး ယောင်ချာချာလုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး၊ ခေါင်းဆောင်လုပ်တဲ့သူတွေဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်၊ ရှင်းပြနိုင်ရမယ်၊ အသက်စွန့်တဲ့နေရာမယ် စွန့်ရဲရမယ်၊ အချိန်အခါလိုက်ပြီး လုပ်ရမယ်၊ အများယောင်လို့ ယောင်ရတယ်၊ အမောင် တောင်မှန်းမြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် မယုံတဲ့လူဟာ ဘယ်အခါမှ တခြားလူကိုမယုံဘူး၊ ကိုယ့်တိုင်းသူပြည်သားကိုလည်း မယုံဘူး၊ ကျွန်တော့်အဖို့ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်ယုံတယ်၊ ခင်ဗျားတို့ကိုလည်း ယုံကြည်တယ်"**

## ငဖဲမြို့နယ်ရှိ ကျေးလက်ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေး

**ငဖဲ ဇူလိုင် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ပထမခြောက်လပတ်ခွင့်ပြုရန်ပုံငွေများဖြင့် ငဖဲမြို့နယ်အတွင်း မြင်သာကျေးရွာနှင့် အောင်ပင်လယ်ကျေးရွာတို့မှ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးဝေရေးလုပ်ငန်းများပြီးစီးသွားပြီဖြစ်၍ လုပ်ငန်းပြီးစီးသည့် အခြေအနေများကို မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်လွင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများအဖွဲ့က ဇူလိုင် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မြင်သာကျေးရွာတွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၅ ဒသမ ၇၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ တွင်းကျယ်လက်ယက်တွင်းမှ ရေစုပ်ယူနိုင်ရေး အင်ဂျင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အောင်ပင်လယ် ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၅ ဒသမ ၆၇ သန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် ဂါလန်၅၀၀၀ ဆံ့အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ တွင်းကျယ်လက်ယက်တွင်းမှ ရေစုပ်ယူနိုင်ရေး အင်ဂျင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း လိုက်လံစစ်ဆေးခဲ့ရာ ငဖဲမြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများအဖွဲ့က လုပ်ငန်းပြီးစီးသည့် အခြေအနေနှင့် ကျေးလက်နေပြည်သူများ ရေရရှိသုံးစွဲနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်နှင့် ရာသီမရွေး ရေလုံလောက်စွာအသုံးပြုနိုင်ရန်အတွက် မြို့နယ်မှ တာဝန်ရှိသူများအနေဖြင့် အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မယ်စဲ့မြို့နယ်၌ အမျိုးသမီးများနေ့အခမ်းအနားကျင်းပ

**မယ်စဲ့ ဇူလိုင် ၃**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကိုယ်စားအဖွဲ့ဝင် ဒေါ်မျိုးမြမြသွင်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် ထိန်းသိမ်းရမည့် အစဉ်အလာကောင်းများအကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်အတွက် ဦးစိုင်းစံသိန်း(သစ်တောဦးစီးဌာန၊ ရွှေကျင်မြို့)မှ လှူဒါန်းသော သုတ၊ ရသစာအုပ်များကို အလှူရှင်ကိုယ်စား ဒေါ်အေးအေးထွန်းကပေးအပ်လှူဒါန်းကာ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကိုလည်း ကျင်းပခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

# နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော် ကံ့ကော်ပန်းဝိုင်းအနီးတွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ပါရမီဖြည့်ဖက် ညီအစ်မများအဖွဲ့က စေတီတော် တည်ဆောက်ရေးအတွက်အလှူတော်ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူခဲ့ပြီး **(ယာပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

တည်ဆောက်သွားလျှင် ပိုမိုလွယ်ကူနိုင်မည်ဟု ယူဆကြောင်း၊ ပဋိပက္ခကိစ္စများဖြေရှင်းရာတွင် JMC အဆင့်ဆင့်တွင်ရှိသော ကော်မတီဝင်များအနေဖြင့် ပုံမှန်အစည်းအဝေးများတွင် တွေ့ဆုံညှိနှိုင်းဖြေရှင်းဆောင်ရွက်သကဲ့သို့ အလားတူ အောက်ခြေတပ်မှူးအချင်းချင်း ခင်မင်ရင်းနှီးမှုရရှိရန်တွေ့ဆုံမှုများကို အစည်းအဝေးပြီးတိုင်း ပြုလုပ်သွားရန်လိုကြောင်း၊ သို့မှသာ ပုဂ္ဂိုလ်ရေးရင်းနှီးမှုမှ အခြေခံကာ ပဋိပက္ခများလျော့နည်းအောင် ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကြားကာလအတွင်း ဆောင်ရွက်ရန်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် JMC မှ ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့၏ အစီအမံကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လိုအပ်သလို ငြိမ်းချမ်းရေး၏အသီးအပွင့်ကို ဒေသခံပြည်သူများခံစားစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏နေရာအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံရောယှက်ကာ နေထိုင်နေကြသည့်အတွက် JMC ၏ လုပ်ဆောင်မှုများသည် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနှင့် ၎င်းတို့၏ ဘဝမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ဒေသခံပြည်သူများ နားလည်နိုင်စေရန် JMC ကော်မတီဝင်အသီးသီးမှ ဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ JMC ၏ ရည်ရွယ်ချက်သည် နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပေးရန် ဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းအောင်အလေးအနက်ထား ဆောင်ရွက်သွားရန် လိုကြောင်း။

## ယုံကြည်မှု တည်ဆောက်

လက်နက်ကိုင်လမ်းစဉ်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန်ရရှိမည်မဟုတ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားလျက်ရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် NCA သည် ငြိမ်းချမ်းရေးအတွက် တစ်ခုတည်းသော မဟာဗျူဟာဖြစ်သကဲ့သို့ NCA တွင်ပါဝင်သော ကတိကဝတ်များကိုလိုက်နာစောင့်ထိန်းရန်လိုကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်းရှိရန်လိုအပ်ကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု နည်းလမ်းများဖြင့် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု တည်ဆောက်သွားရန်လိုကြောင်း။

တပ်မတော်အနေဖြင့် လက်ရှိအစိုးရကာလတွင် ခိုင်မြဲသောထာဝရငြိမ်းချမ်းရေးကို ရရှိလိုသည့် ဆန္ဒရှိကြောင်း၊ တပ်မတော်အပြင် တပ်မတော်အကြီးအကဲအနေဖြင့်လည်း ထိုနည်းအတိုင်းဆန္ဒရှိကြောင်း၊ JMC အဆင့်ဆင့်၏ ကော်မတီဝင်များအနေဖြင့် JMC လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စသည့် ဒို့တာဝန်အရေးသုံးပါးကို ရှေးရှုပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် JMC ဆိုင်ရာပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိတိကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ JMC-U ဒုတိယ ဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက JMC ၏ စုဖွဲ့မှုသည် မတူညီသော အစုအဖွဲ့သုံးဖွဲ့ပါဝင်နေသည့်အတွက် မတူညီသော နောက်ခံသမိုင်း၊ မတူညီသောအမြင်၊ ကွဲပြားသော စဉ်းစားမှုနှင့်ဆောင်ရွက်မှုများတွင် ကွာဟမှုများရှိနေသည်မှာ



JMC-U ၏ (၁၇) ကြိမ်မြောက်အစည်းအဝေးကျင်းပစဉ်။

မလွဲကေန်ဖြစ်ကြောင်း၊ ယင်းသို့ ကွဲပြားခြားနားနေမှုကို တစ်ခုတည်းသောနည်းလမ်းဖြစ်သည့် ညှိနှိုင်းဖြေရှင်းခြင်းဖြင့် အနီးစပ်ဆုံး သဘောတူညီချက်မှတစ်ဆင့် တိုးတက်ကာ JMC အကောင်အထည်ဖော်မှုများတွင် သဟဇာတကျသော အခင်းအကျင်းတစ်ခုကို ဖန်တီးနိုင်ရန်လိုအပ်ကြောင်း၊ NCA ပါအချက်များကို အာမခံအကောင်အထည်ဖော်ရင်း လက်နက်ကိုင်အဖွဲ့အစည်းများအကြားတွင် ယုံကြည်မှု တည်ဆောက်ခြင်းသည် အဓိကနေရာတွင်ပါဝင်နေကြောင်း။

## အခက်အခဲအားလုံးကို ကျော်လွှား

လက်နက်ကိုင်ပဋိပက္ခများ ကြာမြင့်လာသည်နှင့်အမျှ ခါးသီးသောအတွေ့အကြုံဖြတ်သန်းမှုများကြောင့် တိုတောင်းသေးသောမြန်မာပြည်၏ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း သံသယစိတ်နှင့်စိုးရိမ်စိတ်များရှိနေကြသည်ကို ယုံမှားစရာမရှိကြောင်း၊ အချို့ဒေသများတွင် ယုံကြည်မှုအဆင့်သည် အလွန်နိမ့်ကျနေသေးကြောင်း၊ ယင်းကြောင့် JMC အကောင်အထည်ဖော်မှုများတွင်ယုံကြည်မှုပျက်ပြားစေနိုင်သော အပြုအမူများကိုရှောင်ရှားစေလိုကြောင်း၊ လက်နက်ကိုင်နှစ်ဖက်အကြား စိုးရိမ်ပူပန်မှုများကိုလျှော့ချနိုင်ပြီး ယုံကြည်မှုများကိုမြှင့်တင်နိုင်စေသည့် နည်းသစ်လမ်းသစ်များကို ညှိနှိုင်းရှာဖွေအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အာဃာတတရားများကို ဖယ်ရှားပြီး မြန်မာပြည်၏ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်တွင် စိတ်ရင်းစေတနာအမှန်ဖြင့် မိမိကျရာတာဝန်ကို အကောင်အထည်ဖော်ခြင်းဖြင့် တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲအားလုံးကို ကျော်လွှားနိုင်မည်ဟုယုံကြည်ကြောင်း၊ စိတ်ရှည်သည်းခံကြရန်လည်း လိုကြောင်း။

တပ်မတော်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအတွင်း JMC အကောင်အထည်ဖော်မှုတွင် အထောက်အကူဖြစ်စေမည့် JMC ဆိုင်ရာ အရည်အသွေးမြှင့်တင်မှုနှင့်နည်းပညာဆိုင်ရာလိုအပ်သော အထောက်အကူပြုမှုများကို ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်များ ထံမှတစ်ဆင့် ဆက်လက်ရယူရန်လိုအပ်ကြောင်း၊ JMC တွင် အရပ်သားပါဝင်မှုကိုလိုအပ်လျှင် ထပ်မံဖြည့်စွက်ရန်လိုကြောင်း၊ ပဋိပက္ခ ဖြစ်ပွားလျှင် တိုက်ရိုက်ခံစားရသည်မှာ ဒေသခံအရပ်သားများဖြစ်သည့်အတွက် ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းသွားရန်လိုအပ်ကြောင်း၊ ပဋိပက္ခဖြစ်စဉ်တွင် ကိုယ်တိုင်ထိတွေ့ခံစားရသော အရပ်သားများအနေဖြင့် JMC တွင် ပါဝင်လာနိုင်သည့်အတွက် JMC ကို ပြည်သူလူထုမှ ယုံကြည်မှုပိုမို ရရှိစေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုများအကြား ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများကြောင့် နှစ်ဖက်လုံး၏ထိခိုက်သေကျေမှုသည် တိုင်းပြည်အတွက်နစ်နာမှုနှင့်အနုတ်လက္ခဏာဆောင်နေကြောင်း၊ ထို့ကြောင့် အနာဂတ်တွင်စစ်မှန်သော ပြည်ထောင်စုတည်ဆောက်ရေးတွင် တိုင်းပြည်ကို ကာကွယ်ရာ၌ လိုအပ်သောအင်အားများကို မဆုံးရှုံးစေရန် သက်ဆိုင်ရာ ခေါင်းဆောင်များအနေဖြင့် စဉ်းစားပေးစေလိုကြောင်း ပြောကြားသည်။

## ပွင့်လင်းစွာဆွေးနွေးသွားရန်လို

ယင်းနောက် အရပ်သားကိုယ်စားလှယ် JMC-U ဒုတိယ ဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်က အရပ်သား ကိုယ်စားလှယ် ကော်မတီဝင်များသည် NCA စာချုပ်၏ မူလပိုင်ရှင်များ မဟုတ်သော်လည်း NCA စာချုပ်အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ကျင့်ဝတ်စည်းကမ်းများ လိုက်နာမှုကိုစောင့်ကြည့်ရေး၊ ချိုးဖောက်မှုကို စုံစမ်းစစ်ဆေးရေးနှင့် ပဋိပက္ခများကို ဖြေရှင်းရေးတွင် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်များဖြင့် မိမိတို့အရပ်သားကိုယ်စားလှယ်များ ဆက်လက်ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုမျှော်မှန်းပြီး စိတ်ရှည်သည်းခံကာ လေးစားယုံကြည်မှုများနှင့်အတူ ဂုဏ်သိက္ခာရှိရှိ ရင်းနှီးပွင့်လင်းစွာဆွေးနွေးသွားရန် လိုအပ်ကြောင်း၊ ထိတွေ့ပစ်ခတ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် အပြစ်ရှာရန်အခြေခံမဟုတ်ဘဲ နောင်တွင်အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားစေရန် ဆွေးနွေးကြရန်လိုကြောင်း၊ ယခုဆောင်ရွက်နေသော JMC လုပ်ငန်းများတွင် ပြည်သူလူထုနားလည်ပြီး ပူးပေါင်းပါဝင်လာစေရန် အသိပညာပေးနည်းလမ်းအသစ်များ ရှာဖွေဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် JMC-U ၏ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် အစည်းအဝေးကြားကာလအတွင်းတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာအကောင်အထည်ဖော်မှုများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) နှင့် ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်( NCA) တွင် ဝိဝါဒကွဲပြားနေသောဝေါဟာရအချို့ကို JMC တစ်ခုအတွင်း၌ပင် ပဋိပက္ခဖြေရှင်းနိုင်ရန် အဓိပ္ပာယ် ဖွင့်ဆိုချက်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

## အကောင်အထည်ဖော်မှုများ ဆွေးနွေးသွားမည်

အလားတူ JMC ၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေအသုံးစရိတ် ရရှိထားမှုနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ဒေသခံအရပ်သားစောင့်ကြည့်သူ(LCM)နှင့်ပတ်သက်၍ အကောင်အထည်ဖော်မှုအခြေအနေများ၊ တရုတ်နိုင်ငံမှ Volvo မော်တော်ယာဉ် ၁၀ စီး လှူဒါန်းခြင်းနှင့် ခွဲဝေသုံးစွဲမှု အခြေအနေများနှင့် ကုလသမဂ္ဂမှ နည်းပညာဆိုင်ရာလိုအပ်ချက်များဆန်းစစ်ခြင်း(Technical Need Assessment - TNA)ကိစ္စများဆွေးနွေးခြင်း၊ နော်ဝေ၊ နီပေါ၊ တရုတ်နိုင်ငံများသို့ ငြိမ်းချမ်းရေးဆိုင်ရာလေ့လာရေးခရီးစဉ်ကိစ္စရပ်များ ဆွေးနွေးခြင်း၊ စတုတ္ထအကြိမ် JMC အဆင့်ဆင့်တွင် ပါဝင်သောအရပ်သားကိုယ်စားလှယ်များတွေ့ဆုံပွဲကို ဖာပွန်မြို့တွင် ကျင်းပနိုင်ရေးကိစ္စများ၊ JMC မှချ မှတ်ထားသော လုပ်ထုံးလုပ်နည်း(SOP) နှင့် လုပ်ငန်းလမ်းညွှန်(TOR) အကောင်အထည်ဖော်မှုများအား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ တပ်မတော်သားကိုယ်စားလှယ်များဖြစ်သော ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ငြိမ်း)၊ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးနှင့် တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့မှခေါင်းဆောင်များ၊ JMC-U ဒုတိယ ဥက္ကဋ္ဌ (၂) ဦးစိုင်းမျိုးသန့်နှင့် အရပ်သားကိုယ်စားလှယ်များ၊ JMC-S နှင့် JMC-L တို့မှ ကော်မတီဝင်များ၊ နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် JMC-U ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အရ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်သားကိုယ်စားလှယ်များသည် ပိုမိုရင်းနှီးမှုရရှိစေရန် မတူညီသော အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ရောနှောစုစည်းကာ နေရာချထား၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ပြုလုပ်ခြင်းမှာ JMC အနေဖြင့် အပစ်အခတ်ရပ်စဲနိုင်စေရန်၊ ရင်းနှီးမှု၊ ယုံကြည်မှု ပိုမိုရရှိစေရန် နည်းမျိုးစုံဖြင့် မတူညီသော အဖွဲ့အစည်းများအကြား ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယနေ့အစည်းအဝေးမှ သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

❒ *ကျောဖုံးမှ*

ယင်းကမ်းခြေနေရာတွင်လည်း ပိတ်မိနေသည့် လူငယ် ၁၃ ဦးကိုမတွေ့ရှိရသဖြင့် ရှေ့သို့ မီတာ ၄၀၀ အကွာထိ သွားရောက်မှသာ လိုဏ်ဂူအတွင်း ပိတ်မိနေသည့် လူငယ် ၁၃ ဦးစလုံးကို အသက်ရှင်လျက်တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ တစ်ဖက်က သိပ္ပံနည်းကျ ရှာဖွေမှုများ ပြုလုပ်မှုနည်းတူ တစ်ဖက်ကလည်း လောကီနည်းအရ ဆုတောင်း မေတ္တာပို့မှုများနှင့် တိုင်တည်မှုများလည်း ပြုလုပ်ကြသည်။ ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တာချီလိတ်မြို့နယ်မှ မိုင်းဖုန်းဆရာတော် အဂ္ဂ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဉာဏသံဝရက ကြွရောက်ကာ လူငယ် ၁၃ ဦးအား ဘေးအန္တရာယ်ကင်းရှင်းရေး ဆုတောင်းမေတ္တာများ ပို့သပေးခဲ့ပြီး ပိတ်မိနေသူများကို တစ်ရက် (သို့မဟုတ်) နှစ်ရက်အတွင်း အသက်ရှင်လျက် ပြန်လည်တွေ့ရှိမည်ဟု မိန့်ကြားခဲ့သည်။

အဆိုပါ ထမ်လုံခွန်နမ့်လိုဏ်ဂူသည် အရှည် ၁၀ ကီလိုမီတာရှိပြီး မြန်မာနိုင်ငံမှ နှစ်မိုင်ခန့်အကွာတွင် တည်ရှိကာ ထိုင်းနိုင်ငံ၏ အရှည်ဆုံးလိုဏ်ဂူနှင့် မိုးတွင်းကာလအတွင်း လိုဏ်ဂူအတွင်းမဝင်ရန် တာဝန်ရှိသူများက တားမြစ်ထားသည့် လိုဏ်ဂူဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများကဏ္ဍ ပိုမိုတိုးတက်ရေး ၂၀၁၃-၂၀၂၂ စီမံကိန်းများ ချမှတ်ဆောင်ရွက်

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်ကြသူများ၏ အမျိုးသမီး အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။


ဒေါ်လုဝတီ


ဒေါ်ထားထား


ဒေါက်တာစန်းစန်းအေး


ဦးသန့်စင်ထွန်း

**ဒေါ်လုဝတီ(ဥက္ကဋ္ဌ)**
**မြန်မာအမျိုးသမီးစီးပွားရေး**
**စွမ်းဆောင်ရှင်များအသင်း**

ကျွန်မတို့အသင်းရဲ့ ရည်ရွယ်ချက်ထဲမှာ မြန်မာအမျိုးသမီးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ဖို့ဆိုတာ ပါပါတယ်။ ဒါကြောင့်မို့ စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်နေတဲ့ အမျိုးသမီးတွေကအစ ကျေးလက်ဒေသတွေမှာရှိတဲ့ အမျိုးသမီးတွေအဆုံး သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုပြီးအောင်မြင်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်။ ထက်မြက်တယ်ဆိုတဲ့နေရာမှာ အမျိုးသားက ပိုထက်မြက်တယ်ဆိုတာ ရှိနိုင်သလို၊ အမျိုးသမီးတွေက ပိုထက်မြက်တာလည်း ရှိပါတယ်။ ပိုပြီးတော်တဲ့သူက ခေါင်းဆောင်နေရာကို ရောက်ရှိမှာဖြစ်ပါတယ်။ အမျိုးသမီးရယ်၊ အမျိုးသားရယ် ခွဲခြားပြောလို့မရပါဘူး။

ကျွန်မတို့နိုင်ငံမှာလည်း အရင်ကထက်စာရင် အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို အလေးထားဦးစားပေးလာတယ်။ ကဏ္ဍအသီးသီးကနေ ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးကဏ္ဍမှာလည်း အမျိုးသမီးတွေရဲ့အခန်းကဏ္ဍကို ပိုပြီးဆောင်ရွက်လာကြတယ်။ ပိုပြီးဆောင်ရွက်ဖို့ အခွင့်အရေးတွေလည်း ရလာကြတယ်။ လက်ရှိအတိုင်းအတာမှာ အမျိုးသမီးတွေဟာ အမျိုးသားတွေနဲ့ ရင်ပေါင်တန်း ဆောင်ရွက်လာကြပြီ။ တချို့နေရာတွေမှာဆိုရင် အမျိုးသားတွေထက် အမျိုးသမီးတွေက ပိုပြီးဦးဆောင်ဆောင်ရွက်နေတာကို တွေ့လာရပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှာ ကျွန်မတို့ အသင်းလည်း ပါဝင်ပါတယ်။ ပြီးတော့ ဒီနေ့လို အခမ်းအနားမျိုးကိုလည်း မျှော်လင့်တယ်။ ပြခန်းမှာလည်း ကျွန်မတို့အသင်းက လုပ်ဆောင်နေတဲ့ ထုတ်ကုန်အချို့ကို ပါဝင်ပြသထားပါတယ်။

ကျွန်မတို့အသင်းမှာ ပါဝင်တဲ့ အမျိုးသမီးစီးပွားရေးလုပ်ငန်းတွေက အများကြီးရှိပါတယ်။ အခုဆိုရင် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် ၁၆၀၀ လောက်ရှိနေပြီ။ ဒီစီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ငန်းနေရာတွေမှာ အမျိုးသမီးတွေကို ဦးစားပေးခန့်ပေးဖို့ အချင်းချင်း တိုက်တွန်းနှိုးဆော်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နိုင်ငံမှာ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေက ပိုများတယ်။ ဒါကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကနေ ကူညီပံ့ပိုးပေးနိုင်အောင်ပါ။ လက်ရှိမှာ ကျွန်မတို့ နိုင်ငံက အမျိုးသမီးတွေဟာ SME လုပ်ငန်းတွေနဲ့ ပိုပြီး အလုပ်ဖြစ်ကြတယ်။

**ဒေါ်ထားထား(ဒါရိုက်တာ)**
**Akhaya Women Myanmar**

ကျွန်မတို့အဖွဲ့အနေနဲ့ အမျိုးသမီးတွေ အကြမ်းဖက်ခံရတာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ အကြမ်းဖက်မှုကာကွယ်တားဆီးရေးနဲ့ ပတ်သက်တာတွေကို အသိပညာပေးတာ၊ ကူညီဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေးပါတယ်။ ရင်ခွင်မဲ့ကလေးလျှော့ချရေးနဲ့ ပတ်သက်လို့လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်။ ကျွန်မတို့အဖွဲ့အနေနဲ့လည်း အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေတာလည်းရှိပါတယ်။ ကျွန်မတို့ အသင်းတည်ထောင်စမှာ အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ Case တွေအတွက် ကူညီပေးဖို့ လိုအပ်တဲ့ လူအင်အား၊ နည်းပညာနဲ့ ငွေကြေးမပြည့်စုံဘူး။ ဒါပေမယ့် ကျွန်မတို့ဟာ ကူညီပေးချင်တဲ့စိတ်နဲ့ အမျိုးသမီးတွေအတွက် ဘယ်လိုကူညီပေးရင် ရမလဲဆိုတာမျိုးနဲ့ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးတယ်။

အခုဆိုရင် ကျွန်မတို့အဖွဲ့အနေနဲ့ နည်းပညာတွေနဲ့ အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ Case တွေကို မှတ်တမ်းတင်နိုင်ပြီ။ အမျိုးသမီးတွေအတွက် လှုပ်ရှားဆောင်ရွက်နေတဲ့ အခြားအဖွဲ့တွေကိုလည်း နည်းပညာတွေ မျှဝေနိုင်ပြီ။ ကျွန်မတို့အဖွဲ့တွေအနေနဲ့ ကျွန်မတို့ရဲ့အမျိုးသမီးတွေနဲ့ သက်ဆိုင်တဲ့ အသိပညာပေး သင်ရိုးညွှန်းတမ်းတွေကို ကျန်းမာရေးဝန်ထမ်းတွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန စတဲ့ဌာနဆိုင်ရာက ဝန်ထမ်းတွေကိုလည်း မျှဝေပေးပါတယ်။ ဒီအတွက် အလုပ်ရုံ ဆွေးနွေးပွဲတွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ တခြားပြည်တွင်း အဖွဲ့အစည်းတွေကိုလည်း နည်းပညာတွေ မျှဝေပေးပါတယ်။

အမျိုးသမီးတွေကို ခွဲခြားနှိမ့်ချထားတဲ့ ဥပဒေတွေမရှိဘူးဆိုပေမယ့် အမျိုးသမီးအခန်းကဏ္ဍမြှင့်တင်ရေးအတွက် ဟိုးအရင်က ရေးဆွဲထားတဲ့ ဥပဒေတွေက အခုခေတ်နဲ့ မကိုက်ညီတာမျိုး ရှိပါတယ်။ ဒါတွေကို ပြင်ဆင်ရမယ်။ ပြီးတော့ အမျိုးသမီးဆိုရင် အားနည်းတယ်၊ နိမ့်ကျတယ်လို့ထင်တဲ့ အယူအဆတွေလည်း ရှိနေသေးတယ်။ ဒါတွေကိုလည်း ပြောင်းရမယ်။ ဒီနေ့ဆွေးနွေးပွဲမှာလည်း ကျွန်မအနေနဲ့ အမျိုးသမီးတွေဟာ တခြားသူတွေကို မှီခိုတဲ့ မှီခိုမဟုတ်ဘူး။ အိမ်သူအိမ်သားတွေကသာ အမျိုးသမီးတွေကို မှီခိုနေတဲ့ အကြောင်းကို Positive Way နဲ့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

**ဒေါက်တာစန်းစန်းအေး (ညွှန်ကြားရေးမှူးချုပ်)**
**လူမှုဝန်ထမ်းဦးစီးဌာန**

မြန်မာအမျိုးသမီးများနေ့ ကျင်းပရတဲ့ အကြောင်းရင်းကို အရင်ဆုံးအနေနဲ့ ပြည်သူလူထုသိအောင်ပြောချင်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ နိုင်ငံပေါင်း ၁၈၉ နိုင်ငံက အမျိုးသမီးတွေ တက်ရောက်တဲ့ အမျိုးသမီးညီလာခံကနေ ဆုံးဖြတ်ချက်နှစ်ခု ချမှတ်နိုင်ခဲ့ပါတယ်။ ပထမတစ်ချက် နိုင်ငံတော်အဆင့် အမျိုးသမီးအရေးကို ဆောင်ရွက်မယ့် ယန္တရားတစ်ရပ် ပေါ်ပေါက်လာဖို့ အမျိုးသမီး ကော်မတီပဲဖြစ်ဖြစ်၊ အမျိုးသမီးအဖွဲ့တွေပဲဖြစ်ဖြစ် နိုင်ငံတော်အဆင့် ပေါ်ပေါက်လာဖို့အတွက် ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒုတိယဆုံးဖြတ်ချက်က အမျိုးသမီးတွေဘဝဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရမယ်ဆိုပြီး ဆုံးဖြတ်ချက်နှစ်ခုကို ချမှတ်ခဲ့တယ်။ ဆုံးဖြတ်ချက်နှစ်ရပ်နဲ့အညီ ကျွန်မတို့ မြန်မာနိုင်ငံမှာ ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ ကော်မတီတစ်ခုကို နိုင်ငံတော်အဆင့် ယန္တရားတစ်ရပ်အနေနဲ့ တည်ထောင်နိုင်ခဲ့တယ်။ ဒီလိုစတင်ဖွဲ့စည်းမှု အထိမ်းအမှတ်အနေနဲ့ မြန်မာအမျိုးသမီးများနေ့ဆိုပြီး ကျင်းပတာဖြစ်ပါတယ်။

နိုင်ငံတော်အဆင့် ယန္တရားမှာ ဥက္ကဋ္ဌအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ဥက္ကဋ္ဌ အနေနဲ့ ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီထဲမှာ ဘယ်သူတွေပါဝင်သလဲဆိုရင် အမျိုးသမီးအရေးကို တက်ကြွစွာဆောင်ရွက်နေတဲ့ လူမှုအဖွဲ့အစည်းတွေ၊ မြေပြင်မှာ လက်တွေ့ဆောင်ရွက်နေတဲ့ ကွန်ရက်တွေပါဝင်တယ်။

ပေကျင်းညီလာခံမှာ ချမှတ်ခဲ့တဲ့ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ငန်းအစီအစဉ်တွေ ချမှတ်ရမယ်ဆိုပြီး ကျွန်မတို့ နိုင်ငံကလည်း ၂၀၁၃ ခုနှစ်၊ ၂၀၂၂ ခုနှစ်ဆိုပြီး ဆယ်နှစ်တာ စီမံကိန်းနဲ့ ကျွန်မတို့ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်တွေချမှတ်တယ်။ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ယခုအစိုးရသက်တမ်းကာလက ဒုတိယသက်တမ်းကာလ ဖြစ်ပါတယ်။ ဒုတိယသက်တမ်းကာလ ငါးနှစ်အတွင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့ဦးဆောင်မှုနဲ့ မူဝါဒပိုင်းဆိုင်ရာတွေ၊ ဆုံးဖြတ်ချက်ပေးမှုဆိုင်ရာတွေ ဆောင်ရွက်ပေးပါတယ်။ ဒီနှစ်ထူးခြားမှုက ရင်ခွင်မဲ့ကလေး လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးအသင်းဆိုပြီး ပေါ်ပေါက်လာပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လှုပ်ရှားဆောင်ရွက်နေပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရဲ့အောက်မှာ စွန့်ပစ်ကလေးတွေအတွက် ကလေးပြုစုရေးဌာန ခုနစ်ခု ဖွင့်လှစ်ဆောင်ရွက်နေတယ်။ ကလေးသူငယ်ဆိုင်ရာ ဥပဒေလည်း လွှတ်တော်မှာ ရောက်ရှိနေပါပြီ။ ကလေးသူငယ်တွေမှာ ရှင်သန်ခွင့်ရှိရမယ်။ ကာကွယ်စောင့်ရှောက်ပိုင်ခွင့်ရှိရမယ်။ ကြီးထွားဖွံ့ဖြိုးခွင့်ရှိရမယ်။ ပါဝင်ခွင့်ရှိရမယ်ဆိုတဲ့ အခွင့်အရေး လေးရပ်ရှိပါတယ်။ ကလေးသူငယ်တွေ ဒီလိုအခွင့်အရေးရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။

အမျိုးသမီးအရေးတွေ ဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့အောက်မှာ လုပ်ငန်းကော်မတီတွေ ဖွဲ့စည်းထားတယ်။ လုပ်ငန်းကော်မတီကို အထောက်အကူပြုပေးမယ့် နည်းပညာအထောက်အကူပြုအဖွဲ့ လေးရပ် ဖွဲ့စည်းဆောင်ရွက်နေပါတယ်။

**ဦးသန့်စင်ထွန်း (ရုံးအဖွဲ့မှူး)**
**မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း**

ကျွန်တော်တို့အဖွဲ့အနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးနဲ့ ကလေးတွေရဲ့ဘဝ မြှင့်တင်ရေးကို ဆောင်ရွက်ပေးနေပါတယ်။ ဘုန်းတော်ကြီးစာသင်ကျောင်းနဲ့ သွားလာမှုခက်ခဲတဲ့ဒေသတွေက ရွာတွေအတွက် ကျေးလက်မီးလင်းရေးဆိုပြီး Solar နဲ့ မီးလင်းရေးကို ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ခုနစ်ခုအတွက် ဆောင်ရွက်ပြီးပါပြီ။ ပြီးတော့ အဲဒီဒေသက အမျိုးသမီးတွေကို အိန္ဒိယနိုင်ငံကို သင်တန်းလွှတ်ပြီး သင်တန်းဆင်းလာရင် အဲဒီဒေသအတွက် မီးလင်းရေး ပြန်လုပ်ပေးနေတာလည်း ရှိပါတယ်။

ပြီးတော့ ကလေးတွေအတွက်ဆိုရင် သွားရေးလာရေး ခက်ခဲတဲ့ ကျေးလက်ဒေသတွေမှာ မူကြိုကျောင်းတွေ၊ စာသင်ကျောင်းတွေကို ဆောက်ပေးပါတယ်။ ဘုန်းတော်ကြီးသင်စာသင်ကျောင်းတွေမှာဆိုရင် အမျိုးသမီးအိပ်ဆောင်တွေကို အဓိကကူညီဆောက်လုပ်ပေးနေတာ ရှိပါတယ်။ အမျိုးသမီးတွေအတွက် ဝင်ငွေရလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ကရင်ပြည်နယ် ထော့ကော်ကိုးဒေသမှာရှိတဲ့ အမျိုးသမီးတွေအတွက်ဆိုရင် ဝင်ငွေတိုးလုပ်ငန်းအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်ပေးပါတယ်။ ပြီးတော့ လာမယ့်နှစ်မှာဆိုရင်လည်း ကျေးလက်ဒေသက အမျိုးသမီးတွေကို အိန္ဒိယနိုင်ငံက Solar သင်တန်းတွေ တက်ရောက်ဖို့ စေလွှတ်သွားမှာဖြစ်ပါတယ်။

**ရှင်မင်း၊ မွှေးကြူ**
**ဓာတ်ပုံ-ကျော်ရဲဆွေ**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၃) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၃)ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁-၇-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၃)တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ၊ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက် ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## အိမ်မဲ၌ အမျိုးသမီးများဘဝမြင့်မားရေး ဆွေးနွေး

**အိမ်မဲ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ Women Club အဖွဲ့မှ အမျိုးသမီးများဘဝ မြင့်မားရေးဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဧှေးဧှေးလှိုင်က ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် Women Club ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်စန်းက အမျိုးသမီးများဘဝ မြင့်မားစေရန် အသိပညာပေးဆွေးနွေးခဲ့ပြီး Women Club အဖွဲ့ဝင်များက အမျိုးသမီးများဘဝ မြင့်မားရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ယခုလိုဆွေးနွေးပွဲများ၊ စာဖတ်ဝိုင်းများကို လစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

**မုတ်သုံလေ အားကောင်း**

**နေပြည်တော် ဇူလိုင် ၃** - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။
**မြန်မာ့အလင်း**

# ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းအာမခံမှုဖြင့် အီးယူသို့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည့် မှတ်ပုံတင်စနစ်သစ်စတင်

**သတင်းဆောင်းပါး-ခင်ရတနာ**



**အီးယူအဝယ်တော်များ မြန်မာနိုင်ငံမှ တင်ပို့မည့် ချည်ထည်များအား လာရောက်ကြည့်ရှုစစ်ဆေးစဉ်။** ဓာတ်ပုံ-အီးယူ၊ အဲလက်စ်

**လက်နက်ခဲယမ်းမှလွဲလျှင် ကျန်ထုတ်ကုန်ပစ္စည်းများအားလုံးကို မြန်မာနိုင်ငံက ဥရောပဈေးကွက်သို့ အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်အရ အကောက်ခွန်လွတ်၊ ကိုတာလွတ်ဝင်ရောက်နိုင်ခွင့်ရရှိထားသည်။ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ဥရောပသမဂ္ဂသို့ ကုန်စည်များတင်ပို့သည့် နိုင်ငံတစ်ခုဖြစ်ပြီး ယခုအခါ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ်သစ်ဖြင့် ဇူလိုင် ၁ ရက်မှစတင်ကာ တင်ပို့နိုင် ကြပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။**

"အရင်က အီးယူရဲ့ သတ်မှတ်တဲ့စည်းကမ်းနဲ့ ကိုက်ညီရင် အကောက်ခွန်သက်သာခွင့်၊ ကင်းလွတ်ခွင့်တွေကို ရနိုင်ပေမယ့် အဲဒီလိုရဖို့ အထောက်အထားကို ဝန်ကြီးဌာနက Copy GSP Form A ကို စိစစ်ထုတ်ပေးရပါတယ်။ ၂၀၁၇ ခုနှစ်မှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေနဲ့ နော်ဝေ၊ ဆွစ်ဇာလန်နဲ့ တူရကီနိုင်ငံတွေရဲ့ Generalized System of Preferences (GSP) အစီအစဉ်အရ ပို့ကုန်တင်ပို့သူ မှတ်ပုံတင်စနစ် (Registered Exporter System) ကို စတင်ခဲ့ပြီး ကျွန်မတို့နိုင်ငံကလည်း ဒီစနစ်ကို စတင်ကျင့်သုံးတော့မှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရှင်စောသုက ပြောကြားသည်။

**ပိုမိုလွယ်ကူစွာတင်ပို့နိုင်**

အထူးအကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသည့် နိုင်ငံများကို ယခင်ကျင့်သုံးသည့်စနစ်အရ ပို့ကုန်တင်ပို့သူများသည် ကုန်တန်ဖိုး ယူရို ၆၀၀၀ ထက်ကျော်လွန်ပါက ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ပုံစံအေ လိုအပ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စစ်ဆေးထုတ်ပေးခြင်းဖြစ်သည်။ နောက်ပိုင်းတွင် မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူများသည် ပင်ရင်းထုတ်ကုန်ကြေညာချက် ကိုယ်တိုင်ဖြည့်သွင်းခြင်းဖြင့် ကိုယ်တိုင်သက်သေခံရသည့်စနစ်သို့ ကူးပြောင်းခြင်းဖြစ်သည်။ စနစ်သစ်ကြောင့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ရရှိမှုအတွက် လုပ်ထုံးလုပ်နည်းများ လျှော့ချပေးခြင်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက ပို့ကုန်များ ပိုမိုလွယ်ကူစွာ အီးယူသို့ တင်ပို့နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂမှ သိရသည်။

"စနစ်သစ်နဲ့ တင်ပို့မယ့် ကုမ္ပဏီခြောက်ခု ပြင်ဆင်နေတာရှိပါတယ်။ ဝန်ကြီးဌာနက စိစစ်ပေးနေပါတယ်။ မကြာမီတင်ပို့နိုင်ပါတော့မယ်။ မှတ်ပုံတင်ထားတာမရှိသေးတဲ့ ပို့ကုန်လုပ်ငန်းရှင်တွေကတော့ ပုံစံအေကို အသုံးပြုနိုင်ပြီး မှတ်ပုံတင်ထားတဲ့ လုပ်ငန်းရှင်တွေကတော့ ပင်ရင်းထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်ကို ကိုယ်တိုင်ဖြည့်သွင်းရမှာပါ။ အီးယူနဲ့ ဆက်စပ်နိုင်ငံတွေကို ယူရို ၆၀၀၀ ထက်နည်းတဲ့ ပို့ကုန်တွေအတွက်ဆိုရင် ပင်ရင်းထုတ်ကုန်ဆိုင်ရာ ဖော်ပြချက် ဖြည့်သွင်းခွင့်ရှိပါတယ်"ဟု ဒေါ်ရှင်စောသုက ပြောကြားသည်။

မြန်မာနိုင်ငံသည် ၂၀၁၉ခုနှစ် ဇွန်လအထိ ဖောင်အေဖြင့် ဆက်လက်တင်ပို့နိုင်သော်လည်း နောက်ပိုင်းတွင် ယူရို ၆၀၀၀ အထက် ပို့ကုန်ပစ္စည်းများအတွက်မှတ်ပုံတင်ထားပြီး ပို့ကုန်လုပ်ငန်းရှင်က ဖြည့်သွင်းထားသည့် ပင်ရင်းဒေသဆိုင်ရာ ဖော်ပြချက်နှင့် ပူးတွဲတင်ပြမှသာ GSP အထူးဦးစားပေး အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည် ဖြစ်သည်။

"ပို့ကုန်တင်ပို့မယ်ဆိုရင် လိုအပ်တာတွေဖြည့်စွက်ပြီး ဝန်ကြီးဌာနမှာ မှတ်ပုံတင်ပို့ကုန်တင်ပို့သူ (Registered Exporter) အဖြစ် တစ်ကြိမ်မှတ်ပုံတင်ထားဖို့လိုပြီး နောက်ပိုင်းမှာ ကုန်စည်နဲ့အတူတင်ပို့တဲ့ အရောင်းအဝယ်စာရွက်ပေါ်မှာ ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာပေးလိုက်တာနဲ့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမှာပါ။ ဝန်ကြီးဌာနကလည်း အကောက်ခွန်သက်သာခွင့်ရရှိဖို့အတွက် စနစ်သစ်ကို ကုန်သည်/ စက်မှုအသင်းချုပ်မှာလည်း လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပြီး မိတ်ဆက်ပေးဖို့ ရည်ရွယ်ထားတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီးယူသည် မြန်မာနိုင်ငံအပေါ် GSP စနစ်ဖြင့် အကောက်ခွန် သက်သာကင်းလွတ်ခွင့်ကို ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆိုင်းငံ့ထားခဲ့ပြီး ၂၀၀၈ ခုနှစ်တွင်လည်း ထပ်မံသက်တမ်းတိုးမြှင့်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၉ ရက်မှ စတင်ကာ လက်နက်ခဲယမ်းမှအပ( Everything But Arms-EBA) ကျန်ကုန်စည်အားလုံးကို တင်သွင်းရာတွင် အခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက် ကန့်သတ်ခြင်းမှကင်းလွတ်ခွင့် (Duty free and Quota Free) ကို ပြန်လည်ခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ အီးယူသို့ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်ပေါင်း ၃၀၀ နီးပါးရှိပြီး ပို့ကုန်အများစုမှာ စက်မှုကုန်ချော ပစ္စည်းများ၊ လယ်ယာထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက် ပစ္စည်းများ၊ ချုပ်ပြီးသားအထည်အလိပ်များ စသည်တို့ဖြစ်ကြောင်း ကုန်သွယ်ရေးဌာနမှ သိရှိရသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၂၀၁၇-၁၈ ဧပြီလမှ ဖေဖော်ဝါရီလအထိ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သည့် ငွေကြေးအမျိုးအစားအလိုက် ပို့ကုန် သွင်းကုန်အစီရင်ခံစာအရ ယူရိုငွေကြေးဖြင့် ကုန်သွယ်ရာတွင် ပို့ကုန်စုစုပေါင်း သန်းပေါင်း ၃၁၇သန်းကျော်ရှိပြီး စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံရှိကြောင်း သိရသည်။

**အီးယူသို့ကိုယ်တိုင်လျှောက်ထားနိုင်**

ပို့ကုန်တင်ပို့သူများသည် မှတ်ပုံတင်ပို့ကုန်တင်ပို့သူအဖြစ် လျှောက်ထားရန် အီးယူနိုင်ငံများ၏ ဝက်ဘ်ဆိုက် https://customs.ec.europa.eu/rex-pa-ul/#/create-preapplication/ သို့ ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး Tin Number ၌ ကုန်သွယ်ရေးဦးစီးဌာနက ကုမ္ပဏီအတွက် ထုတ်ပေးသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်နံပါတ်ရှေ့တွင် မြန်မာနိုင်ငံကုဒ် MM ကို ထည့်သွင်းဖြည့်စွက်ရမည်ဖြစ်သည်။ တင်ပို့မည့်ကုန်စည်များ၏ HS ကုတ်ရှေ့ကဏန်းလေးလုံးကို ဖြည့်စွက်နိုင်ပြီး ပို့ကုန်များသည် တူညီသော HS ဖြစ်ပါက HS ကုတ် 4 Digit အဆင့်ဖြင့် ကုန်စည်အုပ်စု ၂၀ ကျော်ပါက HS Chapter တစ်ခုလုံး ရွေးချယ်ဖြည့်စွက်ရန် လိုအပ်ကြောင်း ဝန်ကြီးဌာနက ညွှန်ကြားထားသည်။

အချက်အလက်များပြည့်စုံပါက ကုမ္ပဏီ၏ဒါရိုက်တာအမည် စာရင်းပါပုဂ္ဂိုလ်က လက်မှတ်ရေးထိုးကာ ကုန်သွယ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ပို့ကုန် တင်ပို့သူအဖြစ် လျှောက်ထားနိုင်မည်ဖြစ်ပြီး ဌာနမှစိစစ်ပြီးပါက သက်တမ်း ၂ နှစ်ရှိ မှတ်ပုံတင်ပို့ကုန်တင်ပို့သူမှတ်ပုံတင်နံပါတ် ထုတ်ပေးမည်ဖြစ်သည်။ ယင်းအချက်များကို ကုန်သွယ်ရေးဦးစီးဌာနမှ ဥရောပသမဂ္ဂ၏ ဗဟိုအချက် အလက်ထိန်းချုပ်မှုစနစ် (Central Database) သို့ ထည့်သွင်းပေးမည်ဖြစ်သည်။ ယင်းမှတ်ပုံတင်သည် အီးယူ၊ နော်ဝေနှင့် ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံများသို့ တင်ပို့သော မြန်မာ့ပင်ရင်း ထုတ်ကုန်များ အားလုံးအကျုံးဝင်မည်ဖြစ်သည်။

တင်ပို့မည့်ကုန်စည်သည် ပင်ရင်းထုတ်ကုန်အဖြစ် ဆုံးဖြတ်ရာတွင် နိုင်ငံအလိုက် ပြဋ္ဌာန်းထားသည့် GSP များကို အသုံးပြုရပြီး ယင်းကို www.unctad.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် မှတ်ပုံတင်ပို့ကုန်တင်ပို့ သူ အဖြစ် လျှောက်ထားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတ်မှတ်ထားကြောင်း ကုန်သွယ်ရေးဦးစီး ဌာနမှ သိရသည်။

**ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်းသက်သေပြပါ**

ပင်ရင်းထုတ်ကုန်ဖြစ်ကြောင်း ကြေညာမည့်ကုန်စည် သည် ပြည်ပကတင်သွင်းသည့် ကုန်ကြမ်းများ ပါဝင်ထုတ်လုပ်ထားပါက စက်မှုထုတ်ကုန်တစ်ယူနစ်တိုင်းအတွက် ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်ကို ကြိုတင်လျှောက်ထားရန် လိုအပ်ပြီး ယင်းသက်တမ်းမှာ နှစ်နှစ်ဖြစ်ကြောင်း ဥရောပသမဂ္ဂမှ သိရသည်။ ထို့အပြင် မှတ်ပုံတင်ပို့ကုန်တင်ပို့သူ၏ ပင်ရင်းထုတ်ကုန်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနက စစ်ဆေးနိုင်ပြီး ပင်ရင်းထုတ်ကုန် လိမ်ညာ၍ ကြေညာခြင်း၊ မမှန်ကန်သော အချက်အလက်များ ကြေညာခြင်းတို့ကို တွေ့ရှိပါက မှတ်ပုံတင်ခွင့်ပြုချက်ကို ပယ်ဖျက်မည်ဖြစ်ပြီး ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်သည်။

"အရင်ကတော့ ပင်ရင်းထုတ်ကုန် ဟုတ်မဟုတ်ဆိုတာကို ဝန်ကြီးဌာနကနေ တာဝန်ခံခဲ့တာပေါ့။ အခုစနစ်သစ်ကတော့ လုပ်ငန်းရှင်တွေကို ပြန်ပြီးတာဝန်ခံခိုင်းတာလို့ မြင်ပါတယ်။ ကိုယ့်ရဲ့ ပို့ကုန်ဟာ ကိုယ့်နိုင်ငံကထွက်တဲ့ မိတ်အင်မြန်မာ စစ်စစ်ဖြစ်တယ်ဆိုတာကို အာမခံခိုင်းတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အီးယူကို တင်ပို့မယ့်သူတွေ အားလုံးသိထားသင့်တယ်။ အကောက်ခွန်ကင်းလွတ်ဖို့အတွက် အရည်အချင်းနဲ့ ပြည့်စုံတဲ့ ကုန်စည်တွေထုတ်လုပ်ရမယ်။ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ မှတ်တမ်းတွေ၊ စာရင်းတွေ စနစ်ကျရမယ်။ ထုတ်လုပ်တဲ့အခါ အသုံးပြုတဲ့ ကုန်ကြမ်းအားလုံးနဲ့ ဆက်စပ်တဲ့ သက်သေတွေ သိမ်းဆည်းတတ်လာမယ်။ ကုန်ကြမ်းတွေအားလုံးနဲ့ ဆက်စပ်တဲ့ အကောက်ခွန်ဆိုင်ရာတွေအားလုံးလည်း စနစ်ကျလာမယ်။ ဒီလိုဆိုရင် မြန်မာနိုင်ငံက ထွက်ကုန်တွေဟာလည်း အရည်အသွေးနဲ့ အာမခံနိုင်မှု မြင့်မားလာဖို့ရှိတယ်"ဟု ပို့ကုန်လုပ်ငန်းရှင် ဒေါက်တာစိန်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပုံစံသည် ကုန်သွယ်မှုအခြေခံ စီးပွားရေး Trade Big Model ဖြစ်သည့်အားလျော်စွာ ကုန်သွယ်ရာတွင် မှန်ကန်မျှတသည့် ယှဉ်ပြိုင်ခြင်းနည်းလမ်းများ၊ ရိုးသားသန့်ရှင်းသည့် ကုန်သွယ်ရေးစနစ်များကို အသုံးပြုခြင်းဖြင့် ပိုမိုနေရာရရှိလာအောင် ကြိုးပမ်းသင့်ကြောင်း ဥရောပသမဂ္ဂ၏ သံအမတ်ကြီး မစ္စတာ Kristian Schmidt ကလည်း စီးပွားရေးလုပ်ငန်းရှင်များကို တိုက်တွန်းပြောကြားထားရာ မကြာမီ ပိုမိုလွယ်ကူစွာဖြင့် ဥရောပသမဂ္ဂနိုင်ငံများနှင့် ဆက်စပ်နိုင်ငံများသို့ ဈေးကွက်ဝေစု ပိုမိုရရှိအောင် ကုန်သွယ်မှုပြုလုပ်နိုင်တော့မည်ဟု ယူဆရပါသည်။

**"ပြီးခဲ့သည့် ဘဏ္ဍာနှစ် ၂၀၁၇-၁၈ ဧပြီလမှ ဖေဖော်ဝါရီလအထိ အကောက်ခွန် ဦးစီးဌာနမှ ထုတ်ပြန်သည့် ငွေကြေးအမျိုးအစားအလိုက် ပို့ကုန်သွင်းကုန် အစီရင်ခံစာအရ ယူရိုငွေကြေးဖြင့် ကုန်သွယ်ရာတွင် ပို့ကုန်စုစုပေါင်း သန်းပေါင်း ၃၁၇ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၅ ဘီလီယံရှိ"**

---

**အနေ့ယာဉ်ဆိုက်ကားမဝင်ရ တားမြစ်နယ်မြေအဖြစ် သတ်မှတ်ထားသော ရန်ကုန်မြို့လယ်၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမကြီးပေါ် ပန်းဆိုးတန်း လမ်းထိပ်တွင် ထီးအမိုးကြီးဖွင့်၍ တပ်ဆင်ကာ အရှေ့ဘက်မှ အနောက်ဘက်သို့ ယာဉ်ကြောပြောင်းပြန် စီးနင်းလာသော အနေ့ယာဉ်ဆိုက်ကားတစ်စီးကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်ရဲနှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများက တားဆီး၍ ဆိုက်ကားအား သိမ်းဆည်းစဉ်။**

အောင်သန်း(မင်္ဂလာတောင်ညွန့်)



## အမျိုးသမီးများနှင့်အနာဂတ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ပုသိမ် ဇူလိုင် ၃**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် နယ်ပယ်တိုင်းကဏ္ဍတိုင်းတွင် မြန်မာအမျိုးသမီးထု၏ အခန်းကဏ္ဍသည် မည်မျှအရေးကြီးသည်ကို သိစေလိုသောရည်ရွယ်ချက်ဖြင့်"အမျိုးသမီးများနှင့် အနာဂတ်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၃ ရက် နံနက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အမှာစကားပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာမြင့်က အမျိုးသမီးများနှင့်ပညာရေး၊ အိမ်မဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်းနှင့် မအူပင်မြို့နယ် ထရော်ပေကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်ဥမ္မာချိုတို့က အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် စိန်ခေါ်မှုများ၊ ပုသိမ်ခရိုင် ဥပဒေအရာရှိ ဒေါ်လှလှဆွေက အမျိုးသမီးများ၏ အခွင့်အရေးနှင့် အကာကွယ်ပေးမှုဆိုင်ရာများ၊ တိုင်းဒေသကြီး အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင် ဒေါ်တင်တင်ခိုင်က အမျိုးသမီးများနှင့် စီးပွားရေးကဏ္ဍ၊ မာတာလူမှုရေးအသင်းမှ ဒေါ်မေမျိုးခိုင်က အမျိုးသမီးများနှင့် ယဉ်ကျေးမှုခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် တင်ရောက်လာသူများက သိရှိလိုသည့် အချက် (၁၁)ခုအပေါ် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သမဝါယမအားနှင့် ချီတက်မည့် ဒီမိုကရေစီ ပန်းတိုင်ဆီ

**စစ်လွမ်းနောင်(မန်းမြေသား)**

ကမ္ဘာပေါ်ရှိ သမဝါယမလုပ်ငန်းများ အောင်မြင်ထွန်းကားသောနိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်း မိမိတို့နိုင်ငံ၏အစီအစဉ်ဖြင့် သင့်လျော်သည့် နေ့တစ်နေ့ကို သမဝါယမနေ့ဟူ၍ သတ်မှတ်ကာ အထိမ်းအမှတ်ပွဲများ ကျင်းပကြသည်။ ကမ္ဘာ့သမဝါယမနေ့ဟူ၍ ကမ္ဘာပေါ်တွင် ပထမဆုံး ကျင်းပသည့်နေ့မှာ ၁၉၂၃ ခုနှစ် ဇူလိုင်လ၏ ပထမ စနေနေ့ဖြစ်သည်။ ထိုနှစ်မှစ၍ အနောက်နိုင်ငံများတွင် နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့တိုင်း ကမ္ဘာ့သမဝါယမနေ့ကို ကျင်းပခဲ့ကြသည်။ ဤကဲ့သို့ ကမ္ဘာ့သမဝါယမနေ့ဟူ၍ ဖြစ်ပေါ်လာရသည်မှာ International Co-operative Alliance(ICA)ခေါ် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီး၏ ကြိုးပမ်းမှုကြောင့်ပင်ဖြစ်သည်။

ထိုအဖွဲ့ချုပ်ကြီးကို ၁၈၉၅ ခုနှစ်ကစ၍ တည်ထောင်ခဲ့ကြသည်။ အဖွဲ့ချုပ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးတစ်ယောက်တည်း ကောင်းစားရေးထက် လူအများကောင်းစားရေးကို ရှေးရှုသော သမဝါယမလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားလာစေရန်ဖြစ်သည်။ ထိုအဖွဲ့ချုပ်ကြီးသည် တစ်စထက်တစ်စ တိုးတက်ကြီးပွားလာခဲ့ရာ ၁၉၃၀ပြည့်နှစ်တွင် နိုင်ငံပေါင်း ၄၀ မှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၁၁၇ ဖွဲ့က အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၉၅ နိုင်ငံမှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၂၈၄ ဖွဲ့က အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ကြသည်။ မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီးနောက် ယခင်ခေတ်အဆက်ဆက်က ဖွဲ့စည်းခဲ့သည့် သမဝါယမအသင်းဟောင်းများအား ဈေးကွက်အခြေပြုစီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အလျောက် ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် စီးပွားရေးလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ၊ လုပ်ကိုင်ခွင့်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအခြေခံမူများအပေါ် အခြေခံပြီး သမဝါယမစီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို အဟန့်အတားများနှင့် ချုပ်ကိုင်စေခိုင်းမှုများမရှိဘဲ ကိုယ်တိုင် ကြိုးပမ်းအားထုတ်မှုအရ တိုးတက်မှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ သမဝါယမအသင်းများကို ပြုပြင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ခဲ့ရာ ယခုနှစ် မတ်လကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအလိုက် ကုန်ထုတ်လုပ်မှု သမဝါယမအသင်း ၃၃၁၀၆ သင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၄၃၃၂ သင်းနှင့် ကုန်သွယ်မှုသမဝါယမအသင်း ၃၁၇၅ သင်းဖြစ်ပြီး သမဝါယမအသင်းပေါင်း ၄၀၆၁၃ သင်းကို ဖွဲ့စည်းနိုင်ခဲ့သည်။ အသင်းအမျိုးအစားများအနေဖြင့် ဗဟိုသမဝါယမအသင်း တစ်သင်း၊ သမဝါယမအသင်းစုချုပ် ၂၂ သင်း၊ သမဝါယမအသင်းစု ၄၆၃ သင်း၊ အခြေခံသမဝါယမအသင်း ၄၀၁၂၇ သင်း၊ စုစုပေါင်း ၄၀၆၁၃ သင်း ဖြစ်သည်။

**အမျိုးသားစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု**

သမဝါယမသည်ပြောင်းလဲလာသော နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ခုနှစ် အမျိုးသားစီမံကိန်းအရ ရင်းနှီးမြှုပ်နှံမှုလျာထားချက် ကျပ် ၃ ဒသမ ၃၇၆ ဘီလီယံအပေါ် ၂၀၁၇ မတ်လကုန်အထိ သမဝါယမကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု ကျပ် ၃ ဒသမ ၈၇၇ ဘီလီယံ ရှိသဖြင့် လျာထားချက်ကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၁၄ ဒသမ ၈၄ ရာခိုင်နှုန်း ပိုမို၍ ရင်းနှီးမြှုပ်နှံနိုင်ခဲ့သည်။

နှစ်စဉ် စီမံကိန်းမူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုဟူသော သမဝါယမအခန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် စီမံကိန်းရည်မှန်းချက် ကျပ် ၇၉၃ ဒသမ ၃ ဘီလီယံဖြစ်ပြီး စီမံကိန်းရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၇၉၉ ဘီလီယံဖြစ်သဖြင့် ရည်မှန်းချက်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၀ ဒသမ ၇၂ ရာခိုင်နှုန်းပိုမို၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**သမဝါယမ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့အတွက် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်ကုန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၂၆၁ ခုမှ အသင်းပေါင်း ၇၈၂၇ သင်း၏ အသင်းသား ၂၉၆၂၀ အား ပစ္စည်းတန်ဖိုး ကျပ် ၇၃ ဒသမ ၃၄၉ ဘီလီယံရှိ လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ပစ္စည်းများ ရောင်းချပေးခဲ့သည်။

> **“အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးကို ၁၈၉၅ ခုနှစ်ကစ၍ တည်ထောင်ခဲ့ကြသည်။ အဖွဲ့ချုပ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးတစ်ယောက်တည်းကောင်းစားရေးထက် လူအများကောင်းစားရေးကိုရှေးရှုသော သမဝါယမလုပ်ငန်းများ ကမ္ဘာပေါ်တွင် ပြန့်ပွားထွန်းကားလာစေရန်ဖြစ်သည်။ ထိုအဖွဲ့ချုပ်ကြီးသည် တစ်စထက်တစ်စ တိုးတက်ကြီးပွားလာခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် နိုင်ငံပေါင်း ၄၀ မှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၁၁၇ ဖွဲ့က အဖွဲ့ဝင် အဖြစ်ပါဝင်ခဲ့သည်။ ယခုအခါ နိုင်ငံပေါင်း ၉၅ နိုင်ငံမှ သမဝါယမအဖွဲ့ချုပ်ပေါင်း ၂၈၄ ဖွဲ့က အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ကြသည်။ မြန်မာနိုင်ငံမှ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်က အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သည်”**

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း၌လည်း တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၁၇၂ ခုမှ အသင်းပေါင်း ၈၂၃ သင်းရှိ အသင်းသား ၂၈၉၉ ဦးအား ပစ္စည်းရောင်းချပေးနိုင်ရေး ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ပြီး သမဝါယမလယ်ယာကဏ္ဍမှ စိုက်ဧက ၂၃ ဒသမ ၉ သိန်း စိုက်ပျိုးနိုင်ခဲ့ကာ တန်ဖိုးကျပ် ၃၅၃ ဒသမ ၄၄၇ ဘီလီယံ ထုတ်လုပ်နိုင်ခဲ့သည်။ ယခု ၂၀၁၈ ခုနှစ် ဇွန်လအထိ စာရင်းများအရ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၁၅ ခုမှ အသင်းပေါင်း ၄၃၉၅ သင်းရှိ အသင်းသား ၁၀၃၈၄ ဦးအား ကျပ် ၁၃၅ ဒသမ ၁၉၅ ဘီလီယံ တန်ဖိုးရှိ စက်ကိရိယာပစ္စည်း ၁၀၈၅၄ မျိုးကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားပြီးဖြစ်သည်။

**လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း**

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှ စတင်၍ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှ လယ်ယာမြေ ၃၅၇၂၈ ဒသမ ၇၇ ဧကကို အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ပံ့ပိုးချေးငွေ ကျပ် ၁၁ ဒသမ ၀၃၂ ဘီလီယံနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လယ်ယာမြေ ၂၉၂၀၇ ဒသမ ၅ ဧကကို အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ပံ့ပိုးချေးငွေ ကျပ် ၈ ဒသမ ၃၃၄ ဘီလီယံကို ထုတ်ချေးပေးခဲ့ရာ လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်း လယ်ယာမြေ ၂၄၉၀၁ ဒသမ ၈ ဧကကို အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ချေးငွေ ကျပ် ၇ ဒသမ ၂၆၈ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပြီး လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုမှ မြို့နယ်ပေါင်း ၁၁၉ ခု၌ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှု သမဝါယမအသင်း ၅၄ သင်းက လယ်ထွန်စက် ၆၈၇ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၄၅ စီးတို့ဖြင့် ၎င်းတို့၏ဒေသရှိ လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အသင်း၏ စီးပွားရေးလုပ်ငန်းခွဲအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**ဝန်ဆောင်မှုလုပ်ငန်း**

သမဝါယမအသင်းများတွင် China EXIM Bank ချေးငွေ၊ သမဝါယမအသင်းပိုင်ငွေနှင့် အသင်းသားများ၏ အစု၊ စုဆောင်းငွေများဖြင့် အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်မတိုင်မီက ထုတ်ချေးငွေ ကျပ် ၂၂၈၃၅ ဘီလီယံ ရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ခုနှစ်အကုန်တွင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ မြို့နယ် ၃၀၇ ခုမှ အသင်းပေါင်း ၃၅၇၁၆ သင်း၊ အသင်းသားပေါင်း ၃၃ သိန်းကျော်အား ခြောက်လတစ်ကြိမ် ထုတ်ချေး၊ ပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးငွေကျပ် ၆၁၇ ဒသမ ၈၂၂ ဘီလီယံအထိ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့သည်။

ယခု ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စာရင်းများအရ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၃၀၇ ခု၊ အသင်းပေါင်း ၃၄၅၂၇ သင်းမှ အသင်းသား ၃၂ သိန်းကျော်အား ကျပ် ၆၆၂ ဒသမ ၁၂၈ ဘီလီယံ ထုတ်ချေးပေးထားပြီး အတိုးနှုန်းမှာ ယခင်က ငွေကျပ် ၁၀၀ လျှင် တစ်လ နှစ်ကျပ်ခွဲနှုန်းတိုးဖြင့် ထုတ်ချေးပေးခဲ့ရာမှ ယခုအခါ တစ်ကျပ်ခွဲနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်၍ ပြင်ပမှ အတိုးကြီးပေး ငွေချေးနေရမှုမှ လွတ်တလောသက်သာစေပြီး အခြေခံပြည်သူ အသင်းသားတောင်သူများအနေဖြင့် ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေးတို့တွင် တိုးမြှင့်သုံးစွဲနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအကျိုးကျေးဇူးများ ရရှိလျက်ရှိသည်။

**ပြည်ပပို့ကုန်လုပ်ငန်း**

သမဝါယမအသင်းများက ပြည်ပပို့ကုန်တင်ပို့ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုရှိ အသင်းပေါင်း ၂၃ သင်းမှ အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၉၇ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီး ငါးခုရှိ အသင်းပေါင်း ၁၅ သင်း က အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၃၅၇ သန်းဖိုး တင်ပို့ထားပြီးဖြစ်သည်။ ပို့ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိရန်နှင့် ပို့ကုန်လုပ်ငန်းဖွံ့ဖြိုးလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပသည့်ကုန်စည်ပြပွဲများသို့ သမဝါယမအသင်းများက မြန်မာ့ရိုးရာ လက်မှုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ သွားရောက်ပြသနိုင်ခဲ့သည်။ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်ထဲတွင် အသင်းပေါင်း ၁၅ သင်းက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၇၂၇ သန်း တန်ဖိုးရှိ လယ်ယာထွက်ပစ္စည်း ၁၇ မျိုး၊ ရေထွက်ပစ္စည်း သုံးမျိုးနှင့် သစ်တောထွက်ပစ္စည်း နှစ်မျိုးတို့ကို တင်ပို့ထားပြီး နိုင်ငံတော်ဝင်ငွေ (State Income) အမေရိကန်ဒေါ်လာ ၂၉၅၅ ဒသမ ၂၉၆ ကို ပေးသွင်းနိုင်ခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ခြင်း**

သမဝါယမပညာနှင့် လူမှုစီးပွားရေးပညာကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် သမဝါယမတက္ကသိုလ် နှစ်ခုနှင့် သမဝါယမကောလိပ် နှစ်ခုတို့တွင် ကျောင်းသား ၅၁၂၇ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သမဝါယမသင်တန်းကျောင်း လေးကျောင်းနှင့် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း သုံးကျောင်းတွင် လက်မှတ်ရ စာရင်းရေး၊ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အရာရှိများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သမဝါယမတက္ကသိုလ် နှစ်ခုမှ စီးပွားရေးပညာဆိုင်ရာ ရိုးရိုးဘွဲ့ရ ၁၀၉၁ ဦး၊ လက်မှတ်ရ ၁၈၀ ဦး၊ သမဝါယမကောလိပ် နှစ်ခုမှ စီးပွားရေးပညာဆိုင်ရာ ဒီပလိုမာဘွဲ့ရ ၃၄၆ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေနှင့် အကူအညီ (Loan, Grant, Aid) များ ရယူဆောင်ရွက်လျက်ရှိပြီး အဓိကပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများမှာ တရုတ်နိုင်ငံ EXIM ဘဏ်၊ ကိုရီးယားနိုင်ငံ Dae-dong စက်မှုကုမ္ပဏီလီမိတက်၊ Shinhan ဘဏ်တို့ဖြစ်ပြီး နားလည်မှုစာချွန်လွှာ(MoU) များ လက်မှတ်ရေးထိုး၍ အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နယ်သာလန်နိုင်ငံ Agriterra စိုက်ပျိုးရေး သမဝါယမအသင်းနှင့် ယခုနှစ် ဇွန် ၁၂ ရက်က နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။

**နိုင်ငံတော်၏စီးပွားရေးအတွက် အထောက်အကူပြုသည့်အား**

ထိုကဲ့သို့ လူတန်းစားအလွှာပေါင်းစုံ ဆောင်ရွက်နိုင်မည့် အခြေခံသမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းနိုင်ခြင်းနှင့် သမဝါယမအသင်းများကို အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန် ငွေစုငွေချေးလုပ်ငန်းနှင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း ဆောင်ရွက်သည့် သမဝါယမအသင်းသားများသို့ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးနိုင်ခြင်း၊ သမဝါယမလမ်းကြောင်းမှ ပြည်ပပို့ကုန်၊ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်းနှင့် အခြားပစ္စည်းများ တင်ပို့ရောင်းချနိုင်ခြင်း၊ သမဝါယမအသင်းသားများ လိုအပ်လျက်ရှိသော ငွေကြေး၊ စက်ပစ္စည်းနှင့် နည်းပညာများကို ဂျပန်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံများရှိ စီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိခြင်း၊ ပို့ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိရန်နှင့် ပို့ကုန်လုပ်ငန်းများဖွံ့ဖြိုးလာစေရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်သည့်ပြပွဲများသို့ သမဝါယမအသင်းများက သွားရောက်ပြသနိုင်ခဲ့ခြင်း၊ သမဝါယမတက္ကသိုလ်၊ သမဝါယမကောလိပ်၊ သမဝါယမသင်တန်းကျောင်းနှင့် သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းတို့မှ သမဝါယမနှင့် လူမှုစီးပွားရေးပညာကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပေးလျက်ရှိခြင်း စသည့် ဆောင်ရွက်ချက်များမှာ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော သမဝါယမ၏ အားများပင်ဖြစ်သည်။

**ဒီမိုကရေစီပန်းတိုင်သို့ချီတက်မည့် မောင်းနှင်အား**

သမဝါယမလုပ်ငန်းသည် အသင်းသားများ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများပြည့်မီရန် ကိုယ်တိုင်ကိုယ်ကျ ပါဝင်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် ထုတ်လုပ်သူများ၊ အလုပ်သမားများနှင့် စားသုံးသူများ အားလုံးကိုစုပေါင်းပြီး အသင်း၏ အကျိုးရလဒ်များကို ရရှိခံစားစေခြင်းဖြစ်သည်။ သမဝါယမသည် အခြားကုမ္ပဏီအဖွဲ့အစည်းများနှင့်မတူညီဘဲ သမဝါယမစနစ်တွင် တစ်ဦးတစ်ယောက်ချင်းစီက အသင်း၏ ငွေကြေးပိုင်ဆိုင်မှုနှင့် ပတ်သက်ဆက်နွယ်မှုမရှိခြင်းဆိုသည့်အချက်သည် သမဝါယမ၏ သာတူညီမျှရှိမှုကို ပေါ်လွင်စေသည့် အချက်တစ်ချက်ဖြစ်သည်။ အသင်းသားအဖြစ် မိမိဆန္ဒအလျောက် လွတ်လပ်စွာပါဝင်ခွင့်ရှိခြင်း၊ လူတန်းစားခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် အသင်းသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းတို့သည် သမဝါယမ၏ ထိန်းချုပ်ကွပ်ကဲပုံနှင့် ဖွဲ့စည်းတည်ဆောက်ပုံ သာတူညီမျှမှုရှိစေရန် အာမခံသည့် အချက်တစ်ခုဖြစ်ပေသည်။ တစ်နည်းဆိုရလျှင် ဒီမိုကရေစီပန်းတိုင်သို့ ရောက်အောင်ချီတက်မည့်မောင်းနှင်အားပင် ဖြစ်သည်။

သမဝါယမဆိုသည့်စကားရပ်၏ အဓိပ္ပာယ်မှာ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း တစ်နည်းဆိုရလျှင် စုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းဖြစ်ရာ သမဝါယမ၏ဆောင်ရွက်ချက်များသည် ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံး အကောင်အထည်ဖော်နေသည့် ဒီမိုကရေစီစနစ်၏ အောင်မြင်မှုပန်းတိုင်ဆီသို့ချီတက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့်အားဖြစ်ကြောင်းကိုလည်း သက်သေခံလျက်ရှိပေသည်။

ထို့ကြောင့် ယခုနှစ် ဇူလိုင်လ ပထမပတ် စနေနေ့တွင် ကျရောက်သည့် (၉၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် **“စဉ်ဆက်ဖွံ့ဖြိုး ပြည့်အကျိုး၊ ထိုးဖောက်ဆောင်ရွက် ပူးပေါင်းလက် (Sustainable societies through cooperation)”** ဆိုသည့် အချက်ကို ရှေးရှုလျက် သမဝါယမလောကသားအားလုံးက သမဝါယမလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရင်း စုပေါင်းအား တစ်နည်းဆိုရလျှင် သမဝါယမအားဖြင့် ဒီမိုကရေစီပန်းတိုင်ဆီသို့ရောက်အောင် ချီတက်ကြပါစို့ဟု တိုက်တွန်းရေးသား ဂုဏ်ပြုလိုက်ရပေသည်။ ။

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သင်္ချာဘာသာရပ် နမူနာမေးခွန်းပုံစံ (၂)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေလ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**2019 SAMPLE QUESTION**
**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**
**MATHEMATICS Time Allowed: (3) Hours**
**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

**SECTION (A)**

(Answer **ALL** questions)

1.(a) Functions $f : R \to R$ and $g : R \to R$ are defined by $f(x) = 2x - 14$ and $g(x) = x^2 + 3$. Find the values of $x$ if $(f \circ g)(x) = 42$. **(3marks)**

(b) When the polynomial $x^3 - 3x^2 + kx + 7$ is divided by $x + 3$, the remainder is 1. Find the value of k. (3marks)


2.(a) Find the coefficient of $x^4$ in the expansion of $(\frac{x}{3} - 3)^7$. **(3marks)**

(b) The first term of an A.P. is 2 and its nth term is 20. If the sum of the first n terms of that A.P. is110, find the value of n. **(3marks)**

3.(a) Let $A = \begin{pmatrix} 2 & 4 \\ 6 & a \end{pmatrix}$. If $\det(2A) = 2 \det A$, find a. **(3 marks)**

(b) When a die is rolled k times, the expected frequency of getting a factor of 4 is 240. Find k. **(3marks)**

4.(a) Given ⊙ O with diameter CI, CM // ON, prove that arc MN = arc NI.




**(3 marks)**

(b) Referred to a fixed origin O, the position vectors of the points A and B are $4\hat{i} - 6\hat{j}$ and $8\hat{i} - p\hat{j}$ respectively. Given that O, A and B are collinear, find the value of p. **(3marks)**

5.(a) Show that $\frac{\sin 2\theta}{1 + \cos 2\theta} = \tan\theta$. **(3marks)**

(b) Find the gradient of the curve $y = 3x^2 - 4x + 3$ at the point where $x = 2$. **(3marks)**

**SECTION (B)**

(Answer any **FOUR** questions)

6.(a) Let $f : R \to R$ and $g : R \to R$ be defined by $f(x) = x + 7$ and $g(x) = 3x - 1$. Find $(f^{-1} \circ g)(x)$ and what is the value of $b \in R$ for which $(f^{-1} \circ g)(b) = 4$. **(5marks)**

(b) Given that $f(x) = x^{2n} - (p+1)x^2 + p$, where n and p are positive integers. Show that $x - 1$ is a factor of f(x), for all values of p. When $p = 4$, find the value of n for which $x - 2$ is a factor of f(x) and hence factorize f(x) completely. **(5marks)**

7.(a) Let R be the set of real numbers and a binary operation ⊙ on R be defined by $x \odot y = xy - x - y$ for $x, y \in R$. Find the value of $3 \odot 4$ and $(3 \odot 4) \odot 5$. Find the values of x if $x \odot (x \odot 3) = 23$. **(5marks)**

(b) Find, in ascending powers of x, the first three terms of $(1 + kx)^5(1 - 4x)$. If the coefficient of x is 16, find the value of k and the coefficient of $x^2$. **(5 marks)**

8.(a) Find the solution set in R of the inequation $(2x - 1)^2 \geq 9$ by graphical method and illustrate it on the number line. **(5marks)**

(b) Find the sum of all two-digit natural numbers which are divisible by 8. **(5marks)**

9.(a) If m is a positive integer, show that the sum of the A.P. $2m + 1, 2m + 3, 2m + 5, \ldots, 4m - 1$ is divisible by 3. **(5marks)**

(b) Solve the matrix equation $P\begin{pmatrix} -3 & 2 \\ 1 & 6 \end{pmatrix} + 2\begin{pmatrix} -6 & 0 \\ 5 & 7 \end{pmatrix} = \begin{pmatrix} -17 & 10 \\ 5 & 44 \end{pmatrix}$ for the $2 \times 2$ matrix P. **(5marks)**

10.(a) Find the solution set of the system of equations
$3x + 2y = 7$
$5x - y = 3$ by matrix method. **(5marks)**

(b) Construct the table of outcomes for rolling two dice. Find the probability that the score on the second die is greater than that on the first. Find also the probability that the score on one die is prime and the score on the other is even. **(5 marks)**

**SECTION (C)**

(Answer any **THREE** questions)

11.(a) PQR is a triangle inscribed in a circle. The tangent at P meets RQ produced at T, and PC bisecting $\angle RPQ$ meets RQ at C. Prove that $\triangle TPC$ is isosceles **(5marks)**

(b) In the acute $\triangle ABC$, AD and BE are altitudes. If $\alpha(\triangle DEC) = \frac{1}{3}\alpha(ABDE)$, prove that $\angle C = 60^\circ$.

12.(a) ABC is a triangle in which AB = AC. P is a point inside the triangle such that $\angle PAB = \angle PBC$. Given that Q is a point on BP produced such that ABCQ is a cyclic quadrilateral, prove that AQ = AP. **(5marks)**

(b) Without using tables calculate the exact values of $\sin 75^\circ$, $\cos 195^\circ$ and $\tan 255^\circ$. **(5marks)**

13.(a) Solve $\triangle ABC$ if BC = 9, AB = 13 and $\angle B = 108^\circ$. **(5marks)**

(b) If $y \cos x = e^x$, show that $\frac{d^2y}{dx^2} - 2\tan x \frac{dy}{dx} - 2y = 0$. **(5marks)**

14.(a) What is the smallest perimeter possible for a rectangle of area 81 $in^2$ ? **(5marks)**

(b) Find the matrix which will reflect in the line OY followed by a rotation through $60^\circ$. What is the map of the point (-1, 0)? **(5marks)**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ ဦးဆောင်အဖွဲ့ရုံး ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက် ၁၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာန (IPRCC)တို့ ပူးပေါင်း၍ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံကိန်းကျေးရွာများသို့ လေ့လာရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်နိုင်ငံ ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ ဦးဆောင်အဖွဲ့ရုံးမှ ဒုတိယဝန်ကြီးဖြစ်သူ H.E. Mr.Chen Zhigang နှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေးစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း ဆောင်ရွက်မှုကိစ္စရပ်များ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုကိစ္စရပ်များကို လည်းကောင်း၊ မူဝါဒပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် မဟာဗျူဟာဆိုင်ရာများ အသစ်ပြန်လည်ရေးဆွဲဆောင်ရွက်မှုကိစ္စရပ်များ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကိုနိုင်ငံအနှံ့သိရှိရေး ထုတ်ပြန်ဆောင်ရွက်ပြီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ဒေသခံပြည်သူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှုဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနတို့ ပူးပေါင်း၍ ကျေးရွာအဆင့်ဆင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစံပြစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်မှုကိစ္စရပ်များကို လည်းကောင်း၊ မြို့နယ် / ကျေးရွာအဆင့် စီမံကိန်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စောင့်ကြည့်စစ်ဆေးအကဲဖြတ်ရန်အတွက် အကြံပေးအဖွဲ့ထားရှိဆောင်ရွက်မှုများကို လည်းကောင်း၊ ၂၀၂၂ ခုနှစ်အထိဆောင်ရွက်မည်ဖြစ်သည့်အတွက် နှစ်အလိုက် လုပ်ငန်းစီမံချက်များရေးဆွဲ၍ လစ်ဟာမှုမရှိရေးဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများ အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးညီညီမင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ယနေ့ ညနေ ၃ နာရီခွဲတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရူပတောင်ရပ်ကွက်ရှိ ပန်းခြံလမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ရူပတောင်ရပ်ကွက်ရှိ မြို့လယ်ချောင်းသို့ စီးဆင်းနေသော ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ချောင်းအတွင်း အမှိုက်များ၊ မြေများရှင်းလင်းတူးဖော်နိုင်ရေးတို့ကို ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဇ်ရပ်ကွက် ကမ်းနားလမ်းနှင့် ရွှေပြားရပ်ကွက် ခေါင်းလောင်းကျောင်းလမ်းတို့ရှိ ရေနုတ်မြောင်းများမှရေများ မြစ်တွင်းသို့ စီးဆင်းနိုင်ရန် BXT ကုမ္ပဏီ၏ မြေယာဖော်ထုတ်နေသည့် ဧရိယာအတွင်းမှ စီးဆင်းရန်ဆောင်ရွက်နိုင်ရေးနှင့် တရားသိစုရပ်ကွက်နှင့် လမ်းသစ်ရပ်ကွက်ရှိ ဖဖြူလမ်းအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကျည်းမြိုင်ရပ်ကွက်အဝင်လမ်း ကျောင်းကြီးလမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့် ဓညဝတီရပ်ကွက် အဝင်လမ်းကောင်းမွန်ရေး၊ ပွိုင့်ကမ်းခြေနှင့် စစ်တွေဟိုတယ်သွားလမ်း လှိုင်းကာနံရံ ရေတိုက်စားမှု၊ ပွိုင့်အတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ထားသော ထရန်စဖော်မာဒီရေလှိုင်း ရိုက်ခတ်မှုကြောင့် ပျက်စီးသွားမှုတို့ကို ပြန်လည်ပြုပြင်နိုင်ရန် ကြည့်ရှုစစ်ဆေးသည်။

**တင်ထွန်း(ပြန် / ဆက်)**



စာ ပေ မြင့် မှ လူ မျိုး တင့် မည်

# ကနေဒါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစ်ခံပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၃**

ကနေဒါနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညစ်ခံပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဇနီး ဒေါ်သင်းသင်းနုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ကနေဒါနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး H.E. Ms. Karen MACARTHUR နှင့် ဒုတိယဝန်ကြီး ဦးအောင်ထူး (**ယာပုံ**)တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကနေဒါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးတို့က ညစ်ခံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညစ်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညစ်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ မြန်မာနိုင်ငံအမျိုးသမီးများနေ့အခမ်းအနား ကျင်းပ



**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ် အမျိုးသမီးကော်မတီက ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ အမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ကျင်းပသည်။ (**ဓါတ်ပုံ**)

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှု၊ နိုင်ငံ့ခေါင်းဆောင်များအဖြစ် ပါဝင်ဆောင်ရွက်နေရာယူလာမှုနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ် အမျိုးသမီးကော်မတီအဖွဲ့ဝင် စစ်တွေတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဥမ္မာစမ်းက မြန်မာအမျိုးသမီးများ၏ ဥပဒေဆိုင်ရာ အခွင့်အရေးများစာတမ်းကို ဖတ်ကြားသည်။ ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အမျိုးသမီးကော်မတီသို့ ပံ့ပိုးငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာတို့က ပေးအပ်ရာ ပြည်နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အာရှခြေစစ်ပွဲအတွက် လေ့ကျင့်မှုပြုလုပ်

**ရန်ကုန် ဇူလိုင် ၃**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ (ပထမအဆင့်) အတွက် လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမ ကစားသမား ၃၀ ဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယခုလအတွင်း ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အမျိုးသမီးကလပ်အသင်းများမှ အသက်မီသည့် ကစားသမားများ၊ အား/ကာသိပ္ပံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဇူလိုင်လ ဒုတိယပတ်မှစ၍ ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစစ်ပွဲ မစတင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် ခြေစစ်ပွဲအုပ်စု (စ) ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အီရန်၊ ပါလက်စတိုင်း၊ လာအိုတို့နှင့် ကျရောက်လျက်ရှိသည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ နှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းသည် ပထမအဆင့် ခြေစစ်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ခြေစစ်ပွဲအောင်အသင်းတွင် ပါဝင်လာပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာရအသင်း တွက်ချက်ရာတွင် အဆင့်(၃) နေရာရအသင်းပါ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲ (ပထမအဆင့်) တွင် အသင်း ၂၀ ကျော် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် အိမ်ရှင် ထိုင်း၊ တရုတ်၊ မြောက်ကိုရီးယားနှင့် ဂျပန်အသင်းတို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။ အုပ်စုခွဲဝေမှုအရ မြန်မာအသင်းသည် အုပ်စု (စ) တွင် အီရန်၊ ပါလက်စတိုင်း၊ လာအိုတို့နှင့် ကျရောက်နေပြီး အုပ်စု (က) တွင် ဩစတြေးလျ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ အုပ်စု (ခ) တွင် ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ စင်ကာပူ၊ အုပ်စု (ဂ) တွင် ဥဇဘက်ကစ္စတန်၊ ကာဂျစ္စတန်၊ ယူအေအီး၊ ဂူအမ်၊ မော်လ်ဒိုက်၊ အုပ်စု (ဃ) တွင် တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)၊ တာဂျစ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (င) တွင် ဗီယက်နမ်၊ ဂျော်ဒန်၊ မလေးရှားနှင့် မြောက်မာရီယာနာကျွန်းစုအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ပါလက်စတိုင်းအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# ပြင်ဆင်မှုများစွာပြုလုပ်ပြီး ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်း

**ရန်ကုန် ဇူလိုင် ၃**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ စတင်ကျင်းပရန် အချိန်တစ်နှစ်ကျော် လိုသေးသော်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အောင်မြင်မှုရယူနိုင်ရေးအတွက် မြန်မာ ယူ-၂၁ အသင်းအား အချိန်ယူကာ ပြင်ဆင်မှုများစွာ ပြုလုပ်မည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၇ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် တတိယရခဲ့သည့် မြန်မာ ယူ-၂၁ အသင်းကို ဆီးဂိမ်းပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရယူပေးခဲ့သည့် ဦးကြည်လွင်ကို နည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ထားသည်။ မြန်မာ ယူ-၂၁ အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲအတွက် အသက်မီသည့် ကစားသမားများဖြင့် ပြန်လည်စုဖွဲ့ခဲ့ပြီး ဧပြီလတွင် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရာ တတိယဆုရခဲ့သည်။ ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး စက်တင်ဘာတွင် လေ့ကျင့်မှုပြန်လည်ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၁ အသင်း ဖွဲ့စည်းရန် ကစားသမား ၄၀ ကျော်အား ပဏာမအဆင့်ရွေးချယ်ထားပြီး ယင်းကစားသမားများ၏ ကလပ်ပွဲများကို စောင့်ကြည့်လျက်ရှိသလို ခြေစွမ်းပြသည့် ကစားသမားများကိုလည်း ရွေးချယ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ကစားသမား ရွေးချယ်ရလွယ်ကူစေရန် နှစ်သင်းဖွဲ့စည်းမည်ဖြစ်ပြီး ကာလရှည်လေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ဒီဇင်ဘာတွင် ကျင်းပမည့် ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်မည် ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် ၂၀၁၉ ခုနှစ်တွင် အဓိက နိုင်ငံတကာပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး မတ်လတွင် ကျင်းပမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှ ယူ-၂၃ ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ခြေစစ်ပွဲမအောင်မြင်ခဲ့သောကြောင့် လာမည့်နှစ်တွင် တစ်ကျော့ပြန် အောင်မြင်ရန် ပြင်ဆင်ရမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲအပြီးတွင် သက်တမ်းအလိုက် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ၊ နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲအောင်မြင်ပါက ယင်းအသင်းကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းအထိ ဖွဲ့စည်းသွားမည်ဖြစ်သည်။

မြန်မာအမျိုးသားဘောလုံးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ဝေးကွာနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပြီး ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မျှော်မှန်းခဲ့သော်လည်း စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဦးကြည်လွင်ကို တစ်ကျော့ပြန် တာဝန်ပေးထားပြီး အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဆွီဒင်နှင့် ဘယ်လ်ဂျီယံတို့ နိုင်ပွဲရခဲ့သည့် ၁၆ သင်းအဆင့် ရှုံး/ထွက်ပွဲစဉ်

၂၀၁၈ ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံး/ထွက်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇူလိုင် ၃ ရက်ညပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဆွီဒင်နှင့် ဆွစ်ဇာလန်ပွဲတွင် ဆွီဒင်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အနိုင်ဂိုးသွင်းယူ**

ယနေ့ပွဲတွင် ဆွီဒင်နှင့် ဆွစ်ဇာလန်အသင်းတို့ ပထမပိုင်းထိ ဂိုးရလဒ်မပေါ်ခဲ့ဘဲ ဒုတိယပိုင်း ၆၆ မိနစ်တွင် ဖော့စ်ဘက်က ဆွီဒင်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၂ ကြိမ်ထိရရှိခဲ့ရာ လေးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဆွီဒင်အသင်းသည် ရှစ်ကြိမ်ကန်သွင်းခွင့်ရကာ သုံးကြိမ်သာ ဂိုးပေါက်တည့်ခဲ့ပြီး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

**နှစ်ဂိုးအသာဖြင့် ဦးဆောင်**

ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ဘယ်လ်ဂျီယံနှင့် ဂျပန်ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ဘယ်လ်ဂျီယံအသင်းအနိုင်ရရှိခဲ့သည်။ ပရိသတ် လေးသောင်းကျော်ဆံ့ ရော့စ်တော့ဗ်အာရီနာကွင်းကြီး၌ ယှဉ်ပြိုင်ခဲ့သည့် ယင်းပွဲတွင် ဘယ်လ်ဂျီယံအသင်း ၃-၄-၂-၁ ကစားကွက်ဖြင့်ပွဲထွက်ခဲ့ပြီး ဂျပန်အသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ပွဲချိန် ၄၈မိနစ်တွင် တောင်ပံကစားသမား ဟာယာဂူရှိက ဂျပန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၅၂ မိနစ်တွင် တာကာရှီအင်ယူက ဂျပန်အတွက် ဒုတိယဂိုးသွင်းယူပြီး နှစ်ဂိုးအသာဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

**ငါးကြိမ် ဂိုးပေါက်တည့်**

ဘယ်လ်ဂျီယံအတွက် ချေပဂိုးကို ပွဲချိန် ၆၉မိနစ်တွင် ဗာတွန်ဂန်၊ ၇၄ မိနစ်တွင် ဖယ်လ်လိုင်နီနှင့် အနိုင်ဂိုးကို မိနစ်၉၀တွင် နာဆာချာဒလီက သွင်းယူခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှု ဘယ်လ်ဂျီယံအသင်း အနည်းငယ် အသာစီးရခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၂ ကြိမ်အနက် ရှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဂျပန်အသင်းက ကိုးကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး ငါးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၇ရက် စနေနေ့ နံနက်ပိုင်းတွင် ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

# အခြေခံမြားပစ်သင်တန်းဆင်းပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်း(၇/၂၀၁၈)ဆင်းပွဲကို ဇွန်လ နောက်ဆုံးပတ်က ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပခဲ့ပြီး သင်တန်းသား သင်တန်းသူ ၃၂ ဦးအနက်မှ ပဏာမလက်ရွေးစင် အမျိုးသားလေးဦးနှင့် အမျိုးသမီးလေးဦးတို့ကို ရွေးချယ်နိုင်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နာယက ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာများအား မြားပစ်သင်တန်းဆုရရှိသူများနှင့် သင်တန်းဆင်းလက်မှတ်များကို မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်း ၂၆ မြို့နယ် အသက် ၁၇ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကုန်ကျစရိတ်များကို ဦးဇေသီဟ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)မှ ငွေကျပ် သိန်း ၅၀၊ ဦးမြင့်လွင် (ကေခိုင်ဦး ကုမ္ပဏီလီမိတက်)မှ ငွေကျပ်ငါးသိန်းနှင့် ဦးတောက်ထွန်း ( Winner Sport Co.Ltd) မှ ငွေကျပ်ငါးသိန်းနှင့် ပြိုင်ပွဲကျင်းပရေး ဝတ်စုံနှင့် ဘောလုံးများပေးအပ်ခဲ့ကြသည်။

**မြင့်ဟန် (ခရိုင်-ပြန်/ဆက်)**

# တာချီလိတ်၌ မော်တော်ယာဉ်မောင်းနှင်လာသူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သူနှင့် အဖွဲ့ဝင်များအား ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ မော်တော်ယာဉ်မောင်းနှင်လာသူ တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သူနှင့် အပေါင်းအပါ ခြောက်ဦးကို ဇူလိုင် ၂ ရက် ညပိုင်းက ဖမ်းဆီးရမိသည်။

ဇူလိုင် ၂ ရက် ည ၇ နာရီခန့်တွင် ရန်ကျားချိန်(၃၄ နှစ်) ဝိန်းကျောက်ရပ်ကွက် တာချီလိတ်မြို့နေသူ မောင်းနှင်ပြီး ၎င်း၏အစ်ကိုဖြစ်သူ ဦးအားနိမ် (၄၃ နှစ်) စီးနင်းလိုက်ပါလာသည့် Surf အမျိုးအစား မော်တော်ယာဉ်ဖြင့် ဝမ်ကျောက်လုံရွာရှိ ဝက်ခြံမှ ဝိန်းကျောက်ရပ်ကွက်နေအိမ်သို့ အာခါဈေးလမ်းအတိုင်းပြန်လာစဉ် လပ်ကီး ဟိုတယ်ရှေ့အရောက်တွင် ကားလမ်းဘေးရပ်နေသည့် အမျိုးသားတစ်ဦးက သေနတ်အရှည်ဖြင့် သုံးချက်ပစ်ခတ်ရာ ကား၏ ယာဘက် ဘောနက်ဘေးတွင် ကျည်ထိမှန်ပြီး ယာဘက် ယာဉ်မောင်း တံခါးလက်ကိုင်နှင့် ယာဘက် နောက်တံခါးတို့တွင် ကျည်ဖောက်ဝင်ကာ ယာဉ်မောင်းနှင်လာသူ ရန်ကျားချိန်၏ ကျောအောက်ပိုင်း ကျည်ဖောက်ဝင် ဒဏ်ရာနှစ်ချက်၊ ဝဲဘက်ကျောအောက်နား ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်တို့ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

သေဆုံးမှုအား စုံစမ်းဖော်ထုတ်နိုင်ရန် တာချီလိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးခိုင်နှင့်ပူးပေါင်းအဖွဲ့က အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ တရားလိုနှင့် သက်သေများ စစ်ဆေးခြင်းနှင့် အခင်းဖြစ်နေရာ ပတ်ဝန်းကျင်အား စစ်ဆေးပြီး စိုင်းကျော်သိန်း(ခ)နွတ်ခမ်းမွှေး(၄၀ နှစ်) ဝမ်ကျောက်လုံရွာ ဖန်မင်အုပ်စု တာချီလိတ်မြို့နေသူအား စစ်ဆေးရာ ငွေကြေးကိစ္စများဖြင့် သူငယ်ချင်းဖြစ်သူ အိုက်ပွတ်ဆိုသူနှင့် စကားများရန်ဖြစ်ခဲ့ပြီး M 22 သေနတ်အရှည်တစ်လက်နှင့် ကျည်ဘောက်အတွင်း ကျည်များထည့်၍ အိုက်အောင်ဆိုသူအား ဆိုင်ကယ်မောင်းနှင်ခိုင်းပြီး ပါဆတ်ရပ်ကွက်ရှိ အိုက်ပွတ်ပိုင် ကားအရောင်းပြခန်း အပေါ်ထပ်ကို သေနတ်ဖြင့် သုံးချက်ပစ်ဖောက်၍ အာခါဈေးအနီး လပ်ကီးဟိုတယ်ရှေ့အရောက်တွင် SURF အမျိုးအစား မော်တော်ယာဉ်မောင်းလာသူကို လေးချက်ပစ်ခတ်ခဲ့ကြောင်း၊ ဒေါ်သမပြေသေးသဖြင့် ပါဆတ်ရပ်ကွက် စိုင်းပွတ်ပိုင် ကားအရောင်းပြခန်းရှေ့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သေနတ်သုံးချက်၊ ဟောင်လိတ်လမ်းဆုံမီးပွိုင့်တွင် သေနတ်သုံးချက်၊ ဒေင်ရွာအနီးတွင် သေနတ်နှစ်ချက်တို့ ပစ်ဖောက်ခဲ့ကြောင်း၊ နေအိမ်အရောက်တွင် တာချီလိတ်ခရိုင် အရံတပ်ခွဲ၊ ပြည်နယ် မှ/ကူ၊ ခရိုင်မှ/ကူ၊ တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးကြရာ ၎င်းက သေနတ်အရှည်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သဖြင့် ပြည်သူ့စစ်တစ်ဦး သေနတ်ထိမှန် ခံခဲ့ရကြောင်း သိရသည်။

အမှုမှ ရန်ကျားချိန် (၃၄ နှစ်)အမှတ် ၂၃၀၊ ဝိန်းကျောက်ရပ်ကွက် တာချီလိတ်မြို့နေသူကို သေဆုံးအောင် သေနတ်ဖြင့် ပစ်ခတ်သူ စိုင်းသိန်းကျော်(ခ) နွတ်ခမ်းမွှေး (၄၀ နှစ်)၊ စိုင်းလှဝင်း(၁၈နှစ်)၊ စိုင်းရှန်မိန်း(ခ) အိုက်ရွက် (၃၄ နှစ်)၊ ပဏ္ဍိတ (၃၁ နှစ်)၊ စိုင်းအောင်(၂၀ နှစ်) နှင့် စိုင်းအောင်ထူး(၄၅နှစ်)ဒေင်ရွာ၊ ဖန်မင်အုပ်စု တာချီလိတ်မြို့နေသူတို့အား သေဆုံးသူ၏ အစ်ကိုဖြစ်သူ ဦးအားနိမ်က တရားလိုပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



အခင်းဖြစ်ပွားသည့်နေရာနှင့် ယာဉ်အား တာဝန်ရှိသူများ စစ်ဆေးစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၄၅ - နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန် ပေးဆောင်ပေး ဝင်ငွေခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် စပ်လျဉ်း၍ ပြင်ဆင်မှုလျှော့ချထားခြင်း အကြောင်း သိကောင်းစရာ
- ၉း၁၀ - စိုက်ပျိုးရေးရာအဖြေရှာ **လက်ဖက်ခင်းနှင့် လက်ဖက်ခြောက်**
- ၉း၃၀ - ရှန်းကန်လှုပ်ရှားဘဝများ **တံငါသည်တို့ရဲ့ ရုန်းကန်လှုပ်ရှားနေရတဲ့ဘဝ**
- ၁၀း၄၅ - ပြည်သူ့နီတိ **ဝဏ္ဏမေတ္တာ**
- ၁၁း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **တိုးကျော်မန်းနဲ့ နန်းဆန်တဲ့ရွာ**
- ၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၂၂)
- ၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၄) (ရန်ကုန်မြို့) (ပထမပိုင်း)

**ညပိုင်း**

- ၁၆း၃၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ**
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ အဆိုတော် အကော်ဒီယံ အုန်းကျော် အကြောင်း တွေ့ဆုံမေးမြန်းခြင်း
- ၁၇း၂၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ရာဇဝင်ရိုင်းခဲ့သည်**
- ၁၈း၃၅ - ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲက ဘဝ ကျွန်မသာလျှင် မယားစစ်ဖြစ်ပါကြောင်း
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ရက်** (အပိုင်း-၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Micro Level တတိယဆုရ Mr Teak ပရိဘောဂလုပ်ငန်း
- သုခုမရင်ခွင်အငြိမ့်သဘင် **အာရှညီနောင်အငြိမ့်**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၃၂)

## စဉ့်ကူးမြို့နယ်၌ ယာဉ်တိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ယာဉ်တိုက်မှုဖြစ်ပွားသည့် ယာဉ်နှစ်စီးပေါ်မှ တရားမဝင် ကျောက်စိမ်းနှင့်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃**

စဉ့်ကူးမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၄၆/၅-၆)ကြား၌ ဇူလိုင် ၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ယာဉ်တိုက်မှုဖြစ်ပွားသည့် ယာဉ်နှစ်စီးပေါ်မှ တရားမဝင်ကျောက်စိမ်းနှင့် သစ်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကုတ်ဘက်မှ မန္တလေးဘက်သို့ စဉ့်ကူးမြို့နေ နိုင်ဝင်းထွန်း (၂၈နှစ်)မောင်းနှင်ပြီး ဖားကန့်မြို့နယ် နမ့်ဆန်ရွာသစ်ကျေးရွာနေ လှိုင်မင်းသန့် (၃၀နှစ်)ပါ ခရီးသည် ၁၁ ဦး လိုက်ပါလာသည့် 8J/---- ခရီးသည်တင်ယာဉ်သည် လမ်းဘေး၌ရပ်ထားသော သရီးကရောင်းယာဉ်၏ နောက်ပိုင်းကို တိုက်မိခဲ့သဖြင့် နိုင်ဝင်းထွန်းပါ သုံးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် သန့်ဇင်ဝင်းပါ သုံးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် နိုင်ဝင်းထွန်းအား လက်ပန်လှရဲကင်းစခန်းက အရေးယူခဲ့သည့်အပြင် ၎င်းမောင်းနှင်သည့် 8J/---- ယာဉ်ပေါ်မှ တရားမဝင် သယ်ဆောင်လာသည့် ကျောက်စိမ်းအလေးချိန် ၄၃ ပိဿာ ၇၅ ကျပ်သားအား တွေ့ရှိသိမ်းဆည်းရမိသည်။

အတိုက်ခံရသည့် သရီးကရောင်းယာဉ်ပေါ်မှလည်း တရားမဝင် ကျွန်းသစ်ခွဲသား ၃ ဒသမ ၁၃၇၄ တန်၊ ပျဉ်းကတိုးသစ်ခွဲသား ၂ ဒသမ ၅၆၄၀ တန်၊ အင်ကြင်းခွဲသား ၁ ဒသမ ၃၃၄၀တန် တို့အား သိမ်းဆည်းရမိခဲ့သောကြောင့် လက်ပံလှရဲကင်းစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## အင်းတော်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၀၀ ဖမ်းမိ

**အင်းတော် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်-မိုးညှင်းသွားကားလမ်း မိုင်တိုင်အမှတ် 234/KM အနီးမှ ငွေကျပ်သိန်း ၁၇၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃ ရက် နံနက် ၉ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ ရဲအုပ် ကျော်မင်းထွန်း ဦးဆောင်သော မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် အင်းတော်-မိုးညှင်းသွားကားလမ်း မိုင်တိုင်အမှတ် 234/KM အနီး သတင်းအရ စောင့်ဆိုင်းနေစဉ် အင်းတော်မြို့ဘက်မှ ဆိုင်းနန်(ခ)မကျီးဂစ်ဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဆွတ်ဆိုင်နော် မောင်းနှင်လာသောဆိုင်ကယ်နှစ်စီးအား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ ဆိုင်းနန်(ခ)မကျီးဂစ် မောင်းနှင်လာသော ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀၀ နှင့် ဆွတ်ဆိုင်နော် မောင်းနှင်လာသော ဆိုင်ကယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၀၀ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၁၀ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်လာသူ ဆိုင်းနန်(ခ)မကျီးဂစ် ရောင်တန်ကျေးရွာ မန်တုံမြို့ ရှမ်းပြည်နယ်နေသူနှင့် ဆွတ်ဆိုင်နော် မံမလင်ကျေးရွာ ဗန်းမော်မြို့နေသူတို့နှစ်ဦးအား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း ရဲအုပ် ကျော်မင်းထွန်းထံမှ သိရသည်။

**လူအောင်(ကသာ)**

## ကန်ပိုက်တီ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

ကန်ပိုက်တီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁ ရက် နံနက် ၉ နာရီက ဝိုင်းမော်မြို့နယ် ကန်ပိုက်တီမြို့အဝင် ဆီပန့်ဆိုင်အနီး၌ ဇော်ဖန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ၁၀ ခွက်(ဘိန်းဖြူ အလေးချိန် ၁၀၀ ဂရမ်)ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ဇူလိုင် ၂ ရက် မွန်းလွဲ ၂ နာရီက မောတောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တနင်္သာရီမြို့နယ် မောတောင်မြို့ ပြည်ထောင်စု ၁ လမ်း မြို့မရပ်ကွက်၌ ဇော်မင်းသိန်းကို ရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၂၇ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းစုမြို့နယ် ရှော်တောမော်ကျေးရွာနေ ဦးနီကို၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀ ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂ ရက် မွန်းလွဲ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း၌ နေဖြိုးအောင် (ခ)ဖြူဖွေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ ဘိန်းဆီခဲ ၄၀၀ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## စပါးပျိုးကြဲနေစဉ် မိုးကြိုးပစ်ခံရသဖြင့် သေဆုံးမှုများဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကဒါးသဲကျောကျေးရွာအနီး လယ်ကွက်၌ ဇူလိုင် ၁ ရက် ညနေ ၅ နာရီခွဲက အဆိုပါကျေးရွာနေ အောင်သန်းလင်း (၃၀ နှစ်)သည် စပါးပျိုးကြဲနေစဉ် မိုးကြိုးပစ်ခံရသဖြင့် ဒဏ်ရာများ ရရှိသေဆုံးသွားသောကြောင့် ပြွန်တန်ဆာနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ညနေ ၃ နာရီ မိနစ် ၅၀ က ငပုတောမြို့နယ် ဖိုးရွှေလှော် ကျေးရွာအနီး လယ်ကွက်၌ အဆိုပါကျေးရွာနေ ဦးအုန်းသန်း(၄၀နှစ်)သည် စပါးပျိုးကြဲနေစဉ် မိုးကြိုးပစ်ခံရသဖြင့် ဒဏ်ရာများရရှိ သေဆုံးသွားသောကြောင့် ငပုတောမြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## နေပြည်တော်တွင် ဖုန်းဖြင့်လောင်းကစားသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်တွင် လက်ကိုင်ဖုန်းဖြင့် နှစ်လုံးထီလောင်းကစား ပြုလုပ်နေသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ဌေး၊ ဒုတိယရဲအုပ် ခွန်နေဝင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)အနီး ဇေယျာဌာနီလမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် ၄၅ယ/---- နံပါတ်ပါ KENBO-110 ဆိုင်ကယ်အား မောင်းနှင်လာသူ မျိုးမင်း (၄၀နှစ်)၊ ကိုးရွာသပြေကုန်း ပုဗ္ဗသီရိမြို့နယ်နေသူထံမှ HUAWEI ဖုန်းကို စစ်ဆေးရာ ယင်းဖုန်းမှာ ၎င်း၏ဖုန်းဖြစ်ကြောင်း မျိုးမင်းမှပြောပြ၍ ဖုန်းအတွင်းရှိ Messages များတွင် နှစ်လုံးထီဂဏန်းနှင့် ငွေတန်ဖိုးများ ရေးသားပေးပို့လက်ခံပြီး နှစ်လုံးထီဒိုင်အဖြစ် အသုံးပြုထားကြောင်း တွေ့ရှိရသည်။

ထို့နောက် ၎င်းအား ဆက်လက်ရှာဖွေရာ နှစ်လုံးထီဒိုင်ပြုလုပ် လောင်းကစားငွေကျပ် ၁၄၃၅၀၀ အား တွေ့ရှိရ၍ သိမ်းဆည်းပြီး မျိုးမင်းအား အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ထရန့်နှင့် မက္ကဆီကိုသမ္မတသစ်တို့ ကုန်သွယ်ရေးနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေး ဆွေးနွေး

**ဝါရှင်တန် ဇူလိုင် ၃**

ထရန့်နှင့် မက္ကဆီကိုသမ္မတ အော်ဘရာဒါတို့သည် မကြာသေးမီက ကုန်သွယ်ရေးနှင့်ရွှေ့ပြောင်းနေထိုင်သူများအရေးကိစ္စကို ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ရေးပြဿနာကို အသေးစိတ်ဆွေးနွေးခဲ့ပြီး သဘောတူညီမှုများရရှိခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆန်ဒါးက ဇူလိုင် ၂ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

မက္ကဆီကိုသမ္မတ အော်ဘရာဒါနှင့် ထရန့်တို့၏ဆွေးနွေးမှုသည် နယ်စပ်လုံခြုံရေး၊ မြောက်အမေရိကလွတ်လပ်စွာ ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမေရိကန်-မက္ကဆီကိုနှစ်နိုင်ငံဆက်ဆံရေးအကြောင်းများ ပါဝင်ကြောင်းသိရသည်။

ထို့အတူ မက္ကဆီကိုသမ္မတက အမေရိကန်သမ္မတထရန့်နှင့် ဘက်စုံသဘောတူညီချက်တစ်ခု အကောင်အထည်ဖော်ရန် ဆွေးနွေးထားကြောင်းလည်း သိရသည်။

အဆိုပါကိစ္စ အကောင်အထည်ဖော်ပြီးပါက မက္ကဆီကိုနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ပြီး ရွှေ့ပြောင်းသွားလာသူများလျော့နည်းသွားကာ လုံခြုံရေးတိုးမြင့်လာမည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာတွင်ဖော်ပြခဲ့သည်။

အော်ဘရာဒါက အမေရိကန်နှင့် အပြန်အလှန်လေးစားမှုထားရှိသွားလိုပြီး အမေရိကန်ရှိ မက္ကဆီကိုနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူများအကျိုးကို ကာကွယ်သွားလိုကြောင်းလည်း ရွေးကောက်ပွဲအပြီး ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောခဲ့သည်။

**ဆင်ဟွာ**



အမေရိကန်-မက္ကဆီကိုနယ်စပ်တစ်နေရာအား တွေ့ရစဉ်။

## လော့အိန်ဂျလိစ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးမူဝါဒနှင့်ပတ်သက်၍ ဆန္ဒပြမှုကြောင့် လူ ၁၇ ဦးဖမ်းဆီးခံရ

**လော့အိန်ဂျလိစ် ဇူလိုင် ၃**

လော့စ်အိန်ဂျလိစ်မြို့ရှိ အမေရိကန် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စင်တာရှေ့တွင် လူစုလူဝေးဖြင့် ဆန္ဒပြခဲ့ကြရာ ဆန္ဒပြသူ ၁၇ ဦးဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။ ဆန္ဒပြသူများသည် မိသားစုများ ချက်ချင်းပေါင်းစည်းပေး၊ ကလေးများအပေါ် အနိုင်ကျင့်မှု ချက်ချင်းရပ် အစရှိသည်များကို ကြွေးကြော်ခဲ့ကြပြီး အဆိုပါ ထိန်းသိမ်းရေးစင်တာရှေ့တွင် အော်ဟစ်ခဲ့ကြသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ဥပဒေနှင့်မညီစုဝေးနေသည့်အတွက် လူများကို စတင်ဖမ်းဆီးခဲ့ပြီး ရဲများနှင့် ဆန္ဒပြသူများကြား အချင်းများမှုများ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။ သမ္မတထရန့်၏ "လုံးဝသည်းမခံ" Zero tolerance လူဝင်မှုကြီးကြပ်ရေး မူဝါဒကြောင့် ကလေးငယ်ပေါင်း ၂၀၀၀ ခန့် မိသားစုများနှင့် အခွဲခံထားရသည်။ သမ္မတထရန့်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ဆန့်ကျင်ရန် လူထောင်ပေါင်းများစွာတို့သည် လမ်းမထက်၌ ဆန္ဒပြပွဲများကို စနေနေ့မှစတင်ကာ ပြုလုပ်ခဲ့ကြသည်။

အဖမ်းခံထားရသော ၁၇ ဦးထဲတွင် လော့အိန်ဂျလိစ်မြို့ကောင်စီဝင် မိုက်ဘွန်နီလည်းပါဝင်ပြီး ၎င်းက ဆန္ဒပြနေသော လူအုပ်ကြီးကို ငြိမ်းချမ်းစွာဆန္ဒပြကြရန် ပြောကြားခဲ့သည်။ ၎င်းသည် ဆန္ဒပြပွဲမစတင်မီ လက်ရှိအခြေအနေများမှာ စိတ်ပျက်ဖွယ်ကောင်းကြောင်း၊ ရက်စက်မှုများကို မျက်မြင်ကိုယ်တွေ့တွေ့မြင်နေရကြောင်း၊ ဤလုပ်ရပ်ကို ရပ်တန့်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ဒေသခံသတင်းဌာနဖြစ်သော CSB သတင်းချန်နယ်ကိုပြောကြားခဲ့သည်။ **ဆင်ဟွာ**




## ကာကွယ်ရေးအသုံးစရိတ်တွင် ပိုမိုသုံးစွဲကြရန် ထရန့်တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၃**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် နေတိုးထိပ်သီး အစည်းအဝေးမတိုင်မီ ဂျာမနီနှင့်အခြားသော နေတိုးမဟာမိတ်တပ်ဖွဲ့များကို လုံခြုံရေးဆိုင်ရာ တာဝန်များအား မျှဝေထမ်းဆောင်သွားကြရန် တောင်းဆိုသည့်စာပေးပို့ခဲ့သည်။ ဂျာမနီ၊ ကနေဒါနှင့်နော်ဝေတို့အပါအဝင်အခြားသော နေတိုးမဟာမိတ် နိုင်ငံများထံ သမ္မတထရန့်က စာပို့ခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်မှသတင်းရင်းမြစ်များက ပြောသည်။ စာထဲတွင် ပါဝင်သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြထားခြင်းမရှိသော်လည်း သမ္မတထရန့်သည် နေတိုးအဖွဲ့ဝင်နိုင်ငံများကို ကာကွယ်ရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို မျှဝေထမ်းဆောင်သွားရန် တောင်းဆိုထားကြောင်း အဆိုပါသတင်းအရင်းအမြစ်များက ပြောသည်။

ယခုအခါအမေရိကန်ပြည်ထောင်စု၌ ပို၍ ဝန်ပိလာပြီး အချို့သောနေတိုးတပ်ဖွဲ့ဝင်များကၡင်းတို့၏ ကတိအတိုင်းဆောင်ရွက်နိုင်ခြင်းမရှိဟု သမ္မတထရန့်က ရေးသားခဲ့သည်ဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။

နေတိုးအဖွဲ့ဝင်များသည် တိုင်းပြည် ဂျီဒီပီ၏ ၂ ရာခိုင်နှုန်းကို အမျိုးသားကာကွယ်ရေးအတွက် နှစ်စဉ်သုံးစွဲမည်ဟုသဘောတူထားသော်လည်း အမေရိကန်အပါအဝင်အချို့သောနိုင်ငံများမှာ လိုအပ်ချက်များရှိနေဆဲ ဖြစ်သည်။ အမေရိကန်သမ္မတထရန့်သည် နောက်ဆုံးကျင်းပခဲ့သည့် နေတိုးထိပ်သီးအစည်းအဝေးတွင် အခြားသော တိုင်းပြည်များကိုဝေဖန်ခဲ့ပြီး ကာကွယ်ရေးတွင် ပိုမိုသုံးစွဲကြရန်လည်း တောင်းဆိုခဲ့သည်။ သမ္မတထရန့်သည် ယင်းပြဿနာကို လာမည့်အစည်းအဝေးတွင်လည်း ဆက်လက်ဆွေးနွေးသွားမည်ဟု ယူဆရသည်။

ယခုအခါအမေရိကန်နှင့် အီးယူအဖွဲ့တို့ကြား ကုန်သွယ်ရေးမူဝါဒနှင့်ပတ်သက်၍ အချင်းများလျက်ရှိရာ ဥရောပမဟာမိတ်များသည် နေတိုးအဖွဲ့၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လာမည်ကိုလည်း စိုးရိမ်နေကြသည်။

**အင်န်အိတ်ချ်ကေ**

## ဓာတုဗေဒပစ္စည်း ထုတ်လုပ်သည့် စက်ရုံတစ်ခု မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံ ဖူကိုင်စီရင်စုအတွင်းရှိ ဓာတုဗေဒပစ္စည်းထုတ်လုပ်သည့် စက်ရုံတစ်ခု မကြာသေးမီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး အခြား ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် ဇူလိုင် ၂ ရက်နေ့လယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် တစ်ဦးမှာ ဒဏ်ရာအလွန်ပြင်းထန်ကြောင်း သိရသည်။

ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့သည့် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသည် ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် ဓာတုဆေးဝါးများထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်ပြီး ယင်းစက်ရုံတွင် အလုပ်သမားစုစုပေါင်း ၁၉ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## မလေးရှားနိုင်ငံတောင်ပိုင်း၌ တရားမဝင်ရွှေ့ပြောင်းသူများတင်ဆောင်လာသော ရေယာဉ်တိမ်းမှောက်ရာ တစ်ဦးသေဆုံးပြီး ၂၅ ဦး ကယ်ဆယ်နိုင်ခဲ့

**ကွာလာလမ်ပူ ဇူလိုင် ၃**

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟိုးပြည်နယ်အနီးပင်လယ်ပြင်တွင် တရားမဝင်ရွှေ့ပြောင်းသူများ တင်ဆောင်လာသော ရေယာဉ်တစ်စင်းတိမ်းမှောက်ခဲ့ရာ လူ ၂၅ ဦးကို ကယ်ဆယ်နိုင်ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း မလေးရှားရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ပြောကြားသည်။

ရေယာဉ်သည် ဇူလိုင် ၂ ရက်က ဂျိုဟိုးပြည်နယ် တန်ဂျွန်ဘာလူမှ ၆ မိုင်ခွဲအကွာ ပင်လယ်ပြင်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေယာဉ်ပေါ်တွင် တရားမဝင် ရွှေ့ပြောင်းလာသူ ၄၄ ဦးခန့် တင်ဆောင်လာကြောင်း ဂျိုဟိုးပြည်နယ် မလေးရှားရေကြောင်း အာဏာပိုင်အဖွဲ့အစည်းတာဝန်ခံ အဘူဘာကာက ပြောခဲ့သည်။

ရေယာဉ်ပေါ် လိုက်ပါလာသူများသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ဖော်ပြထားခြင်းမရှိသော်လည်း ယင်းရေယာဉ်မှာ အင်ဒိုနီးရှားမှ မလေးရှားနိုင်ငံသို့ လာရောက်ခြင်းဖြစ်နိုင်ကြောင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားပင်လယ်ပြင်တွင် တရားမဝင်လုပ်သားများ စီးနင်းလာသော ရေယာဉ်နစ်မြုပ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လူမတန်တဆ တင်ဆောင်ခြင်းနှင့် ဆိုးရွားလှသည့် ရာသီဥတုများကြောင့် ယခုကဲ့သို့ မကြာခဏ တိမ်းမှောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



## လူ၁၉ ဦးသေဆုံးခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုအပေါ် ဂူတာရက်စ်အပြစ်တင်

**ဂျီနီဗာ ဇူလိုင် ၃** - အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့သည့်အပေါ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဂူတာရက်စ်ကမကြာသေးမီတွင် ပြစ်တင်ရှုတ်ချလိုက်ကြောင်း သိရသည်။

အရပ်သားများအား ပစ်မှတ်ထားသော မည်သည့်တိုက်ခိုက်မှုမျိုးမဆို တရားမျှတမှုမရှိကြောင်းနှင့် အဆိုပါ တိုက်ခိုက်မှုများမှာ နိုင်ငံတကာ ဥပဒေကို ရှင်းရှင်းလင်းလင်း ချိုးဖောက်မှုဖြစ်ကြောင်း ဂူတာရက်စ်၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟက်က ပြောခဲ့သည်။ သက်ဆိုင်သည့်အဖွဲ့အစည်းများအနေဖြင့် အရပ်သားများကို အကာအကွယ်ပေးကြရန်၊ အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်မှုကို ရပ်တန့်ရန်နှင့် အရပ်သားများကို အကူအညီပေးကြရန် ၎င်းက ဆက်လက်တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် အာဖဂန်အစိုးရနှင့် ပြည်သူများဘက်မှ ရပ်တည်ပေးကြပြီး နိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဝိုင်းဝန်းကြိုးပမ်းကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က တိုက်တွန်းပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဂျာလာလာဘတ်မြို့သို့သွားရာ လမ်းခရီးတစ်နေရာတွင် အသေခံဗုံးခွဲသမားတစ်ဦးက ဆစ်ခ်နှင့်ဟိန္ဒူများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၉ ဦးထက်မနည်း သေဆုံးခဲ့ပြီး ကလေးငယ်များအပါအဝင် လူ ၂၀ ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**

# အပျော်တွေနဲ့ အဆုံးသတ်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်

**နောက်ကျိမှုန်ဝါးနေတဲ့ရေထဲကနေ ဗြိတိန်ရေငုပ်သမား ဘွားခနဲပေါ်လာတဲ့အခါ ပိန်လှီနေတဲ့ ကျောင်းသားလေးတွေကို တစ်စုတစ်စည်းတည်းတွေ့လိုက်ရပါတယ်။ အလင်းရောင်မှိန်မှိန်လေးအောက်မှာ ဒီကလေးတွေကို တွေ့လိုက်ရတဲ့အခါမှာတော့ ရေငုပ်သမားဟာ သူ့ရဲ့တာဝန် အောင်မြင်ပြီဆိုတာကို ချက်ချင်းသိလိုက်ပါပြီ။ ‘‘မင်းတို့အားလုံး လူဘယ်နှယောက်လဲ’’လို့ ရေငုပ်သမားတစ်ဦးက မေးလိုက်ပါတယ်။ ကလေးတစ်ယောက်က ချက်ချင်းပဲ ‘‘၁၃’’ လို့ပြန်ဖြေလိုက်ပါတယ်။ ရေငုပ်သမားကလည်း ကျေနပ်အားရတဲ့အသံနဲ့ ‘‘တော်တယ်’’လို့ ပြန်ပြောခဲ့ပါတယ်။**

ခြူးစန္ဒီမွေး

### ပိတ်မိနေသောကျောင်းသားလေးများ

ဒီကလေး ၁၃ ယောက်ဟာ ထိုင်းနိုင်ငံမြောက်ပိုင်းက ရေတွေပြည့်လျှံနေတဲ့ ထမ်လုံလိုဏ်ဂူထဲမှာ ၁၀ ရက်ကြာ ပိတ်မိနေတာပဲဖြစ်တယ်။ သူတို့ ၁၃ ယောက်ပိတ်မိနေတဲ့ သတင်းကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိပြီး သူတို့လေးတွေ ပြန်လည်လွတ်မြောက်မယ့်သတင်းကို မျှော်လင့်တကြီးစောင့်ဆိုင်းနေကြပါတယ်။ ၁၃ ယောက်ပိတ်မိနေတဲ့ အထဲမှာ ကျောင်းသားလေးတွေက ၁၂ ဦးဖြစ်ပြီး တစ်ဦးကတော့ သူတို့ရဲ့ဘောလုံးနည်းပြပါ။

### ရေငုပ်သမားနှစ်ဦးရဲ့အောင်မြင်မှု

ထိုင်းနိုင်ငံ ရေတပ်က ဖေ့စ်ဘွတ်အကောင့်မှာ တင်ထားခဲ့တဲ့ဗီဒီယိုမှာတော့ ကျောင်းသားလေးတွေနဲ့ သူတို့ရဲ့နည်းပြဆရာဟာ အံ့သြဖွယ်ကောင်းလောက်အောင်ကို ကျန်းကျန်းမာမာအခြေအနေရှိနေတာကို တွေ့ရပါတယ်။ တချို့သောကလေးတွေကတော့ ထိုင်နေပြီး အချို့ကလေးတွေကတော့ မတ်တတ်ရပ်ကာ ရေထဲက ရေငုပ်သမားဦးဦးရဲ့မေးခွန်းတွေကို ပြန်ဖြေနေကြပါတယ်။ အခုအချိန် သူတို့စိတ်ထဲမှာတွေးနေတဲ့ အရာကတော့ အခြားမဟုတ် အစာဘယ်ကရမလဲဆိုတာ သေချာပါတယ်။ ကျောင်းသား ၁၂ ဦးနဲ့ နည်းပြတစ်ဦးတို့ စတင်ပျောက်သွားခဲ့တဲ့ ဇွန် ၂၃ ရက်ကစလို့ ကယ်ဆယ်ရေးနဲ့ ရှာဖွေရေးလုပ်ငန်းတွေကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြပါတယ်။ ကျောင်းသားလေးတွေ သွားရောက်လည်ပတ်ခဲ့တဲ့ ထမ်လုံလိုဏ်ဂူဟာ သွားရောက်လည်ပတ်ဖို့ နာမည်ကျော်ကြားတဲ့နေရာတစ်ခုဖြစ်ပေမယ့် မိုးတွင်းမှာတော့ ဂူအတွင်းကို မဝင်သင့်ဘူးလို့ သတိပေးဆိုင်းဘုတ်ကို ဂူရှေ့မှာချိတ်ဆွဲထားပါတယ်။ ဂူအတွင်းပိတ်မိနေတဲ့ကလေးငယ်တွေဆီ ပထမဦးဆုံးရောက်သွားတဲ့ ရေငုပ်သမားနှစ်ယောက်ကတော့ ဗြိတိန်လူမျိုး John Volanthen နဲ့ Rick Stanton ဆိုသူတို့ဖြစ်ပြီး သူတို့နှစ်ယောက်ဟာ ဂူအတွင်းကယ်ဆယ်ရေး ကျွမ်းကျင်သူနှစ်ဦးလည်းဖြစ်တယ်လို့ ဗြိတိန်ဂူတွင်းကယ်ဆယ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ Bill Whitehouse က ပြောပါတယ်။

### ဘယ်လိုကယ်ထုတ်ကြမလဲ

အခုအချိန်မှာတော့ ကလေးတွေအားလုံးကို ပြန်တွေ့ပါပြီ။ ဒါပေမယ့်လည်း စိန်ခေါ်မှုတွေရှိနေပါသေးတယ်။ အဲဒါကတော့ ရေကြီးနေတဲ့ ဒီဂူထဲကနေ ကလေးတွေကို ဘယ်လိုပြန်ကယ်ထုတ်မလဲဆိုတာပါပဲ။ ကျောင်းသားတွေထဲက အသက်အငယ်ဆုံးကလေးဟာ အခုမှ အသက် ၁၁ နှစ်ပဲရှိပါသေးတယ်။ သူတို့နည်းပြကတော့ အသက် ၂၅ နှစ်ရှိပါပြီ။ ကျောင်းသားတွေရဲ့ အသက်အရွယ်ဟာ ၁၁ နှစ်ကနေ ၁၆ နှစ်ကြားမှာရှိပါတယ်။ သေချာတာကတော့သူတို့အားလုံးမှာ ရေငုပ်ကျွမ်းကျင်သူတစ်ဦးမှ ပါမှာမဟုတ်ပါဘူး။ ရေအောက်မှာ အသက်ရှူကိရိယာတွေကို ဘယ်လိုအသုံးပြုရမှာလဲဆိုတာလည်း သူတို့မသိပါဘူး။ ဒီကျောင်းသားတွေကို ရေအောက်ကနေ ဂူအပြင်ကို ဘယ်လိုကယ်ထုတ်ရမလဲ။ ပြီးတော့ သူတို့အားလုံးဟာ အခုအချိန်မှာ အားနည်းနေကြပါတယ်။ ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူးက ဆေးအဖွဲ့တွေနဲ့ ဆေးကုသမှုပေးပြီး သူတို့ကို ရွှေ့လို့ရပြီဆိုတာနဲ့ ကယ်ထုတ်သွားမှာပါလို့ ပြောပါတယ်။ ရေငုပ်သမားတွေဟာ သူတို့ဝတ်ဆင်ထားတဲ့ ရေငုပ်ကိရိယာတွေနဲ့ဆို ဝင်ရထွက်ရတာကျဉ်းတဲ့ လမ်းကျဉ်းလေးကို ဖြတ်ကျော်ပြီးတော့မှ ကျောင်းသားလေးတွေကို ရှာတွေ့ခဲ့တာပါ။ အစောပိုင်းတုန်းကဆိုရင် ကယ်ဆယ်ရေးအဖွဲ့တွေဟာ ဂူထဲကရေတွေ လျော့သွားစေဖို့ ရေစုပ်စက်ကြီးတွေ အသုံးပြုပြီး ရေစုပ်ထုတ်ခဲ့ကြပါတယ်။ လုပ်နိုင်သမျှအရာအားလုံးကို အစွမ်းကုန်ကြိုးစားခဲ့ကြပါတယ်။ ထိုင်းဘုရင်မင်းမြတ်ကိုယ်တိုင်ကလည်း သူ ဒီဖြစ်ရပ်ကို အနီးကပ်စောင့်ကြည့်နေတယ်။ အစိုးရအရာရှိတွေအားလုံးကိုလည်း အစွမ်းကုန်ကြိုးစားကြဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

### ခံနိုင်ရည်ကောင်းတဲ့ကျောင်းသားများ

ကျောင်းသားလေးတွေနဲ့ ရေငုပ်သမားဦးလေးကြီး တွေ့ဆုံကြတဲ့အခါမှာတော့ ကျောင်းသားလေးတွေက ‘‘ဒီနေ့ဘာနေ့လဲ’’ လို့ မေးခဲ့ပါတယ်။ သူတို့ ဂူထဲမှာပိတ်မိနေတာ ဘယ်လောက် ကြာပြီလဲဆိုတာ သိချင်နေကြပါတယ်။ ‘‘၁၀ ရက်၊ မင်းတို့ ဂူထဲမှာရောက်နေတာ ၁၀ ရက်ရှိပြီ၊ မင်းတို့ အလွန်သန်မာတာပဲ’’ လို့ ပြန်ဖြေခဲ့ပါတယ်။ ရေငုပ်သမားတစ်ဦးကတော့ သူတို့ကို အပြင်ကယ်ထုတ်ဖို့ အချိန်ယူရဦးမယ်ဆိုတာရယ်၊ အစားအသောက်နဲ့ ထောက်ပံ့ရေးပစ္စည်းတွေ လာပေးမယ်ဆိုတာကို ရှင်းပြခဲ့ပါတယ်။ ‘‘အပြင်မှာလူတွေအများကြီးရှိတယ်။ သူတို့လာနေကြပါပြီ။ တို့က ပထမဦးဆုံးပဲ’’ လို့ ပြန်ဖြေခဲ့ပါတယ်။ ကျောင်းသားတွေနဲ့ နည်းပြဆရာဟာ လေ့ကျင့်ခန်းပြီးပြီးချင်း ဂူထဲကို လာခဲ့ကြတာပါ။ သူတို့နဲ့အတူ အစားအစာအများကြီး ပါလာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ ဘယ်လောက်ကြာကြာ အစာမရှိဘဲ ရှင်သန်နေနိုင်သလဲ။ အစားအစာဟာ အဓိက အရေးကြီးတဲ့အရာတော့ မဟုတ်ပါဘူး။ လူ့ရဲ့ကိုယ်ခန္ဓာဟာ ကာလတိုအစာပြတ်တောက်တာကိုတော့ ခံနိုင်ရည်ရှိပါတယ်လို့ အရေးပေါ်အခြေအနေဆိုင်ရာ ဆေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ Eric Lavonas က ပြောပါတယ်။


### မိဘများရဲ့ပျော်ရွှင်မှု

ကလေးတွေကိုပြန်တွေ့တဲ့အခါ ဂူအပြင်မှာ သောကများနေကြတဲ့ မိဘတွေရဲ့ခံစားချက်ကတော့ ပြောမပြနိုင်အောင်ပါပဲ။ ပိတ်မိကလေးတစ်ဦးဖြစ်တဲ့ အသက် ၁၃ နှစ်အရွယ် Duangpetch Phromthep ရဲ့ဖခင်ကတော့ သူ့သားရဲ့ပုံကို ဗီဒီယိုထဲမှာမြင်လိုက်ရတာ ဝမ်းသာလို့မဆုံးဘူးလို့ ဖြေခဲ့ပါတယ်။ အခြားသောမိဘတွေရဲ့ခံစားချက်ကလည်း အလားတူပါပဲ။ သားကိုမြင်ရတာ ပိန်နေပြီး အားနည်းနေတဲ့ပုံရှိပေမယ့် သူမျက်နှာလေးမြင်ရတာ ပျော်လို့မဆုံးပါဘူးလို့ ဖြေခဲ့ပါတယ်။ ကယ်ဆယ်ရေးသမားတွေအားလုံးဟာ ကျောင်းသားတွေနဲ့ သူတို့ရဲ့နည်းပြဟာ ဂူအတွင်းပတ္တရားကမ်းခြေလို့ တင်စားခေါ်ဝေါ်ထားတဲ့နေရာမှာရှိတယ်လို့ ယူဆခဲ့ကြပါတယ်။ အဲဒီနေရာဟာ ခြောက်သွေ့ပြီး ဂူရဲ့အခြားနေရာတွေထက်စာရင် လေလည်းပိုမိုရရှိမယ်လို့ ယူဆခဲ့ကြပါတယ်။ လက်တွေ့မှာတော့ အဲဒီနေရာဟာလည်း ရေအောက်ရောက်သွားပါတယ်။ အဲဒါကြောင့် ကျောင်းသားအုပ်စုဟာ အဲဒီနေရာနဲ့ ကီလိုမီတာအနည်းငယ်အကွာက တခြားအခန်းတစ်ခုမှာ ပြောင်းရွှေ့နေခဲ့ကြရပါတယ်။

*စာမျက်နှာ ၁၆ သို့*



ပြန်လည်တွေ့ရှိသည့် ထိုင်းလူငယ်လေးများကို လိုဏ်ဂူအတွင်း၌ ကျန်းမာစွာတွေ့ရစဉ်။




**‘‘ဒီကလေး ၁၃ ယောက်ဟာ ထိုင်းနိုင်ငံမြောက်ပိုင်းက ရေတွေပြည့်လျှံနေတဲ့ ထမ်လုံလိုဏ်ဂူထဲမှာ ၁၀ ရက်ကြာ ပိတ်မိနေတာပဲဖြစ်တယ်။ သူတို့ ၁၃ ယောက် ပိတ်မိနေတဲ့သတင်းကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားလျက်ရှိပြီး သူတို့လေးတွေ ပြန်လည်လွတ်မြောက်မယ့်သတင်းကို မျှော်လင့်တကြီး စောင့်ဆိုင်းနေကြပါတယ်’’**

# အဆိုတော် အောင်ရင်က သားအတွက် သီချင်းများဖွဲ့ဆိုထားကြောင်း ပရိသတ်ကြီးအား ပြောကြား

ကိုလင်း

ဂီတလောကနှင့် အဆက်ဖြတ်ကာ မိသားစုနှင့်အတူ အင်္ဂလန်နိုင်ငံတွင် အခြေချနေထိုင်လျက်ရှိသည့် အဆိုတော် အောင်ရင်က ၁၅ ခွေမြောက် တစ်ကိုယ်တော်ခွေကို ဇွန် ၂၇ ရက်က The Sun Music တေးထုတ်လုပ် ရေးမှတစ်ဆင့် စတင်ဖြန့်ချိခဲ့သည်။ ၁၉၈၄ ခုနှစ်ကတည်းက ပရိသတ်များ အချစ်တော် အောင်ရင်က ယခုအခွေသည် ခံစားချက်များစွာ ပါဝင်သည့် အခွေသစ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

"ကျွန်တော့်သားလေးကို သတိရတဲ့အကြောင်းတွေ ဖွဲ့ဆိုထားတဲ့ သီချင်းလေးတွေ ဒီအခွေထဲမှာပါတယ်ဗျ။ သားကိုတော့ ကျွန်တော်ရောက်တိုင်း သွားတွေ့ဖြစ်တယ်။ အဖေ့စကားဆိုတဲ့ သီချင်းလေးကို ကျွန်တော်ကိုယ်တိုင်လည်း ကြိုက်တယ်။ တေးရေး ညီမင်းခိုင်ပါ။ အဖေက သားသမီးတွေကို မှာချင်တဲ့ စကားလက်ဆောင်လေးတွေ ဒီသီချင်းလေးက ကိုယ်စားပြုတယ်။ သီချင်းတော်တော်များများကတော့ ဘဝကို ခွန်အားဖြစ်စေဖို့ ရည်ရွယ်ထားပါတယ်" ဟု အောင်ရင်က ပြောကြားသည်။



အဝေးရောက်နေသူများအတွက် တေးရေး ဖိုးကာ၏ မပြန်တဲ့ရထားကြီး သီချင်း၊ ညီမင်းခိုင်ရေးသားသည့် အဝေးရောက်မှတ်တမ်းများသည်လည်း ရင်ကိုတိုက်ရိုက်ထိမှန်ကာ သီဆိုထားခြင်းဖြစ်ကြောင်း တေးသံရှင် အောင်ရင်က ပြောသည်။

၁၃ နှစ်တာ ဂီတလောကနှင့် ခွဲခွာနေသည့် အောင်ရင်က ဂီတလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခဲ့သည့် သဘောထားကို မေးမြန်းရာ "ကျွန်တော်တို့ခေတ်နဲ့ ဒီဘက်ခေတ် ကွာခြားသွားတာတော့ တကယ်ကို အဝေးကြီးပါပဲ၊ သီချင်းတွေကို ပြန်လည်ဖန်တီးတော့မယ်ဆိုတော့ ကျွန်တော် သေချာပြန်စဉ်းစားကြည့်တယ်။ ကျွန်တော်တို့တုန်းက ကြိုက်တဲ့သူတွေရော ၊ ဒီဘက်ခေတ် လူငယ်တွေ ကြိုက်မယ့်ပုံစံရော နှစ်မျိုးစလုံး ဖြစ်ချင်တာနဲ့ တေးရေးတွေကို သေချာတိုင်ပင်တယ်။ သီချင်းတွေကိုလည်း သေချာရွေးချယ်တယ်။ ပရိသတ်နှစ်မျိုးစလုံး ကြိုက်မယ်ထင်ပါတယ်။ ဝေခွဲပြီးတော့ ကျွန်တော် မပြောချင်ပေမယ့် ဂီတကိုတော့ အားလုံးအတွက် ဆိုတာမျိုးပဲ ကျွန်တော်လုပ်ပါတယ်"ဟု သူက ပြောသည်။

"ဒီရက်ပိုင်းဆိုတဲ့ Title ခေါင်းစဉ်ကို ရွေးလိုက်တာကလည်း ဒီရက်ပိုင်း ဆိုတာလေး သဘောကျလွန်းလို့ပါ။ ကိုရယ်ဂျီရေးသားပေးထားပါတယ်။ သီချင်းလေးတွေဆိုတဲ့အခါမှာလည်း အတီးပိုင်းကအစ တိုင်ပင်ပြီး လုပ်တယ်။ သတိထားပြီး လုပ်ဆောင်ထားပါတယ် "ဟု အခွေဖန်တီးရသည့်အကြောင်းကို ပြောပြသည်။

အဆိုတော် အောင်ရင်သည် ၂၀၁၉ ခုနှစ်တွင် အင်္ဂလန်သို့ ပြန်လည်သွားရောက်မည်ဖြစ်ပြီး နောက်ထပ်ပြန်လာခွင့်ရရှိချိန်တွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲကိုလည်း ကျင်းပရန် ရည်ရွယ်ထားသည်။ ယခု အသက် ၅၄ နှစ်တာ ဖြတ်သန်းခဲ့ပြီးသည့်အတွက် ကျန်ရှိသည့် အချိန်များတွင်လည်း တတ်စွမ်းသလောက်၊ ပရိသတ်လက်ခံသလောက် ဂီတလုပ်ငန်းများ ပြန်လည်လုပ်ကိုင်သွားရန်ဆန္ဒရှိကြောင်း မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

# သရုပ်ဆောင် မြနှင်းရည်လွင်အား ဝင်္ကပါရှင်းတမ်းဇာတ်လမ်းတွဲတွင် မြင်တွေ့ရမည်



Forever Group မှစီစဉ်ရိုက်ကူးပြီး သရုပ်ဆောင် နက္ခ၊ စည်သူဝင်း၊ ကျော်ထက်၊ လပြည့်၊ သာထက်၊ ဉာဏ်ဇော်၊ ဇော်ဦး၊ အကယ်ဒမီ အောင်ခိုင်၊ ပြေဇင်၊ မြနှင်းရည်လွင်၊ နန်းစန္ဒာလှထွန်း၊ ခွန်းနေခြည်ချို၊ အကယ်ဒမီ မေသဉ္ဇာဦး၊ သိင်္ဂီထွန်းတို့ ပါဝင်မည့် " ဝင်္ကပါရှင်းတမ်း" ရုပ်သံဇာတ်လမ်းတွဲကို မကြာမီရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဇာတ်လမ်းတွဲသည် ကိုသောင်း၏ ဇာတ်လမ်းဖြစ်ပြီး Jet (Artist House) နှင့် နေလတို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကိုသောင်းက ရိုက်ကူးသွားမည်ဖြစ်ရာ သရုပ်ဆောင် မြနှင်းရည်လွင်အား ရိုက်ကူးရေးမစတင်မီ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး ။ ။ ဒီဇာတ်လမ်းထဲမှာ ဘယ်လိုပုံစံနဲ့တင်ဆက်သွားမလဲ။**

ဖြေ ။ ။ ဇာတ်ကားကို ဇူလိုင် ၅ ရက်မှာ စရိုက်ကြမယ်။ ကျွန်မကတော့ ရိုက်ကူးရက်က ၇ ရက်နေ့မှစမှာ။ ဒီကားက ကျွန်မရဲ့ဇာတ်လမ်းတွဲရိုက်ကူးမှု ခြောက်ကားမြောက်ဖြစ်ပါတယ်။ လက်ရှိမြန်မာ့အသံမှာ ပြနေတာက ဇနီးချောများ ကွန်ရက်၊ ပြီးသွားတာက နွေကန္တာဦး၊ ကြမ္မာနွံ တို့ဖြစ်ပါတယ်။ လက်ရှိ ရိုက်မှာက ဝင်္ကပါရှင်းတမ်းပါ။ ရိုက်ကူးဆဲကတော့ ဆုံမှတ်ဇာတ်လမ်းတွဲပါ။ ဒီဇာတ်ကားမှာတော့ တစ်ခုခုကို လျှို့ဝှက်ထားတဲ့ တည်ငြိမ်တဲ့ အိမ်ထောင်ရှင်အမျိုးသမီးနေရာက သရုပ် ဆောင်ရမှာပါ။ ကလေးလေးလည်းရှိမယ်။ ပေးချင်တာက ပရိသတ်ရင်ထဲကို ပညာ ရဖို့နဲ့ အသိအမြင်တစ်ခုခုဝင်သွားဖို့အတွက် ဆိုပြီးလို့ ထင်ပါတယ်။

**မေး ။ ။ ဇာတ်လမ်းတွဲတွေ တောက်လျှောက်ရိုက်ကူးခွင့်ရခဲ့တဲ့အတွက် အနုပညာ အရည်အသွေးပိုင်းကိုရော အားရပြီလား။**

ဖြေ ။ ။ ဇာတ်လမ်းတွဲ ဆိုတာမျိုးက တစ်ခန်းဆိုတစ်ခန်း အနုပညာဖန်တီးနိုင်မှုကို ပြနိုင်ရင် ပြနိုင်သလောက် ပရိသတ်စိတ်ဝင်စားမှုရနိုင်တယ်လို့ ထင်ပါတယ်။ ဇာတ်လမ်းတွဲ ရိုက်ပြီဆိုကတည်းက အားလုံးကောင်းနေ၊ ညီနေမှ အဆင်ပြေပြေနဲ့ ပြီးနိုင်တယ်။ တစ်ယောက်တည်းက သိပ်ကောင်းနေရုံနဲ့လည်း မရပါဘူး။ ရိုက်ခဲ့သမျှတွေမှာတော့ ရိုက်ကူးခွင့် နည်းတာများတာ၊ အခန်းအရေအတွက် နည်းတာ များတာထက် ရတဲ့နေရာလေးမှာ သဘာဝကျကျ သရုပ်ဆောင်နိုင်ဖို့က ပိုပြီး အရေးကြီးတယ်လို့ထင်ပြီး ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေကတော့ အမြဲရှိနေဦးမှာပါ။

**မေး ။ ။ ဇာတ်လမ်းတွဲတွေ ရိုက်ကူးတဲ့အခါ ကိုယ်ကြုံတွေ့ရတဲ့ အခက်အခဲတွေနဲ့ အခြားအနုပညာလုပ်ငန်းတွေရော လုပ်နေသလားဆိုတာ ပြောပြပါဦး။**

ဖြေ ။ ။ အခက်အခဲတော့ မဟုတ်ပါဘူး။ ရုပ်ရှင်ကားကြီးပဲရိုက်ရိုက် ၊ ဇာတ်လမ်းတွဲပဲ ရိုက်ရိုက် သူ့နေရာနဲ့သူ အခက်တွေ့စရာလေးတွေတော့ ရှိတတ်ပါတယ်။ ဇာတ်ဝင်ခန်းတွေက များပြီး သရုပ်ဆောင်ကလည်းများတော့ ရိုက်ရက်တွေ ညှိရတာရှိတယ်။ ကိုယ်ဝတ်တဲ့ အဝတ်အစားမထပ်အောင်နဲ့ ဇာတ်လမ်းနဲ့ လိုက်ဖက်တာ တွေပြင်ဆင်ရတာမျိုးတော့ ရှိတယ်။ သရုပ်ဆောင်ပိုင်းဆိုရင်လည်း တစ်ရက်တည်းနဲ့ ငိုရတာမျိုး၊ ရယ်ရတဲ့ ဇာတ်ဝင်ခန်းမျိုး တစ်ပြိုင်နက်ရိုက်ကူးရတာလည်း ရှိတယ်။

**မေး ။ ။ မြနှင်းရည်လွင် ရိုက်ကူးချင်တဲ့ ဇာတ်ကောင်စရိုက်က ဘယ်လိုသရုပ်ဆောင်မှုတွေလဲဆိုတာ ပြောပါဦး။**

ဖြေ ။ ။ လက်ရှိရိုက်ခဲ့သမျှတော့ မြနှင်းက အငြိမ်ပုံစံမျိုးလေးတွေနဲ့ လိုက်တယ်လို့ ပရိသတ်ကလည်း ပြောကြတယ်။ အငြိမ်ဇာတ်ရုပ်ဆိုတာ ဥပမာ ရှေ့နေ၊ ဆရာဝန်မျိုးပေါ့လေ။ ဒါပေမယ့် ဗီလိန်ဇာတ်ရုပ်မျိုး၊ သူများမလုပ်ချင်တဲ့ ဇာတ်ကောင်စရိုက်မျိုးတော့ ပိုပြီး ရိုက်ချင်တဲ့စိတ်ဖြစ်တယ်။

အခြားအနုပညာလှုပ်ရှားမှုကတော့ မျက်နှာဖုံးများဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ မင်းသမီးငါးယောက်ပေါ့။ စိုးပြည့်သဇင်၊ အေးဝတ်ရည်သောင်း၊ အိချောပို၊ မေတို့နဲ့ အတူတူ သရုပ်ဆောင်ဖို့ရှိတယ်။ အလှပြင်ဆိုင်က မိန်းကလေးတွေအကြောင်းကို ရိုက်ထားတာပါ။ မင်းသားကတော့ မင်းဦး၊ ကျော်ထက်အောင်နဲ့ Russell တို့ပါမယ်။

ကိုလင်း

# ဂီတလောကသို့ အခြေချရန် The Voice Myanmar ဆုရှင် ငွေစိုးပြင်ဆင်

မကြာခင်က Channel 7 မှ ထုတ်လွှင့်ပြသခဲ့သော The Voice Myanmar 2018 Season 1 သီချင်းဆိုပြိုင်ပွဲကြီး၏ Winner ဆုရှင်ဖြစ်ခဲ့သူ အဆိုတော် ငွေစိုးက ဂီတလောကအတွင်း အခြေချရန်အတွက် ပြင်ဆင်လျက်ရှိနေပြီ ဖြစ်သည်။

"အရင်ကတည်းက နိုင်ငံတကာ သီချင်းဆိုပြိုင်ပွဲတွေကို လေ့လာခဲ့ပါတယ်။ ကိုယ့်နိုင်ငံမှာ ဒီလိုပြိုင်ပွဲရှိလာတော့ ပြိုင်ချင်တဲ့စိတ်က တားဆီးမရဘူး။ အခြားပြိုင်ပွဲတွေဆိုရင် အသက်က ကန့်သတ်ချက်ဖြစ်နေတယ်လေ။ The Voice မှာက အသက်ကန့်သတ်ထားတာမရှိလို့ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ရန်ကုန်ကို တက်လာခဲ့ပြီး ဝင်ပြိုင် ဖြစ်တယ်။ သီချင်းတွေကို ငယ်ငယ်ကတည်းက ရူးသွပ်ခဲ့တာပါ။ ချစ်လည်း ချစ်တယ်။ ညှော်ခံပွဲတွေ၊ ပါတီတွေ၊ မြို့နယ်သီချင်းဆိုပွဲတွေမှာ ကျွန်တော်လိုက်ဆိုနေခဲ့တာ နှစ် ၂၀ လောက်ရှိပြီ" ဟု ငွေစိုးက ပြောသည်။

ယခင်က တေးသံရှင်ဘိုဘို၏ သီချင်းများကို အများဆုံး သီဆိုခဲ့ပြီး အကြိုက်ဆုံးအဆိုရှင်မှာလည်း ဘိုဘိုပင်ဖြစ်ကြောင်း ငွေစိုးက ပြောပြသည်။

ပြိုင်ပွဲအတွင်း အတွေ့အကြုံများကို ငွေစိုးက "မဆိုခင်မှာ စိုးရိမ်စိတ်က များတယ်။ တစ်ခုခုမှားသွားမှာလည်း ကြောက်တယ်။ တကယ်ဆိုတဲ့အချိန်မှာတော့ အဲဒီလိုဖြစ်တာမျိုး လုံးဝမပေါ်တော့ဘူး။ သီချင်းထဲကို အာရုံဝင်စားသွားလို့လည်း ဖြစ်ပါလိမ့်မယ်။ ဆုရမယ်ဆိုတဲ့စိတ်နဲ့တော့ ပြိုင်တာ မဟုတ်ပေမယ့် ရိုးရိုးသားသားနဲ့ သီချင်းတစ်ပုဒ်ကို ပရိသတ်ရင်ထဲအထိရောက်အောင် ဆိုပြမယ်ဆိုတဲ့ စိတ်တော့ရှိခဲ့တယ်"ဟု ပြောသည်။



The voice myanmar နှင့် အတူ လက်တွဲ၍ အနုပညာအလုပ်များ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပြီး ယူနီဗာဆယ် စတူဒီယိုတွင် Solo Album ထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိသည်။

"ပရိသတ်ကြိုက်မယ့် သီချင်းလေးတွေကိုရွေးပြီး အခွေထုတ်နိုင်ဖို့ ပြင်ဆင်နေပါပြီ။ ပြိုင်ပွဲတွေကိုလည်း ထပ်ပြိုင်ဖို့ အစီအစဉ်တော့မရှိတော့ဘူး။ ဒီပြိုင်ပွဲက ပထမဆုံးနဲ့ နောက်ဆုံး ပြိုင်ပွဲပါ"ဟု ငွေစိုးက ပြောသည်။

ကိုလင်း




# ဇာတ်ကားကြီးများရိုက်ကူးမှုများပြားသဖြင့် အိချောပို၏ ဗီဒီယိုဇာတ်ကားများ ထွက်ရှိမှုနည်းနေ

ဒါရိုက်တာ ပြည့်ဟိန်းသီဟ ရိုက်ကူးပြီး လူမင်း၊ ခန့်စည်သူ ၊ ခင်လှိုင် ၊ ရွှေသမီးတို့နှင့်အတူ ရွာမှ မြို့ကြီးပေါ်သို့ တက်လာသော စာဥ အမည်နှင့်အတူ ဇာတ်ကောင်စရိုက်နှစ်မျိုးနှင့် သရုပ်ဆောင်ချက်များကို ကြည့်ရှုခံစားရမည်ဟု အိချောပိုက ပြောသည်။

သရုပ်ဆောင် အိချောပိုက ယခု နောက်ပိုင်းတွင် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးမှုနည်းပါးသွားခဲ့ပြီး ရုပ်ရှင်ကားကြီးများသာ ပိုမိုရိုက်ကူးလျက်ရှိသည်။ လက်ရှိတွင် ၎င်းအား လာရောက်ကမ်းလှမ်းသည့် ရုပ်ရှင်နှင့် ဇာတ်လမ်းများအပေါ် အချိန်ခွဲခြားပြီး ရွေးချယ်လက်ခံပေးလျက်ရှိကြောင်း အိချောပိုထံမှ သိရသည်။

"ရုပ်ရှင်ကားကြီးတွေ လက်ခံထားတာ ပိုများပါတယ်။ ဗီဒီယိုကားကိုလည်း အချိန်ရှိရင် လက်ခံရိုက်ပေးပါတယ်။ လာအပ်တဲ့အလုပ်အပေါ်မှာ ပရိသတ်တွေ ကြိုက်နိုင်၊ မကြိုက်နိုင် ကိုယ့်ဘာသာဝေဖန်ပြီး စဉ်းစားရွေးချယ်တယ်၊ ကိုယ်နဲ့ လိုက်ဖက်တဲ့ကားမျိုးလည်းဖြစ်မယ်၊ ပရိသတ်လည်း ကြိုက်မယ့် ဇာတ်လမ်းမျိုးဆိုရင် ရိုက်ဖြစ်တာများပါတယ်။ "ကြွေ"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးရိုက်ထားတယ်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေရဲ့ဘဝကိုရိုက်ကူးထားတာပါ။ ပျော်စရာ၊ ဝမ်းနည်းစရာလေးတွေပါတယ်။ ကိုယ်ငယ်ငယ်က ဘဝလေးကိုတောင် ပြန်ပြီးသတိရမိတဲ့ ဇာတ်ကားလေးပါ"ဟု အိချောပိုက ပြောသည်။

"ကြွေ ရုပ်ရှင်ဇာတ်ကားကြီးကို အဆိုတော် လွှမ်းပိုင်နဲ့အတူ သရုပ်ဆောင်ထားပါတယ်။ ကိုလွှမ်းပိုင်ကလည်းအကောင်းဆုံး ကြိုးစားထားသလို ကျွန်မဘက်ကလည်း အကောင်းဆုံးတော့ ကြိုးစားထားတာပါပဲ။ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ပြီးတော့ တော်တော်လေးပြင်ဆင်ပြီးမှ ရိုက်ကူးတာပါ။ ရိုက်ထားတာကမနှစ်က မိုးတွင်းကတည်းကပါ။ အမှတ်တရအနေနဲ့က မိုးကလည်း ရွာနေတော့ ရန်ကုန်တက္ကသိုလ်ထဲမှာ ရိုက်လိုက်၊ မိုးရွာရင်ရပ်လိုက်နဲ့ ပျော်စရာလည်း ကောင်းခဲ့ပါတယ်"ဟု သူက ပြောကြားသည်။

ကိုလင်း

## နိုင်ငံတကာ အနုပညာသတင်း

## မိခင်ရဲ့ပယောဂကြောင့် လမ်းခွဲရတာမဟုတ်ဘူးလို့ ပြောလိုက်တဲ့ ချယ်ရီ

ချယ်ရီနဲ့ One Direction အဖွဲ့သားဟောင်း လီယမ်ပိန်းတို့ရဲ့အချစ်ဇာတ်လမ်းဟာ နိဂုံးချုပ်သွားပြီလို့ မကြာသေးခင်ကပဲကြေညာခဲ့ပါတယ်။ လီယမ်ပိန်းနဲ့ချယ်ရီတို့ လမ်းခွဲရတာ ချယ်ရီရဲ့မိခင်ကြောင့်ဆိုတဲ့ ကောလာဟလတွေလည်းထွက်နေပါတယ်။ ချယ်ရီကတော့ သူ့အမေကြောင့်မဟုတ်ဘူးလို့ဘဲ ပြတ်ပြတ်သားသား ငြင်းဆိုခဲ့ပါတယ်။ Girls Aloud အဖွဲ့သားဟောင်း တစ်ဦးဖြစ်တဲ့ချယ်ရီဟာ ဒီအချိန်ဟာ သူ့အတွက် ခက်ခဲတဲ့အချိန်ဖြစ်တယ်။ ဒါပေမယ့်လည်း သူ့ရဲ့အမေနဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့ မဟုတ်မမှန်တဲ့သတင်းတွေကိုတော့ ငြိမ်ငြိမ်လေးနားထောင်နေမှာ မဟုတ်ဘူးလို့ တွစ်တာပေါ်ကနေ တုံ့ပြန်ခဲ့ပါတယ်။ လီယမ်ပိန်းနဲ့လမ်းခွဲရတဲ့ကိစ္စမှာ ဘာကြောင့် အမေ့ကို ဆွဲထည့်ရတာလဲဆိုတာ နားမလည်ဘူးလို့လည်း ပြောပါတယ်။ အမေဟာ ကျွန်မတို့ကိစ္စမှာ ဘာမှပါဝင်စွက်ဖက်ခြင်းမရှိပါဘူး။ ကျွန်မဟာအရွယ်ရောက်ပြီးသားသူ ဖြစ်လို့ ကိုယ့်ရဲ့ကိစ္စကို ကိုယ်တိုင်ပဲ ဖြေရှင်းပါတယ်လို့ ကောလာဟလတွေကို ချယ်ရီက တုံ့ပြန်ခဲ့ပါတယ်။

ချယ်ရီရဲ့ပရိသတ်တွေကတော့ ချယ်ရီဘက်ကနေ ရပ်တည်ပေးခဲ့ကြပါတယ်။ တွစ်တာပေါ်မှာလည်းချယ်ရီကို ထောက်ခံကြောင်း စာတွေရေးသားခဲ့ပါတယ်။ တနင်္ဂနွေ နေ့ညကပဲ ချယ်ရီဟာ လီယမ်ပိန်းနဲ့လမ်းခွဲလိုက်ပြီဖြစ်တဲ့အကြောင်းကြေညာခဲ့ပါ တယ်။ လမ်းခွဲဖို့ဆုံးဖြတ်ရတာ တကယ်မလွယ်ပါဘူး။ ခက်ခဲတဲ့ဆုံးဖြတ်ချက်တစ်ခုပါ။ မိသားစုတစ်ခုလိုတော့ ဆက်ချစ်သွားမှာပါလို့ တွစ်တာကနေတစ်ဆင့်ကြေညာခဲ့ပါတယ်။ ချယ်ရီနဲ့ လီယမ်ပိန်းတို့ဟာ ၂၀၁၆ ခုနှစ်က စတွဲခဲ့ပြီးတော့ တစ်နှစ်အရွယ် Bear လို့ခေါ်တဲ့သား တစ်ယောက်လည်းရှိပါတယ်။

**ဟယ်လို**



## ပရီယန်ကာချိုပရာနဲ့အတူ အိန္ဒိယကို နောက်တစ်ကြိမ်လာဦးမယ့် နစ်ခ်ဂျိုနာ့စ်

မကြာသေးခင်မှ ချစ်သူတွေဖြစ်လာကြတဲ့ နစ်ခ်ဂျိုနာ့စ်နဲ့ ပရီယန်ကာချိုပရာတို့ဟာ ဘယ်နေရာသွားသွားတပူးတွဲတွဲပါပဲ။ သူတို့နှစ်ဦးဟာ လူမြင်ကွင်းမှာလည်း တွဲသွားကြ ပြီး အခမ်းအနားပွဲတွေရှိရင်လည်း အတူတူတက်ကြပါတယ်။ မကြာသေးခင်ကလည်း နစ်ခ်ဟာ ချိုပရာနဲ့အတူ အိန္ဒိယကိုလိုက်လာပြီး ဂိုအာမှာ ပျော်ပွဲစားထွက်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ အိန္ဒိယမှာ နှစ်ရက်ကြာနေထိုင်ခဲ့ကြပါတယ်။ အခုလည်းသူတို့နှစ်ယောက် ဟာ ဘရာဇီးကိုသွားနေကြပါတယ်။ အင်စတာဂရမ်ပေါ်မှာ သူတို့ခရီးသွားတဲ့အကြောင်း တင်ထားပြီး နစ်ခ်က VillMix ပွဲတော်မှာဖျော်ဖြေခဲ့ပါတယ်။ အခုထွက်ပေါ်လာတဲ့ သတင်းတွေအရတော့ နစ်ခ်ဟာနောက်တစ်ကြိမ်အိန္ဒိယကို လာဖို့ရှိတယ်ဆိုတာပါပဲ။ ချိုပရာဟာ အိန္ဒိယမှာ Bharat ဆိုတဲ့ဇာတ်ကားရိုက်ဖို့ရှိပြီး အဲဒီဇာတ်ကားအတွက် ဇူလိုင်လ ဒုတိယအပတ်မှာ အိန္ဒိယကိုသွားရမှာပါ။ ဒါကြောင့် နစ်ခ်ဟာ သူ့ရဲ့လုပ်လက်စ အလုပ်တွေကို လက်စသတ်လျက်ရှိပြီး ချစ်သူနဲ့အတူအိန္ဒိယကို လိုက်သွားဖို့ ပြင်နေ တယ်ဆိုတဲ့ သတင်းပါ။

ဒ့ါအပြင်သူတို့နှစ်ဦး စေ့စပ်ကြတော့မယ်ဆိုတဲ့သတင်းကိုလည်း မျှော်လင့်နေ ကြပါတယ်။ သူတို့နှစ်ဦးစလုံးကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးဘာမှမပြောကြပေမယ့် ပရိသတ်တွေကတော့ သူတို့နှစ်ဦးအမြန်စေ့စပ်ကြဖို့ကိုပဲမျှော်လင့်နေကြပါတယ်။

**အီးတိုင်းမ်**



ဖြိုး

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၂၈)

# ထင်ကြေးဖြင့် အပြစ်ပေးခြင်း



**ဦးဟန်ညွန့် (ဥပဒေ)**

**ထင်ကြေး**

"ကျွန်တော့်တရားခံကို ထင်ကြေးနဲ့ အပြစ်ပေးတယ် ဆရာ၊ သိပ်ပြီး နစ်နာ တာပဲ၊ အယူခံဝင်မယ်ဗျာ၊ အတွေ့အကြုံတွေ နည်းနည်းရှင်းပြပါ ဆရာ" ဟု လူငယ်ရှေ့နေ တပည့်တစ်ဦးက ကျွန်တော့်ကို လာပြီး ပြောပြနေရှာသည်။ ဖြစ်တတ်သည့် သဘာဝပါပဲ၊ ရှေ့နေတိုင်းလည်း ကြုံဖူးကြမည် မလွဲပါ။ လူငယ်ရှေ့နေ၏ မေးမြန်း ချက်ကို လက်လှမ်းမီသမျှ ဖြေပါမည်။

**ပြစ်မှု**

ပြစ်မှုကျူးလွန်သူ အမျိုးမျိုးရှိကြပါသည်။ တရားခွင်၏ နေ့စဉ်ရှုခင်းများတွင် လက်ထိပ်တန်းလန်းနှင့် တရားခံများကို တွေ့မြင်နေကြရပါသည်။ ဘာမှုတွေ ကျူးလွန်ကြပါလိမ့်။ ဘယ်နှရက်၊ ဘယ်နှလ အချုပ်ခံနေကြရပါလိမ့်။ ဘာကြောင့် အာမခံမရကြတာ ပါလဲ။ သူ့ဇနီး၊ သူ့သား၊ သူ့သမီးတွေခမျာ ဘယ်မျှ ဒုက္ခရောက် နေကြရှာမလဲ။

**သက်သေ**

သက်သေ မည်မျှတင်ထားပါသလဲ။ ဘာမှုလဲ။ အချုပ်တရားခံခမျာ အချုပ် ထဲမှာ မည်မျှကြာကြာနေရပြီလဲ။ သက်သေမလာ၍၊ အမှုမစစ်ရ၍၊ သက်သေလာ သော်လည်း ပြန်လည်ချိန်းဆို၍၊ တရားသူကြီး မအားလပ်၍၊ ဥပဒေ အရာရှိ အစည်းအဝေးရှိ၍၊ ရှေ့နေကြီး နေမကောင်း၍ စသည့် အကြောင်း အမျိုးမျိုးကြောင့် ရက်ချိန်း၊ ရုံးချိန်း ပေးနေလေသည်။ အမှုထင်ရှားခြင်း ရှိ၊ မရှိ၊ ပြစ်မှုကျူးလွန်ခြင်းရှိ၊ မရှိ ကတော့ စွဲချက်တင်သင့်၊ မတင်သင့် အဆင့်ကျမှ ပေါ်မည်။ အသေအချာ သိရမည်။ စောင့်ပေဦးတော့ တရားလို ဘက် ထွက်ချက်။ တရားလိုဘက် သက်သေ စစ်ဆေးမပြီးသေး၍ အာမခံ ပေးသင့်သည်ကိုပင် အာမခံမပေးသေး။ မရသေး။ ထင်ကြေးနှင့် အချုပ်အနှောင် ခံနေရရှာသော (ဖြစ်တတ်သော သဘောကြောင့်) တရားခံအချို့အတွက် ကုစားမှု တွေ လိုအပ်ပေလိမ့်မည်။

> **"တရားခံ ၁၀ ဦး အပြစ်ရှိသော်ငြား လွတ်ချင်လွတ်ပါစေ။ တရားခံတစ်ဦး အပြစ်မရှိဘဲ ထောင်ကျလျှင် ကြီးစွာသော နစ်နာမှုဖြစ်ပေသည်။ ထို့ကြောင့် တရားစွဲဆိုမတင်ပို့မီ (Pre-trial) အဆင့်မှာ လွန်စွာ သတိထားရသည်။ ထင်ကြေးနှင့် မဖမ်းသင့်။ မစွပ်စွဲသင့်"**

**တရားလိုဘက်**

တရားခံအပြစ်ရှိကြောင်း တရားလိုဘက်က သက်သေထင်ရှားပြရမည်မှာ သဘာဝပါ။ မူပါ။ အစဉ်တစိုက် ကျင့်သုံးခဲ့ပါသည်။ သို့သော်ငြား မသေမချာ၊ မထင်မရှား၊ သံသယဖြင့် (ထင်ကြေးဖြင့်) စွပ်စွဲခြင်းမှာမူ မဖြစ်သင့်။ ထင်ကြေးဖြင့် စွပ်စွဲ၍ တရားခံ အချုပ်ခံရခြင်းမှာ ဥပဒေနှင့်မညီ။ ဤကိစ္စမျိုးတွင် အာမခံမရဘဲ အချုပ်ထဲ နေရလျှင် မသင့်လျော်။ ဦးစားပေး၍ စဉ်းစားထိုက်၊ ဂရုစိုက်၍ အမြန် စစ်ဆေးသင့်ပါသည်။

**အမှုတည်ဆောက်စဉ်က**

အမှုတည်ဆောက်စဉ်ကပင် မြင်သင့်ပါသည်။ တွေ့ရှိသင့်ပါသည်။ တရားခံ ၁၀ ဦး အပြစ်ရှိသော်ငြား လွတ်ချင်လွတ်ပါစေ။ အပြစ်မရှိသူတစ်ဦး ထောင်ကျလျှင် ကြီးစွာသော နစ်နာမှုဖြစ်ပေသည်။ ထို့ကြောင့် တရားစွဲဆိုမတင်ပို့မီ (Pre-trial) အဆင့်မှာ လွန်စွာ သတိထားရသည်။ ထင်ကြေးနှင့် မဖမ်းသင့်။ မစွပ်စွဲသင့်။ ဆွဲမထည့်သင့်။ တရားခံဖြစ်ထိုက်၊ မဖြစ်ထိုက်၊ တရားစွဲ အဖွဲ့အစည်းက အရေးတကြီး စိစစ်ရမည်။ ဥပဒေအရာရှိက ရဲစက္ကူကို အသေအချာလေ့လာရသည်။ တရားစွဲ မတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်း တာဝန်ကိုကျေပွန်စွာ ထမ်းရပေသည်။

တရားခံ ဖြစ်သင့်သူကို ဖြစ်ပါစေ။ တရားခံ မဖြစ်သင့်သူ မဖြစ်ပါစေနှင့်။ သက်သေမခိုင်လုံဘဲ တရားခံထဲ ဆွဲမထည့်သင့်။ အချက်အလက်ပြည့်စုံမှ၊ သက်သေထင်ရှားမှ၊ ရဲစက္ကူခိုင်မာမှ ဥပဒေအကြံပြုဖို့ လိုသည်။ တိတိကျကျ၊ ရှင်းရှင်း လင်းလင်း အကြံပြုဖို့ လိုမည်။

**ထင်ကြေးဖြင့် အပြစ်မပေးနိုင်**

"သောင်းကျန်းသူများက ဈေးစောင့်ကို ဖမ်းဆီးပြီး ဈေးဆိုင်မှ ပစ္စည်းများကို ဖောက်ထွင်းလုယူမှုတွင် ပုဒ်မ ၃၉၅ (ဓားပြမှု) ဖြင့် အရေးယူသော အမှုနှင့်ဆက်စပ် သည်။ ပြစ်မှုမကျူးလွန်မီ ဓားပြတိုက်သူနှင့် မိတ်ဆွေအပေါင်းအသင်းအဖြစ် လက်ခံ စကားပြောမိရုံဖြင့် ထိုသူသည် ဓားပြတိုက်မှု ကျူးလွန်ရာတွင် ကြံရာပါဖြစ်သည်ဟု ယူဆလျှင် မည်သူမျှ မိမိ၏ အပေါင်းအသင်းများအား စိတ်ချလက်ချ ဆက်ဆံဝံ့လိမ့် မည် မဟုတ်တော့ပေ။ အပေါင်းအသင်းနှင့် မတွေ့အောင် လူမနီးသည့်နေရာကို ရှာပြီး နေရမလို ဖြစ်နေ၏။ သို့ဖြစ်၍ အယူခံတရားလိုများအား **ထင်ကြေးဖြင့် အပြစ်မပေးနိုင်**" ဟု ငမဲပါ- သုံးဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ မတစ၊ ရုံးချုပ်၊ စာ ၆၂ စီရင်ထုံးတွင် ညွှန်ပြခဲ့သည်။

**တထစ်ချမဆိုနိုင်**

ပစ္စည်းတွေ့တိုင်း အမှုနှင့် ပတ်သက်ကြောင်း ပြော၍ မရပါ။ ပြစ်မှုကျူးလွန်သည် ဟု စွပ်စွဲ၍ မရပါ။ ထိုအကြောင်းကို-

"ဓားပြတိုက်မှု ဖြစ်ပွားပြီး လေးလကျော်ကြာမှ ဓားပြတိုက်ရာပါ ပစ္စည်းဖြစ်သော ရေဒီယိုကို လျှောက် ထားသူထံမှ တွေ့ရှိရုံမျှဖြင့် ဓားပြမှု ကျူးလွန်သည်"ဟု တထစ်ချမဆိုနိုင်။ **[ရင်ကျော့မောင်နှင့် နိုင်ငံတော်၊ ၁၉၇၅၊ မတစ၊ စာ-၈၄ ]** စီရင်ထုံးတွင် ထောက်ပြထားပါသည်။

**ထင်မြင်ချက် စိတ်ချလက်ချ**

ဓားပြတိုက်ရာ၌ လူတစ်ဦး သေဆုံးသည့်ကိစ္စတွင် မျက်မြင် သက်သေမရှိ။ ကျည်ဆန်ခွံသာ အပ်နှံ၏။ လက်နက်ပါရဂူ၏ ထင်မြင်ချက်ကို အလေးထားရမည် ဖြစ်သော်လည်း ထောက်ကူသော သက်သေမရှိ။ လက်နက်ပါရဂူ၏ ထင်မြင်ချက်တစ်ခုတည်းဖြင့် စိတ်ချလက်ချ အပြစ်မပေးနိုင်ကြောင်း **[ချစ်မောင်-ပါ လေးဦးနှင့် နိုင်ငံတော်၊ ၁၉၆၆၊ မတစ၊ စာ-၄၃၂ ]** စီရင်ထုံးတွင် ထုံးဖွဲ့ဖူးသည်။

**စိတ်ချစွာ**

ရာဇသတ်ကြီး ပုဒ်မ ၄၀၀ မှာ မည်သူမဆို ဓားပြမှုကို အမြဲတစေ ကျူးလွန်ရန် အလို့ငှာ ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခုခု၌ ပါဝင်သူဖြစ်လျှင် ထိုသူကို ထောင်ဒဏ် နှစ်နှစ်ဆယ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ်ဖြင့်ဖြစ်စေ ချမှတ်ရ မည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

စိတ်ချစွာ ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် လုံလောက်သော အချက်အလက် များကို စဉ်းစားရသည်။ တိုက်ရိုက်သက်သေ အထောက်အထား၊ ကျော်စောသတင်း၊ ထောက်ကူသက်သေ စသည်များ ပိုင်းပိုင်းခြားခြား တရားသူကြီးများက စဉ်းစား သုံးသပ်ဆုံးဖြတ်ကြောင်း လေ့လာသိရှိရပေသည်။

**ထင်ကြေးစီရင်ထုံးများ**

ထင်ကြေးအကြောင်း စီရင်ထုံးများ များစွာ ရှိသေးသည်။ စာဖတ်အားများသော လူငယ်ရှေ့နေများ ကြိုးစားရှာဖွေ လေ့လာဖတ်ရှုကြပါ။ ထင်ကြေးဖြင့် အပြစ် မပေးနိုင်ပါ။ ကြိုးစားလျှောက်လဲကြပါ။

**စေတနာ**

တရားဥပဒေပင်လယ်ပြင်ကြီးမှာ ကူးခတ်နေကြကုန်သော လူငယ်ရှေ့နေ များနှင့်အတူ ကျွန်တော်လည်း ပါဝင်နေပါသည်ဟု တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

## တာလေမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းပေးကာ မျိုးစေ့များထောက်ပံ့

**တာလေ ဇူလိုင် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ ဒေသခံ တောင်သူများအား မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ရော်ဘာ ပျိုးပင်၊ ကော်ဖီပျိုးပင်နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲနှင့် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းကို တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု ရန်အောင် ဘုရားရှိခိုးကျောင်းနောက်၌ ဇွန်လနောက်ဆုံးပတ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် စပါး၊ ကော်ဖီသီးနှံစိုက်ပျိုး ရေးဆိုင်ရာ အလေ့ကျင့်ကောင်းများ၊ ပျိုးသက်နု ကောက်ကွက်ကြဲစနစ် ပျိုးထောင်နည်း၊ ရော်ဘာသီးညှပ် ကော်ဖီ စိုက်ပျိုးနည်းစနစ်၊ မျိုးစပါးဆားရည်စိမ်ရွေးချယ် နည်းစနစ်၊ ဒိချက်ကင်သဘာဝမြေဆွေး ပြုလုပ်သုံးစွဲ နည်းများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာတာဝန်ခံ ဝန်ထမ်းများက သင်တန်းပို့ချ ပေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ သိရသည်။

ထို့နောက် ရှမ်းပြည်နယ်အရှေ့ပိုင်း စိုက်ပျိုးရေး ဦးစီးဌာန ပြည်နယ် ဒုတိယဦးစီးမှူး ဦးတင်ဦး၊ လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဌေးဝင်းနှင့် ဦးစိုင်းလုံစံခတ်၊ ခရိုင်ဦးစီးမှူးဦးလှဝင်းနှင့် တာဝန်ရှိသူ များက တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်ပြီး ဒေသခံ လားဟူ၊ အာခါတိုင်းရင်းသား တောင်သူများအား လက်တွေ့လိုက်ပါဆောင်ရွက်တတ် စေရန် ကွင်းလက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ပြီး ဒေသခံတောင်သူများ စိုက်ပျိုးရေးနည်းပညာများ လေ့လာနိုင်ရန် တိုင်းရင်းသား ဘာသာစကားများဖြစ် သည့် ဗမာ၊ လားဟူ၊ အာခါ ဘာသာစကားပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။

**သိမ့်သိမ့်မိုး**

# မြိတ်မြို့နယ်အတွင်းရှိ ရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သွားမည်

**မြိတ် ဇူလိုင် ၃**

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မြိတ်မြို့နယ်အတွင်းရှိ တောင်ဖီလာ၊ ကင်းဆိုး၊ တပ်တောင်၊ ပင်းအိုလော့လော့၊ ပရည်တောင်၊ သစ်ယာဝ၊ လသာ၊ စလွန်းနှင့် ပပြင် ကျေးရွာ ၁၀ ရွာ၌ ပြုလုပ်ရန် အဆိုပြုတင်ပြခဲ့ရာမှ ပထမခြောက်လပတ်တွင် ကင်းဆိုး၊ တပ်တောင်နှင့် ပင်းအို ကျေးရွာသုံးရွာကိုရွေးချယ်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်ရွာလျှင် ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာများ၌ အဓိကလိုအပ်လျက်ရှိသော လုပ်ငန်းများအနက် ကျေးရွာနေပြည်သူများကိုယ်တိုင် ရွေးချယ်သည့်လုပ်ငန်းများကိုသာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာသုံးရွာ၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် အဆိုပါကျေးရွာတို့ရှိ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖများအား ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ်(AVIP)သင်တန်းနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ဆိုင်ရာပုံစံများကို မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများက ယင်းကျေးရွာများသို့ ဇူလိုင် ၂ ရက်က ကွင်းဆင်း၍ သင်တန်းပေးခဲ့ကြကြောင်းလည်း သိရသည်။

**မြင့်ဦး(မြိတ်)**



# မန္တလေးတွင် စလစ်ကပ်ကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေး

**မန္တလေး ဇူလိုင် ၃**

မန္တလေးကားမျိုးစုံဈေးကွက်တွင် စလစ်ကပ်ကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ် အေးစက်နေသော်လည်း ဈေးနှုန်းအသင့်တင့်ရှိသော ကားအမျိုးအစားများမှာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေး မဟာအောင်မြေမြို့နယ်ရှိ လမ်း ၆၀ ကားပွဲစားတန်းမှ သိရသည်။

"ကားသစ် တင်သွင်းမှုက မရှိသလောက် နည်းသွားတဲ့အတွက် စလစ်ဈေးကလည်း ကျလာတယ်၊ အမြင့်ကားတွေကလည်း ဝယ်ယူနိုင်တဲ့သူနည်းပါးလို့ အရောင်းအဝယ်သိပ်မရှိဘူး၊ အဓိက အရောင်းအဝယ်ဖြစ်နေတာကတော့ ဈေးနှုန်းသင့်တင့်တဲ့ ၁၃၀၀ စီစီ ကားလေးတွေပါပဲ"ဟု လမ်း ၆၀ ကားပွဲစားတန်းမှ ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုနေမင်းက ပြောသည်။

လက်ရှိတွင် ကျပ် သိန်း ၁၅၀ အောက် MDY လိုင်စင်ကားဟောင်းများမှာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိပြီး မန္တလေးတွင်လူကြိုက်များသော ကားမျိုးများဖြစ်သည့် ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို စသည့် ကားအမျိုးအစားများမှာ အဓိက အရောင်းသွက်လျက်ရှိကြောင်း သိရသည်။



"အခွန်ဥပဒေမှာ ဝင်ငွေခွန်ကို သုံးရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်းအထိ လျှော့ပေးမယ်လို့ ခန့်မှန်းထားခဲ့ကြပေမယ့် အထူးကုန်စည်ခွန်အတွက်သာ ဆယ်ရာခိုင်နှုန်း လျှော့ချပေးခဲ့တယ်၊ ဝင်ငွေခွန်ကိုတော့ အရင်အတိုင်း ကောက်ခံမယ်လို့ ထုတ်ပြန်လိုက်တော့ ကားဈေးကွက်အတွက် သက်ရောက်မှု အလွန်နည်းသွားတာပါ" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ဦးမောင်မောင်မျိုးမြင့်က ပြောသည်။

အဆိုပါထုတ်ပြန်ချက်ကြောင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ်ဈေးနှုန်းမှာ ကျပ်သိန်း ၁၄၀ အထိ မြင့်တက်ခဲ့ရာမှ ယခုအခါ ကျပ်သိန်း ၁၁၀ ဝန်းကျင်ခန့်အထိ ကျဆင်းလာသည့်အပြင် စလစ်ရောင်းဝယ်မှုအနေဖြင့်လည်း မရှိသလောက်နည်းပါးနေသည့်အတွက် ယခုဈေးနှုန်းထက် ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ်တစ်စောင်လျှင် ကျပ်သိန်း ၁၁၀၊ တိုက်ကြေစလစ် ၁၀၃ သိန်း၊ စက်မှုဇုန်လူစီးစလစ် ၁၀၅သိန်းနှင့် တက္ကစီစလစ်ကျပ် ၁၀၅သိန်းဝန်းကျင်ဈေးနှုန်းရှိကာ ဈေးနှုန်းအတက်အကျ ပြောင်းလဲနိုင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူများအား ဂျီအေပီ အသိအမှတ်ပြု လက်မှတ်များပေးအပ်

**ကျောက်ဆည် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ နွေနှမ်းစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)နည်းပညာများကို လိုက်နာကျင့်သုံးစိုက်ပျိုးသဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ (GAP)အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ GAP အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က GAP နည်းပညာများကို အသုံးပြုလိုက်နာစိုက်ပျိုးသဖြင့် စားသုံးသူများတွင် အစားအစာဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ပတ်ဝန်းကျင်ဂေဟစနစ်များပျက်စီးခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ၏ အရည်အသွေးမြင့်မားလာခြင်း၊ ပြည်ပနိုင်ငံများအထိ တင်ပို့ရောင်းချနိုင်သည့်အတွက် တစ်ယူနစ်ဈေးနှုန်းမြင့်မားလာပြီး တောင်သူများ ဝင်ငွေတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် တောင်သူများအား GAP နည်းပညာများဖြင့် စိုက်ပျိုးရန် အမြဲအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လွင်လွင်ထွန်းက မြန်မာနိုင်ငံ၏ GAP စိုက်ပျိုးရေးနည်းပညာများအကြောင်း၊ အာဆီယံ GAP စနစ်နှင့် နိုင်ငံတကာ GAP စနစ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် GAP နည်းပညာဖြင့် ကျောက်ဆည်မြို့နယ်အတွင်း နွေနှမ်း ၁၁၁၈ ဒသမ ၂၉ ဧကကို စိုက်ပျိုးခဲ့သော တောင်သူအစုအဖွဲ့ ၁၇ ဦး၊ စဉ့်ကိုင်မြို့နယ်အတွင်း နွေနှမ်း ဧက ၅၀ စိုက်ပျိုးသော တောင်သူတစ်ဦးနှင့် မြစ်သားမြို့နယ်အတွင်း နွေနှမ်း ဧက ၅၀ စိုက်ပျိုးသော တောင်သူတစ်ဦးတို့အား GAP အသိအမှတ်ပြုလက်မှတ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများမှ ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**




# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း (၄)မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူသုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | GOGUNG Whitening Complex Cream Facial Night Protection (Anti-Acnes and Freckle Removing Cream) | ဖော်ပြမထားပါ။ | Mercury (+) |
| ၂။ | GOGUNG Whitening Pearl And Aloe Vera Cream (Anti- Acnes and Freckle Removing Cream) | ဖော်ပြမထားပါ။ | Mercury (+) |
| ၃။ | GOGUNG Whitening Pearl And Ginseng Cream (Anti-Acnes and Freckle Removing Cream) | ဖော်ပြမထားပါ။ | Mercury (+) |
| ၄။ | 12 Cream (Blue Color) | Specially formulated by Yanji Laboratories. Korea | Mercury (+) |

၃။ တားမြစ်ဓာတုပစ္စည်း(မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး ရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့်အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ ပုဒ်မ(၃)၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




GoGung Whitening Complex Cream Facial Night Protection




GoGung Whitening Pearl And Aloe Vera  Cream




GoGung Whitening Pearl And Ginseng Cream



12 Cream

Yangon Metropolitan Development Public Co.,Ltd

# Ngwe Pin Le Integrated Logistic Zone and IWT Jetty Link Port Project

## ဖိတ်ကြားခြင်း

လှိုင်သာယာမြို့နယ်၊ ငွေပင်လယ်စက်မှုဇုန်နှင့် အလယ်ရွာအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ငွေပင်လယ် Ngwe Pin Le Integrated Logistic Zone and IWT Jetty Link Port Project အတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူလျက်ရှိပါသည်။ စီမံကိန်းတာဝန်ခံကြီးကြပ်သူအဖြစ် တာဝန်ပေးအပ်ထားသော Yangon Metropolitan Development Public Co.,Ltd က အဆိုပါ စီမံကိန်းတင်ဒါနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများနှင့် တင်ဒါဝယ်ယူထားသူများ တက်ရောက်နိုင်ရန် အောက်ပါအတိုင်း ဖိတ်ကြားအပ်ပါသည်။

### ရှင်းလင်းတင်ပြမည့်အစီအစဉ်

**နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)

**နေ့ရက်** - ၅-၇-၂၀၁၈ ရက် (ကြာသပတေးနေ့)

**အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

Yangon Metropolitan Development Public Co.,Ltd

---

### မွေးသက္ကရာဇ်အမှန်

ဦးဇော်မင်းဦး၏သမီး မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့ ရွှေကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (အတွဲ-၁)မှ မယုမွန်သဲ ၈/ကထန(နိုင်)၀၀၉၇၄၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၇-၂၀၀၃ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့၊ အထက (တပြင်း) တက္ကသိုလ်ဝင်တန်းမှ မဇင်မီမီလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်လှိုင် ၈/ဆမန(နိုင်)၀၀၅၈၅၄ ဖြစ်ပါသည်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနိုင်ဝင်း (ဘ) ဦးသန်းနိုင် ၁၂/မရက(နိုင်)၁၁၀၅၀၄၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၂၁၉၂၈၅**

### ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အထက(၂) သော်က နဝမတန်း အခန်း(၃)မှ မဟန်နီမိုး(၂၁၃/၁၈)၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၁၂/ကတန(နိုင်)၀၄၇၆၃၂ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး**

### ဖခင်အမည်မှန်

ရေတာရှည်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်ထွန်းနေအောင်နှင့် အဋ္ဌမတန်း(F)မှ မစိုးစန္ဒာထွန်းတို့၏ဖခင်အမည်မှန်မှာ ဦးခင်ကျော် ၇/ရတရ(နိုင်)၀၁၇၄၇၃ ဖြစ်ပါကြောင်း။

**ဦးခင်ကျော်**

### ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အထက(၂) သော်က၊ နဝမတန်း၊ အခန်း(၅)မှ မောင်သူရနိုင် (ကျောင်းဝင်အမှတ် ၁၆၂/၁၇)၏ ဖခင်အမည်မှန်မှာ ဦးရဲနိုင် ဖြစ်ပါကြောင်း။

**ဦးရဲနိုင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/5597၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ဟန်သီမောင်မောင် ၉/အမဇ(နိုင်)၀၂၄၅၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ဟန်သီမောင်မောင်သည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Han Thi Maung Maung အမည်ဖြင့် လေလံမဲစုခြင်း၊ ဝယ်ယူခြင်းကိုလုပ်ကိုင်ခဲ့ရာ ငွေကြေးမြောက်မြားစွာလိမ်လည်ခံခဲ့ရပြီး ရရန်ရှိသူများမှ ပြန်လည်ပေးခြင်းမရှိသည့်အတွက် အခက်အခဲများစွာတွေ့ကြုံခဲ့ရပါသည်။ ထိုကဲ့သို့ ငွေကြေးအခက်အခဲကြုံတွေ့နေရသော်လည်း ရရန်ရှိသူများအား ပြန်လည်ပေးဆပ်နိုင်ရန် တစ်ဖက်တွင် ငွေကြေးရှာဖွေနေခြင်း၊ ဒေါ်အေးချမ်းငြိမ်းမှ ၎င်းရရန်ရှိသူများထံ ဥပဒေနှင့်အညီ တောင်းခံခြင်းတို့ကိုလည်း အမြန်ဆုံးဆောင်ရွက်နေပါသည်။ ထို့ကြောင့် ဒေါ်ဟန်သီမောင်မောင်အနေဖြင့် ငွေရှာရန် အချိန်အတိုင်းအတာတစ်ခုလိုအပ်နေပါသည်။

သို့အတွက် ဒေါ်ဟန်သီမောင်မောင်မှ ငွေရရန်ရှိသူများကို ၁-၂-၂၀၁၉ ရက်မှစတင်၍ တစ်ဖက်မှရငွေများပေါ်မူတည်ကာ ငွေအနည်းအများအပေါ် ဒေါ်ဟန်သီမောင်မောင်ကိုယ်တိုင် သာတူညီမျှ ပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်း ၎င်း၏ ဝန်ခံကတိပြုပြောပြချက်အရ အသိပေးကြေညာအပ်ပါသည်။ ဒေါ်ဟန်သီမောင်မောင်အနေဖြင့် ရရန်ငွေများမှာ ငွေကျပ်သိန်း(၆၀၀)ကျော်ရှိသည့်အတွက် အဆိုပါငွေများကို အချိန်တိုအတွင်း ပြန်လည်ရရှိရန် ဥပဒေနှင့်အညီ ဆောင်ရွက်တောင်းခံနေခြင်းကို ဒေါ်ဟန်သီမောင်မောင်ထံမှ ရရန်ရှိသူများမှ စောင့်ဆိုင်းခြင်းမရှိဘဲ ဒေါ်ဟန်သီမောင်မောင်ကို အတင်းအကျပ် ငွေယုံကြည်အပ်နှံခြင်းဖြစ်ကြောင်း ဟန်ဆောင်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ နေအိမ်သို့ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းတို့အပြင် ဒေါ်ဟန်သီမောင်မောင်နှင့် ပြုလုပ်ထားသည့်ကိစ္စရပ်များကို သက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များအား ဂုဏ်သိက္ခာထိခိုက်စေရန် ပုတ်ခတ်စော်ကားခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများအရ မလွှဲမရှောင်သာ ထိထိရောက်ရောက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလည်း သိစေအပ်ပါသည်။ ထို့အပြင် ၎င်း၏နေအိမ်သို့ လူမိုက်ဆန်ဆန်လာရောက်ကာ ဥပဒေမဲ့ပြုလုပ်သူများကိုလည်း တရားဥပဒေအရ ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်၌ဖော်ပြထားသည့်အတိုင်း ဒေါ်ဟန်သီမောင်မောင်မှ ပေးဆပ်ရန်အတွက် ဝန်ခံကတိပြုပြောကြားထားပြီးဖြစ်ပါသောကြောင့် ဒေါ်ဟန်သီမောင်မောင်နှင့် တွေ့ဆုံညှိနှိုင်းလိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟန်သီမောင်မောင်ထံသို့ဖြစ်စေ မိမိတို့၏စာရင်းဇယားများဖြင့် ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထို့အပြင် ဥပဒေမဲ့လုပ်ဆောင်သူများကို တည်ဆဲဥပဒေများနှင့်အညီသာ ဖြေရှင်းသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော်**
**(LL.B)၊ အထက်တန်းရှေ့နေ (စဥ်-၄၇၃၄၆)**
**အမှတ်၃၁၀/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

### အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်အေးချမ်းငြိမ်း ၉/ခအဇ(နိုင်)၀၁၁၉၆၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်အေးချမ်းငြိမ်းသည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် Aye Chan Nyein အမည်ဖြင့် လေလံမဲစုခြင်း၊ ဝယ်ယူခြင်း၊ ရောင်းခြင်းများကိုလုပ်ကိုင်ခဲ့ရာ ငွေကြေးမြောက်မြားစွာလိမ်လည်ခံခဲ့ရပြီး ရရန်ရှိသူများမှ ပြန်လည်ပေးခြင်းမရှိသည့်အတွက် အခက်အခဲများစွာ တွေ့ကြုံခဲ့ရပါသည်။ ထိုကဲ့သို့ ငွေကြေးအခက်အခဲကြုံတွေ့နေရသော်လည်း ရရန်ရှိသူများအား ပြန်လည်ပေးဆပ်နိုင်ရန် တစ်ဖက်တွင် ငွေကြေးရှာဖွေနေခြင်း၊ ဒေါ်အေးချမ်းငြိမ်းမှ ၎င်းရရန်ရှိသူများထံ ဥပဒေနှင့်အညီ တောင်းခံခြင်းတို့ကိုလည်း အမြန်ဆုံးဆောင်ရွက်နေပါသည်။ ထို့ကြောင့် ဒေါ်အေးချမ်းငြိမ်းအနေဖြင့် ငွေရှာရန်အချိန်အတိုင်းအတာတစ်ခု လိုအပ်နေပါသည်။

သို့အတွက် ဒေါ်အေးချမ်းငြိမ်းမှ ငွေရရန်ရှိသူများကို ၁-၂-၂၀၁၉ ရက်မှစတင်၍ တစ်ဖက်မှ ရငွေများပေါ်မူတည်ကာ ငွေအနည်းအများအပေါ် ဒေါ်အေးချမ်းငြိမ်းကိုယ်တိုင် သာတူညီမျှ ပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်း ၎င်း၏ဝန်ခံကတိပြုပြောပြချက်အရ အသိပေးကြေညာအပ်ပါသည်။ ဒေါ်အေးချမ်းငြိမ်းအနေဖြင့် ရရန်ငွေများမှာ ငွေကျပ်သိန်း(၁၉၀၀) ကျော်ရှိသည့်အတွက် အဆိုပါငွေများကို အချိန်တိုအတွင်း ပြန်လည်ရရှိရန် ဥပဒေနှင့်အညီ ဆောင်ရွက်တောင်းခံနေခြင်းကို ဒေါ်အေးချမ်းငြိမ်းထံမှ ရရန်ရှိသူများမှ စောင့်ဆိုင်းခြင်းမရှိဘဲ ဒေါ်အေးချမ်းငြိမ်းကို အတင်းအကျပ်ငွေယုံကြည်အပ်နှံခြင်းဖြစ်ကြောင်း ဟန်ဆောင်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ နေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းတို့အပြင် ဒေါ်အေးချမ်းငြိမ်းနှင့် ပြုလုပ်ထားသည့်ကိစ္စရပ်များကို သက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များအား ဂုဏ်သိက္ခာထိခိုက်စေရန် ပုတ်ခတ်စော်ကားခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများအရ မလွှဲမရှောင်သာ ထိထိရောက်ရောက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းလည်း သိစေအပ်ပါသည်။ ထို့အပြင် ၎င်း၏နေအိမ်သို့ လူမိုက်ဆန်ဆန်လာရောက်ကာ ဥပဒေမဲ့ပြုလုပ်သူများကိုလည်း တရားဥပဒေအရ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်၌ဖော်ပြထားသည့်အတိုင်း ဒေါ်အေးချမ်းငြိမ်းမှ ပေးဆပ်ရန်အတွက် ဝန်ခံကတိပြုပြောကြားထားပြီးဖြစ်ပါသောကြောင့် ဒေါ်အေးချမ်းငြိမ်းနှင့် တွေ့ဆုံညှိနှိုင်းလိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးချမ်းငြိမ်းထံသို့ဖြစ်စေ မိမိတို့၏စာရင်းဇယားများဖြင့် ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ထို့အပြင် ဥပဒေမဲ့လုပ်ဆောင်သူများကို တည်ဆဲဥပဒေများနှင့်အညီသာ ဖြေရှင်းသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော်**
**(LL.B)၊ အထက်တန်းရှေ့နေ (စဥ်-၄၇၃၄၆)**
**အမှတ် ၃၁၀/က၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/2424 Toyota brobox S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်လင်း ၁၂/တမန(နိုင်)၀၉၅၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ မီးရထားလမ်းအကွက်၊ ဦးပိုင်(၂၉၊ ၃၁/၂)၊ (ဝဒသမ ၅၃၇)ကေ၊ အကွက်အမှတ်(၃၅)၊ မီးရထားလမ်းအကွက်၊ ဦးပိုင်(၂၇/၁၊ ၂၉၊ ၃၁/၂)၊ (ဝဒသမ ၅၃၇)ကေ၊ အကွက်အမှတ်(၃၆)၊ ဈေးချောင်းမြောက်အကွက်၊ ဦးပိုင်(၂၃/၁၊ ၂၄)၊ (ဝဒသမ ၅၅၁)ကေတို့အား ဦးဇော်လင်းလတ်အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

ကျီးပေါင်းရောဂါအမျိုးမျိုးအတွက်

**အောင်ထိပ်တန်း** အမှတ်တံဆိပ်

**သက်ရင်းကြီး လိမ်းဆေးရည်**



ဒူး၊ ခါး၊ ဇက်၊ ဖနောင့်တို့တွင် ဖြစ်သော ကျီးပေါင်းရောဂါအမျိုးမျိုးနှင့် ကျီးပေါင်းရောဂါကြောင့်ဖြစ်သော အာရုံကြောညှပ်ဝေဒနာများ၊ ဒူးနာ၊ ခါးနာ၊ ဖနောင့်နာ၊ ထုံကျင်ညောင်းကိုက်အကြောတင်း၊ အကြောတက်၊ လက်ကပ်နှင့် လေငန်း စသည့်ရောဂါတို့အတွက်ဆေးကို အသားထဲစိမ့်ဝင်အောင် လိမ်းပေးပါကသက်သာမှု မြန်ဆန်စေပါသည်။

ဖော်ပြပါရောဂါများကို အောက်ပါဆေးခန်းများတွင် ဆရာနှင့်တိုင်ပင်ဆွေးနွေးကုသနိုင်ပါသည်။

ပင်ရင်း **အောင်ထိပ်တန်း** အရိုးအကြောတိုင်းရင်းဆေးခန်း

အမှတ်(၃၀၇)၊ အပိုင်း(၁)၊ ငမိုးရိပ်(၇)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၄၀)၊ မြေညီထပ်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ အကြော်တဲမှတ်တိုင်၊ မ/ဒဂုံ။
၀၉ ၅၁၈၅၀၁၄၊ ၀၉ ၇၃၀၃၂၈၆၅၊ ၀၉ ၄၂၀၀၄၂၆၈၉



**တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများအတွက်**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ စစ်မေးမည့်

မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားထားသော...




**ပါမောက္ခ ဒေါက်တာခင်ဆန်းဦး**

တက္ကသိုလ်ဝင်တန်း

**မြန်မာစာလမ်းညွှန်**

(သင်ရိုးကုန်)

ဆက်သွယ်မှာကြားရန် - ဂုဏ်ထူးမော်ကွန်းစာပေ

အမှတ်(၃၅၉)၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆

၀၉ ၇၃၀ ၃၁၂၂၉ ၊ ၀၉ ၄၃၁ ၄၁၂၂၉

အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။


## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(H)မှ မောင်ဇင်ကို၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း ၉/နထက(နိုင်)၁၂၇၉၅၂ ဖြစ်ပါသည်။ **ဦးသိန်းဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(E)မှ မနှင်းနှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၉/တသန(နိုင်)၁၀၁၅၀၇ဖြစ်ပါသည်။ **ဦးမောင်မျိုး**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မဇာရီမွန်၏ ဖခင်အမည်မှန်မှာ ဦးဘိုနေဝင်း ၉/နထက(နိုင်)၀၃၀၁၃၅ ဖြစ်ပါသည်။ **ဦးဘိုနေဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက၊ နဝမတန်း(E)မှ မဆန်းမီ၏ ဖခင်အမည်မှန်မှာ ဦးသံချွန် ၉/နထက(နိုင်)၀၂၁၄၃၅ ဖြစ်ပါသည်။ **ဦးသံချွန်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(D)မှ မချမ်းမြေ့သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း ၉/နထက(နိုင်)၀၉၅၀၂၀ ဖြစ်ပါသည်။ **ဦးကျော်ဆန်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မခက်ခက်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ဦး ၉/မလန(နိုင်)၁၅၇၈၃၆ ဖြစ်ပါသည်။ **ဦးစိုးနိုင်ဦး**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက၊ နဝမတန်း(E)မှ မယဉ်ယဉ်နွယ်၏ ဖခင်အမည်မှန်မှာ ဦးဆန်း ၉/နထက(နိုင်)၀၄၆၈၀၄ ဖြစ်ပါသည်။ **ဦးဆန်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(D)မှ မဖြိုးမင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးဖိုးကြွက် ၉/နထက(နိုင်)၀၉၅၉၃၂ ဖြစ်ပါသည်။ **ဦးဖိုးကြွက်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မနှင်းနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၉/နထက(နိုင်)၀၀၉၆၇၈ ဖြစ်ပါသည်။ **ဦးစိုးဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက၊ နဝမတန်း(E)မှ မောင်နိုင်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးကြည်သိန်း ၉/နထက(နိုင်)၀၂၃၁၂၁ ဖြစ်ပါသည်။ **ဦးကြည်သိန်း**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မနန္ဒာလင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်းအောင် ၉/နထက(နိုင်)၁၄၄၇၃၅ ဖြစ်ပါသည်။ **ဦးနိုင်လင်းအောင်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မဖြိုးသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးမင်းဦး ၉/နထက(နိုင်)၀၉၈၀၁၈ ဖြစ်ပါသည်။ **ဦးမင်းဦး**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက၊ နဝမတန်း(E)မှ မောင်ငြိမ်းမင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးအေးဖေ ၉/နထက (နိုင်)၀၉၄၁၃၄ ဖြစ်ပါသည်။ **ဦးအေးဖေ**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မလဲ့လဲ့ရီ၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၉/နထက(နိုင်)၀၂၆၃၄၀ ဖြစ်ပါသည်။ **ဦးသန်းလှိုင်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့၊ အထက နဝမတန်း(C)မှ မောင်ကျော်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းတင့် ၉/နထက(နိုင်)၁၂၃၄၀၅ ဖြစ်ပါသည်။ **ဦးလှဝင်းတင့်**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့၊အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၃-ယိုးဒယားတန်း)၊ ဦးပိုင်(ဃ/၂)၊ မြေဧရိယာ ၀ ဒသမ ၀၅၆ဧကရှိ မြေအား လူနေဂရန် အသစ်ရရှိရန် ဦးလှမြင့် ၁၂/လကန(နိုင်)၁၅၂၂၁၃က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ မြေပိုင်ဆိုင်မှု အထောက်အထား မူရင်းများ၊ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူဦးလှမြင့်သို့ မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/မြသီတာအိမ်ရာ)၊ မြေကွက်အမှတ်(၁-A/၂၉)၊ ဧရိယာ ၀ဒသမ၀၄၈ဧကနှစ် (၆၀)မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ခင်မြင့်မြင့်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အမည်ပေါက်မိခင်ဖြစ်သူဒေါ်ခင်မြင့်မြင့် ၁၂/ဥကတ(နိုင်)၀၂၇၃၉၆သည် ၁၂-၃-၂၀၁၅ခုနှစ်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးခင်လှိုင် (CE-039318) သည် ၂၈-၆-၂၀၀၂ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်၍ သားများဖြစ်ကြသော (၁)ဦးအောင်မြတ်သူ ၁၂/ဥကတ(နိုင်)၀၂၃၄၈၃သည် ၈-၅-၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ (၂)ဦးလတ်နိုင် ၁၂/ဥကတ(နိုင်)၀၂၆၉၄၈သည် ၁၂-၈-၂၀၁၆ခုနှစ်တွင်လည်းကောင်း လူပျိုကြီးဘဝများဖြင့် အသီးသီး ကွယ်လွန်သွားကြ၍ မွေးချင်းသား (၃)ယောက်အနက်မှ ကျန်ရစ်သော သား ဦးအောင်မိုးသူ ၁၂/ဥကတ(နိုင်)၀၂၆၉၅၅ သည်ကျမ်းကျိန်လွှာ (၅/၂၆၆၃)၊ ၃၀-၅-၂၀၁၈ နှင့်သေဆုံးမှုလက်မှတ်မိတ္တူတို့တင်ပြ၍ အမွေဆက်ခံပိုင်ကြောင်းကြော်ငြာစာချုပ် ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6G/8001၊ Toyota Landcruiser Prado ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစောဂျိုးဇက် ၃/ကကရ (နိုင်)၀၂၁၃၉၂ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်မြို့နယ်၊ ၁၆-ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/က+ခ)၊ မြေကွက်အမှတ်(၂၆၈)၊ ဧရိယာဧက(၀.၀၂၈)၊ (၂၅ ပေ×၅၀ ပေ)ရှိ ဦးဝင်းသန်း အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် မြေပေါ်ရှိ အမှတ်(၄၂)ဟုခေါ်တွင်သော နှစ်ထပ်အိမ် အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဦးဝင်းသန်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ထိုရက်ကျော်လွန်လျှင် မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဓနုဖြူဦးသန်းဆွေ** LL.B,LL.M(Q),H.G.P,ADVOCATE

**(ဥပဒေကျမ်းပြု) တရားလွှတ်တော်ရှေ့နေကြီး (စဉ်-၂၈၆၈/၈၄)**

**ရုံး - တိုက်-၉/၁၁၊ အခန်း-၁၀၃(E)ပထမထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**

**အိမ် - အမှတ်-၁၆ (၅-A)၊ နတ်မောက်လမ်း၊ ကန်တော်ကြီးပတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၄၂၅၂၇၇၅၂၄၊ ၀၉-၇၉၉၇၀၀၁၉၉**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ဖြူဖြူစိုး (PBDN-၀၀၄၆၀၅)နှင့် ဦးဝင်းကျော်ဗိုလ် (PGU-၂၅၄၁၉၁) တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်ရုံးတွင် ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြပါသည်။

သို့ရာတွင် လွန်ခဲ့သည့် ၁၈နှစ်ခန့်ကပင် ကျွန်မနှင့်အတူနေထိုင်ရာမှ အိမ်မှ သား(၁)ယောက်၊ သမီး(၁)ယောက်နှင့် ကျွန်မတို့ကိုထားခဲ့ပြီး ဆင်းသွားခဲ့ပါသည်။ မည်သည့်ထောက်ပံ့ကြေးမှ မပေးပါ။ ယနေ့ထိဖြစ်ပါသည်။ လင်သားတစ်ဦး၏ ကျင့်ဝတ်တာဝန်နှင့်လည်းကောင်း၊ သားသမီးတို့အပေါ်ထားသည့် မိဘကျင့်ဝတ်ကိုသော်လည်းကောင်း ပျက်ကွက်သဖြင့် ၂၉-၆-၂၀၁၈ ရက်မှစ၍ မည်သို့မျှပတ်သက်ခြင်းမရှိကြောင်း၊ အပြီးအပိုင် ကွာရှင်းပြီး ဖြစ်ပါသည်။ နောက်နောင်တွင်လည်း မည်သို့မှပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်ဖြူဖြူစိုး** | **ဦးမျိုးမြင့်** |
| **PBDN-၀၀၄၆၀၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၁၂)** |
| **အမှတ်(၄၁၆)၊ ဗညားဒလလမ်း၊** | **၅၆၁၊ ကုန်သည်လမ်း၊** |
| **တာမွေမြို့နယ်၊ ရန်ကုန်မြို့** | **M.A.C Tower** |

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ အမှတ်(၂၅) စမ်းရေတွင်းလမ်းနေ ဒေါ်ဥမ္မာချို ၁၂/မဂတ(နိုင်)၀၁၃၅၇၁မှ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ်(၄၀)မေယုလမ်းနေ ဦးကြည်တိုး မှတ်ပုံတင်အမှတ် ၁၄/ပသန(နိုင်)၀၃၁၈၄၀ ထံသို့ (၃၀-၁၀-၂၀၁၅)ရက်စွဲဖြင့် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာ အမှတ်-၁၁၃၄၃အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာချို**
**၁၂/မဂတ(နိုင်)၀၁၃၅၇၁**

**၂၈-၆-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ(၃၀)ပါ (ဘ)ဦးမောင်လွင်၏သမီး မခိုင်ရည်မွန်၏ လွှဲအပ်ညွှန်ကြားမှုအရ ကြေညာခဲ့သော တရားလွှတ်တော်ရှေ့နေ ဒေါ်မို့မို့ထွဋ်နှင့်အထက်တန်းရှေ့နေများဖြစ်ကြသော ဦးဇော်ထိန်လင်း၊ ဒေါ်နေခြည်စိုးတို့၏ လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် မခိုင်ရည်မွန်နှင့် အများသိစေရန်**

## ပြန်လည်ရှင်းလင်းကြေညာခြင်း

ဖော်ပြပါသတင်းစာတွင် ဖော်ပြပါရှိသည့် လူကြီးမင်းများ၏ ကြေညာချက်သည် (လုံးဝ) မှန်ကန်မှုမရှိပါကြောင်း အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာလိုက်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်စိုးဦး ၁၂/သဃက(နိုင်)၁၀၀၉၄၇နှင့် မခိုင်ရည်မွန်တို့သည် ၈-၄-၂၀၁၆ ရက်မှစ၍ အကြင်လင်မယားအဖြစ် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၀၊ ပထမထပ်(B) တိုက်ခန်းတွင် အကြင်လင်မယား(၂)ဦး ပျော်ရွှင်စွာ အတူနေထိုင်ပေါင်းသင်းခဲ့ကြကြောင်း၊ ထိုသို့နေထိုင်လျက်ရှိစဉ် ၂၃-၄-၂၀၁၈ ရက်တွင် လင်မယားနှစ်ယောက် ကျီဆယ်စနောက်ကြရာမှ ခဏတာစိတ်ဆိုး၊ ဒေါသဖြစ်ကာ မခိုင်ရည်မွန်၏ ၄င်းနေ့တွင် အသိရှေ့နေ ဒေါ်တင်မိုးခိုင်အား အိမ်သို့ခေါ်၍ ဟန်ဆောင်လင်မယား ကွာရှင်းခဲ့ကြကြောင်း သိရှိရပါသည်။ ၄င်းနောက် ဦးတင်စိုးဦး၏မိခင်နှင့် ဦးလေးဖြစ်သူတို့အပြင် ရင်းနှီးသည့် မိတ်ဆွေများ၏ ညှိနှိုင်းပြောဆိုပေးမှုအရ မခိုင်ရည်မွန်သည် ဦးတင်စိုးဦးအပေါ် စိတ်ကောက်၊ စိတ်ဆိုး ပြေလည်သွားသဖြင့် ၂၅-၄-၂၀၁၈ ရက်မှစတင်၍ ဖော်ပြပါတိုက်ခန်းတွင်ပင် တရားဝင်လင်မယားအဖြစ် ပြန်လည်ပေါင်းသင်း နေထိုင်လျက်ရှိကြကြောင်း၊ ဘေးပတ်ဝန်းကျင်တိုက်ခန်းမှ လူအများတွေ့မြင်သိရှိကြကာ ၂၃-၄-၂၀၁၈ ရက်က ချုပ်ဆိုခဲ့သော လင်မယား ကွာရှင်းစာချုပ်သည်လည်း(ပျက်ပြယ်)သွားပြီဖြစ်သဖြင့် မခိုင်ရည်မွန်သည် ဦးတင်စိုးဦး၏ လွန်စွာချစ်မြတ်နိုးသည့် တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ကြောင်း သိရှိရပါသည်။

ဖော်ပြပါအတိုင်း လင်မယားအဖြစ် တရားဝင်လူသိရှင်ကြားပြန်လည်ပေါင်းသင်းနေထိုင်ပြီးနောက် မခိုင်ရည်မွန်သည် ဦးတင်စိုးဦးသိရှိသဘောတူခြင်းမရှိဘဲ ၉-၅-၂၀၁၈ ရက် ညနေ ၅ နာရီတွင် ၄င်း၏သဘောဆန္ဒတစ်ခုတည်းဖြင့် ဖော်ပြပါနေအိမ်တိုက်ခန်းမှ ဆင်းသွားခဲ့ရာ ဦးတင်စိုးဦးက သဃ်န်းကျွန်းမြို့မရဲစခန်းတွင် လူပျောက်မှု အမှတ်စဉ် ၁၁/၂၀၁၈ဖြင့် အမှုဖွင့်တိုင်ကြားထားခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဖော်ပြပါနေ့ရက်ထုတ် ဦးတင်စိုးဦးနှင့်ပတ်သက်သော မြန်မာ့အလင်းသတင်းစာ ကြော်ငြာပါအကြောင်းအရာများသည် (လုံးဝ)မှန်ကန်မှုမရှိပါ၍ လက်ရှိဦးတင်စိုးဦး၏ တရားဝင်ဇနီးအဖြစ် တည်ရှိနေသည့် မခိုင်ရည်မွန်အား ဖြားယောင်းသွေးဆောင်လက်ခံထားသူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မခိုင်ရည်မွန်နှင့် သက်ဆိုင်သူများအား အသိပေးရှင်းလင်းကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားမှုအရ-** | |
| **ဦးတင်စိုးဦး** | **ဦးဇော်မျိုးဟန်** | **ဒေါ်သန်းသန်းနွယ်** |
| | **စဉ်/၈၆၁၁** | **စဉ်/၄၆၃၉၂** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **ဖုန်း-၀၉-၂၆၁၉၉၅၄၄၅** | **ဖုန်း-၀၉-၄၄၂၀၆၀၄၁၁** |

## အမည်မှန်

ဦးအောင်လွင်ဦး၏သမီး ကျောက်မဲမြို့၊ အထက(၂)၊ စတုတ္ထတန်းမှ မစန္ဒကူးခင်၏ အမည်မှန်မှာ မဆုနန္ဒီနှင်းဖြစ်ပြီး၊ ဒုတိယတန်းမှ မနှင်းပွင့်ပွင့်ခင်၏ အမည်မှန်မှာ မနှင်းပွင့်ပွင့်ဝေ ဖြစ်ပါကြောင်း။ **ဦးအောင်လွင်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ အောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းလိတ်၏ ဖခင် ဦးမင်္ဂလာနှင့် ဦးစိုင်းစိုးမြင့် ၁၃/ကမန(နိုင်)၀၂၁၃၅၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုင်းစိုးမြင့်**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အမက (၁၁)၊ ဒုတိယတန်းမှ မဆိုင်ရာ(ခ)မခေါန်ဆိုင်းဂျာ၏ ဖခင်အမည်မှန်မှာ ဦးဂန်ဖန် ၁၃/နမတ(နိုင်)၀၃၇၉၈၉ ဖြစ်ပါကြောင်း။ **ဦးဂန်ဖန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(ခရစ်ကျောင်းကွက်)၊ ဦးပိုင်အမှတ်(၁၄/၆၈)၊ မြေချိန်ဧရိယာ ၀ဒသမ၁၂၆ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၄၀၆-၅/၉၇-၉၈(အေ)ဖြင့် ဦးကျမ်အေး အမည်ပေါက်မြေငှားဂရန်မှာ နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် ဦးကျမ်အေး ၁၃/လရန(နိုင်)၀၃၂၄၇၅မှ မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မိတ္တူမှန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2741Mitsubishi Canter FE 82 EEV,Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုး ၉/နထက(နိုင်)၀၁၅၀၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၉၈၁၃၃ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၉/အမရ(နိုင်)၁၃၇၉၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၃၁၃၁ Honda Wave 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ Shwe Khine Soe Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၉၆၅၂၀ Honda Wave 125 I ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာအောင် ၁၀/သထန(နိုင်)၁၈၂၅၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၁၆၊ မီးကြာရိုးတောင်ရပ်၊ ဦးပိုင်အမှတ် ၉၈၊ မြေယာအမှတ် 83၊ မြေဧရိယာ ၀ဒသမ ၀၉၆ဧကရှိမြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ရှယ်တာ(ခ)ဒေါ်နော်ရှယ်လတာ ၉/မမန(နိုင်)၀၂၀၄၁၄မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် ၁၆၊ မီးကြာရိုးတောင်၊ ဦးပိုင်အမှတ် ၁၁၄-က၊ မြေယာအမှတ် 194-A၊ မြေဧရိယာ၀ဒသမ၀၃၈ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်မြည်မ်းစိုး ၈/မမန(နိုင်)၁၃၆၀၆၆က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်

ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
ခံတွင်းနှင့် မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ် ၈၊ တိုက်(B)၊ အခန်း ၄၀၂နေ (ဦးအုန်း-ဒေါ်သန်းတင်)တို့၏သား၊ (ဦးလှထွန်း-ဒေါ်ခင်မြ)တို့၏သားသမက်၊ ဒေါက်တာမော်မော်၏ခင်ပွန်းသည် ၂-၇-၂၀၁၈ ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာန၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာဦးကိုကိုမောင်သည် ၂-၇-၂၀၁၈ရက် ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်

ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
ခံတွင်းနှင့် မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
အသက်(၆၉)နှစ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ ခံတွင်းနှင့် မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်သည် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး၏ သွားဘက်ဆိုင်ရာ ဆေးပညာလောက အတွက် စွမ်းစွမ်းတမံဆောင်ရွက်ချက်များကို ဂုဏ်ပြုအပ်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**
**ခံတွင်းနှင့်မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်

ပါမောက္ခ/ဌာနမှူး(အငြိမ်းစား)
ခံတွင်းနှင့် မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
အသက်(၆၉)နှစ်

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ ခံတွင်းနှင့် မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး(အငြိမ်းစား) ဆရာကြီး ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်သည် ၂-၇-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၁၅နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး၏ သွားဘက်ဆိုင်ရာ ဆေးပညာလောက အတွက် စွမ်းစွမ်းတမံဆောင်ရွက်ချက်များကို ဂုဏ်ပြုအပ်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) 22nd Batch မှ တပည့်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ဦးကိုကိုမောင်

ပါမောက္ခ/ဌာနမှူး(ငြိမ်း)
ခံတွင်းနှင့်မျက်နှာမေးရိုး ခွဲစိတ်ကုပညာဌာန
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
အသက်(၆၉)နှစ်

တပ်မတော် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးပညာဌာနတွင် သင်ကြားရေး တာဝန်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသော ပါမောက္ခ ဒေါက်တာဦးကိုကိုမောင် အသက်(၆၉)နှစ်သည် ၂-၇-၂၀၁၈ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲ ရပါကြောင်း။ (ဆရာကြီး ကောင်းရာသုဂတိလားပါစေ။)

**သွားဘက်ဆိုင်ရာဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရွှေဝင်း

အသက်(၇၈)နှစ်

မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မလွန် ဆန်လှူသင်းထောက်အဖွဲ့ (ဥက္ကဋ္ဌ) ဦးရွှေဝင်း အသက်(၇၈)နှစ်သည် ၃၀-၆-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး**
**မန္တလေးမြို့**

## မရိုးလှဖြူ

**B.A(EPP), LCCI (III), ACCA Part(2)**
**D.A, D.M.A, D.C.A, Dip in Tourism Management**
အသက်(၂၉)နှစ်

ရန်ကုန်မြို့၊ သဃ်ၤန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ သင်္ဂဟလမ်း၊ အမှတ် ၃၀နေ(ဦးသန်းမောင်-ဒေါ်မြကြည်)၊ အမှတ် ၁၄၊ သင်္ဂဟလမ်းနေ(ဦးအုန်းလှ)-ဒေါ်ခင်မြိုင်တို့၏မြေး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊အမှတ်(၁၃/က)နေ ဦးခင်မောင်ဌေး-ဒေါ်သန်းသန်းဌေးတို့၏သမီး၊ ကိုနိုင်လင်း၊ မဖြိုးသူခိုင်တို့၏ညီမသည် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့)ည ၁၀း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မြိုင်(ခ)အော်ကင်လျံ

(ကိုမြင့်သောင်း အအေးဆိုင်)
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇လမ်း၊ အမှတ် ၅၄၊ ဒုတိယထပ်နေ [ဦးလင်ရောက်လန်(ခ)ဦးမောင်စိန်]၏ဇနီး၊ လင်တိတ်ကီး-မလေးဝှာ၊ လင်တိတ်ချွမ်(ခ) ကိုမြင့်သောင်း-တိုက်ရှုလျန်(ခ)မခင်လေးရီ၊ လင်ပိုးတင်း-(ပေခေးစိန်)၊ လင်ပိုးကြူး၊ လင်တိတ်ဝှက်-မရီရီဝင်း၊ လင်တိတ်ကြိုင်(ခ)ခင်မောင်ဝင်း-မစန်းသီတာ၊ လင်တိတ်ဝမ်(ခ)ကိုအောင်ထွန်း-မမိုးမိုးသန်း၊ လင်ပိုးစွမ်(ခ)မနုနုဝင်း-ကြူနိမ်ကွန်း၊ လင်တိတ်ဟုတ်(ခ)ကိုနိုင်လင်း-မမာမာဆွေတို့၏မိခင်၊ မြေး ၂၂ယောက်တို့၏အဘွား၊မြစ် ၁၄ယောက်တို့၏ဘွားဘွားကြီးသည် ၂-၇-၂၀၁၈ရက် နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အုံးမေ

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ ၃၅လမ်း၊ မြေညီထပ်၊ အမှတ် ၂၃၈နှင့် ပျဉ်းမနားမြို့၊ ပြန်ကပြေးရွာနေ (ဦးပု-ဒေါ်ဖြူ)တို့၏သမီး၊ (ဦးမင်းဒင်)၏ဇနီး၊ ဒေါ်တင်တင်ညို၊ ဒေါ်ခင်ခင်ညို၊ ဦးမင်းအောင်-ဒေါ်ရင်ရင်ညို၊ ဦးတင်မောင်ဖိုလ်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်လွင်လွင်ညို၊ ဒေါ်ခင်မညိုတို့၏ ချစ်လှစွာသောမိခင်၊ မြေး၄ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းကြည် (အန်တီကော)

အသက်(၈၇)နှစ်

ဦးဝင်းမင်းသန်း (တွဲဖက်ပါမောက္ခ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး)-ဒေါ်သီတာအေး (ကထိက၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်)တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်စန်းကြည်(အန်တီကော)သည် ၂၉-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာန**
**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းကြည် (အန်တီကော-ဗန်းမော်)

အသက်(၈၇)နှစ်

ဗန်းမော်မြို့၊ သာစည်ရပ်နေ (ဦးညွန့်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံ ၃လမ်းနေ (ဦးတင်မောင်သန်း) (ရာဖြတ်အရာရှိ၊ အကောက်ခွန်ဦးစီးဌာန)၏ဇနီး ဒေါ်စန်းကြည်သည် ၂၉-၆-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗန်းမော်အသင်းအမှုဆောင်များ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်(ကြို့ပင်ကောက်မြို့) အသက်(၈၀)

မန်နေဂျာ(ငြိမ်း)၊ (ကုန်သွယ်ရေး)၊ ဥက္ကဋ္ဌ(သီရိစန္ဒာဆေးရုံ၊ အင်းစိန်)
ဂုဏ်ထူးဆောင်နာယက၊ (ကြို့ပင်ကောက်မြို့နယ်အသင်း)
စာရေးဆရာ မောင်မောင်တင်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသွယ်(၂)၊ အမှတ်(၅၁၈-က)နေ (ဒေါ်စိုးတင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဦး-ဒေါ်နီနီမြင့်(အမက-၁၂၊ အင်းစိန်)၊ ဦးစိုးနိုင်မြင့်(ဒါရိုက်တာ၊ သီရိစန္ဒာကုမ္ပဏီလီမိတက်)-ဒေါ်စိုးစိုးလတ်(အကြီးတန်းမန်နေဂျာ၊သီရိစန္ဒာကုမ္ပဏီလီမိတက်)၊ ဦးမိုးနိုင်မြင့်(အုပ်ချုပ်မှုဒါရိုက်တာ၊ သီရိစန္ဒာကုမ္ပဏီလီမိတက်)-ဒေါ်သင်းသင်းမောင်(2 & 16 Services)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ကိုကိုမြင့်ဦး(Sea Dream Co.,Ltd)၊ မောင်ကျော်ညီညီမြင့်ဦး(သီရိစန္ဒာကုမ္ပဏီလီမိတက်)၊ မောင်အေးမင်းသိန်း(West Yangon Technological University)၊မောင်အေးမင်းဟိန်း(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊(မမေမြတ်မိုး)၊မောင်အောင်မြတ်ကို(G-6, TTC)တို့၏ဘိုးဘိုးကြီးသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [သီရိစန္ဒာဆေးရုံ(လမ်းသစ်လမ်း) ရှေ့မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၁၃၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့်(ကြို့ပင်ကောက်မြို့) အသက်(၈၀)

ဥက္ကဋ္ဌ(သီရိစန္ဒာဆေးရုံ၊ အင်းစိန်)
ဂုဏ်ထူးဆောင်နာယက၊ (ကြို့ပင်ကောက်မြို့နယ်အသင်း)
မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်ရေး
စာရေးဆရာ မောင်မောင်တင်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကြခတ္တန်းကြီးရွာနေ (ဦးဟန်ညွန့်-ဒေါ်ခင်ကြည်)တို့၏သား၊ ဦးကြီးရွှေ-ဒေါ်ဝင်းမြတို့၏မောင်၊ (ဦးမောင်မူ-ဒေါ်ဝင်းရွှေ)၊ ဦးထွန်းဝေ-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်ရွှေ-ဒေါ်ယဉ်မြင့်၊ ဦးသိန်းဝင်း-ဒေါ်ခင်ဦး(ဂန္ဓမာဦးပွဲရုံ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဦးသိန်းဦး-ဒေါ်နီနီမြင့်၊ ဦးစိုးနိုင်မြင့်-ဒေါ်စိုးစိုးလတ်၊ ဦးမိုးနိုင်မြင့်-ဒေါ်သင်းသင်းမောင်တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်သီတာဝင်း၏ခင်ပွန်းသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [သီရိစန္ဒာဆေးရုံ(လမ်းသစ်လမ်း)ရှေ့မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၁၃၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ရီ

ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၈)ရပ်ကွက်၊ဖိုလ်ဗထူးအိမ်ရာ၊ အမှတ်(၄-စီ)၊ အခန်း ၅၀၃နေ (ဦးဘခိုင်-ဒေါ်လှညွန့်)တို့၏သမီး၊ (ဦးသိန်းထွန်း)၏ဇနီး၊ ဒေါ်စောရင်-(ဦးကျော်မောင်)၊ ဒေါ်တင်တင်လှိုင်-(ဦးကျော်လှိုင်)၊ဒေါ်အေးသိန်း-(ဦးစိန်လှိုင်)တို့၏ညီမ၊ဦးတင့်ဇော်-ဒေါ်စန်းစန်းချို၊ဦးထင်အောင်-ဒေါ်လှလှအေး၊ ဦးတင့်နိုင်-ဒေါ်မော်မော်လွင်၊ ဦးတင်ထွေးနိုင်-ဒေါ်နန်းသင်းကြူတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃-၇-၂၀၁၈ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၇-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကေဟုန်ပင်း(ခ) ဦးကျော်မြင့်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၂၆၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနေ ဦးကေအာဟီး-ဒေါ်ကင်မွတို့၏သား၊ ဒေါ်ကင့်လွင်၏ခင်ပွန်း၊ ဦးမောင်မောင်ရွှေ - ဒေါ်သင်းသင်းနိုင်၊ (ဦးမောင်မောင်မြင့်) - ဒေါ်အားနာတို့၏ဖခင်၊ မသင်းသဇင်၊ မောင်လင်းထက်ပိုင်၊ မောင်ပြည့်ဖြိုးဟိန်း၊ မအေးသဇင်တို့၏အဘိုးသည် ၂-၇-၂၀၁၈ရက် ည ၁၁း၄၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လမ်းမတော်လမ်းမှကားများ နံနက် ၉ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ထန်ရှုယုံ(ခ)
## ဒေါ်တင်တင်မြင့်

အသက်(၇၃)နှစ်

အုတ်ဖိုမြို့နေ (ဦးမောင်အေး-ဒေါ်ကျင်စု)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်၊အိုးတန်းရပ်ကွက်၊ မြသီတာ ၂လမ်းနေ (ဦးအာလေး)၏ဇနီး၊ ဦးဇော်ဦး-ဒေါ်ကျင်သန်း၊ဦးကြည်လေး-ဒေါ်နှင်းနှင်းဝါတို့၏မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (စဥ့်အိုးတန်းဘုရားကျောင်းရှေ့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုဇာနည်စိန်ဝင်း
## (ကြည့်မြင်တိုင်)

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ် ၂၀နေ (ဦးလှထွန်း-ဒေါ်ဖွားကျင်)၊ (ဦးအုန်းဖေ-ဒေါ်အမာ)တို့၏မြေး၊ (ဦးစိန်ဝင်း)-ဒေါ်ခင်လှဝင်း(ဆရာ၊ ငြိမ်း)တို့၏ ချစ်လှစွာသာသား၊ (ဦးသိန်းအောင်-ဒေါ်ခင်ခင်အုန်း)တို့၏သားသမက်၊ ဦးတင်အေး-ဒေါ်စီသန်း၊ ဦးမြဝင်း-ဒေါ်ခင်မြဝင်း၊ ဦးကျော်ငြိမ်း-ဒေါ်တင်တင်စု၊ (ဦးထွန်းထွန်း)-ဒေါ်ခင်အုန်းမြင့်၊(ဦးသက်ညွန့်)-ဒေါ်အေးအေးသန်းတို့၏တူ၊ ကိုဝင်းဇော်ဦး-မမေသူစိန်ဝင်း၊ မစန္ဒီစိန်ဝင်း၊ ဦးထိုက်ဝင်း-ဒေါ်ခင်သန်းရွှေ၊ (ကိုအောင်ပြည့်) - မစန်းစန်းတို့၏ ညီ/အစ်ကို၊ မဟန်နေဇော်ဇော်၏ဦးလေး၊ ဒေါက်တာဇီဇဝါ(ရူပဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၃-၇-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ဝ၀း၀၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှိုင် (စလင်းမြို့နယ်၊ ပေါက်လေးပင်ကျေးရွာ)

အသက်(၉၆)နှစ်

စလင်းမြို့နယ်၊ ပေါက်လေးပင်ကျေးရွာနေ(ဦးထွန်းစိန်-ဒေါ်မိ)တို့၏သမီး၊ ရန်ကုန်မြို့နေ ဦးသန်းရွှေ-ဒေါ်ခင်နွဲ့ရီ၊ (ဦးဌေးဝင်း)၊ ဦးအေးသွင်-ဒေါ်ကြည်စန်း၊ ဦးကြည်စိန်-ဒေါ်မို့မို့တင်၊ ဒေါ်စန်းဌေးတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ ကျော်သူ ၂၄လမ်း၊ အမှတ် ၈၂၄(ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စွမ်

အသက်(၉၆)နှစ်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒုံစီးရပ်နေ (ဦးရင်နား-ဒေါ်အန်ရာ)တို့၏သမီး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၅၁(B)နေ (ဦးမွန်တင်း)၏ဇနီး၊ ဦးကျင်တိတ်-ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးစိုးဦး-ဒေါက်တာဒေါ်အေးအေးစန်း၊ ဦးထွန်းငွေ(ခ)ဦးထွန်းဝင်း - ဒေါက်တာဒေါ်လှလှရီ (မြရတနာဆေးခန်း)၊ ဒေါ်စန်းစန်းမော်-Mr. HATA RYOICHI တို့၏ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၃း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၈ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖူးကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၁၅၁(B)၊ လသာလမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
## နာယကကြီး ဦးဟန်စိန်

နီနီရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်း
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ အမှတ် (၈/က)နေ ဒေါ်ရှုရင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မီမီဟန်တို့၏ဖခင်၊ အောင်ဥက္ကါဟန်၊ အောင်ခန့်ဟန်၊ ကောင်းမြတ်ဟန်၊ဖုန်းမြတ်ဟန်တို့၏ဘိုးဘိုးကြီးသည် ၂-၇-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁၁း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း လပွတ္တာမြို့သူမြို့သားများနှင့် အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**
**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မြင့် (ကြို့ပင်ကောက်မြို့)

ဥက္ကဋ္ဌ(သီရိစန္ဒာဆေးရုံ၊ အင်းစိန်)
ဂုဏ်ထူးဆောင်နာယက၊ (ကြို့ပင်ကောက်မြို့နယ်အသင်း)
အငြိမ်းစား မန်နေဂျာ(ကုန်သွယ်ရေး)
စာရေးဆရာ မောင်မောင်တင်
အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ ကြခတ္တန်းကြီးရွာနေ (ဦးဟန်ညွန့်-ဒေါ်ခင်ကြည်)တို့၏သား၊ ဦးကြီးရွှေ-ဒေါ်ဝင်းမြတို့၏မောင်၊ (ဦးမောင်မူ-ဒေါ်ဝင်းရွှေ)၊ ဦးထွန်းဝေ-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်ရွှေ-ဒေါ်ယဉ်မြင့်၊ ဦးသိန်းဝင်း-ဒေါ်ခင်ဦး(ဂန္ဓမာဦးပွဲရုံ)တို့၏အစ်ကို၊ ဒေါ်သီတာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မအိသဥ္ဇာဝင်းမောင်၏ ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် သီရိစန္ဒာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [သီရိစန္ဒာဆေးရုံ(လမ်းသစ်လမ်း) ရှေ့မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်း၊ အမှတ် ၁၃၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအဂ္ဂါတင်အုံး

**B.E.Mech (1983)**
**EX 2/E (BS.M)**
**C.D.C 17151**
အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင် ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ်) ဗိုလ်မှူးကြီး(ငြိမ်း)၊ (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း) - ဒေါ်တင်ညိမ်းဝင်း [အထပြ(ငြိမ်း)၊အထက(၁)ရန်ကင်း၊အထက(၄)အလုံ]တို့၏သား၊(ဦးE.Dickson) (ရေကြောင်းနည်းပြမှူး၊ ငြိမ်း)-(ဒေါ်ဝင်းကြည်)တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ အမှတ်(64 H-1)နေ ဒေါ်တင်တင်ဌေး(ငယ်ငယ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖွဲ့အောင်၊ ကိုမိုးစက်၊ မရှင်လဝန်း(G-11 F,T.T.C) တို့၏ဖခင်သည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၇-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအဂ္ဂါတင်အုံး

**B.E.Mech (1983)**
**EX 2/E (BS.M)**
**C.D.C 17151**
အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင် ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ်) ဗိုလ်မှူးကြီး(ငြိမ်း)၊ (တရားရုံးချုပ်တရားသူကြီး၊ ငြိမ်း) - ဒေါ်တင်ညိမ်းဝင်း [အထပြ(ငြိမ်း)၊ အထက(၁)ရန်ကင်း၊ အထက(၄)အလုံ]တို့၏သား၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း-ဒေါ်ရွှေဝါတင်အုံး၊ (ဦးတေဇာတင်အုံး)၊ ဦးဝင်းထွဋ်သိန်း(Tech-Superintendent POSH FLEET SERVICES PTE LTD)-ဒေါ်ဥမ္မာတင်အုံး၊ ဦးသောင်းထိုက်ဝင်း-ဒေါ်စန္ဒာတင်အုံးတို့၏အစ်ကိုသည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (၁၇)ကြိမ်မြောက် စည်းဝေး

**ရန်ကုန် ဇူလိုင် ၃**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U)၏ (၁၇) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့အစည်းအဝေး၌ JMC ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မိမိအဖွဲ့အစည်းနှင့် ပတ်သက်သော ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်နှင့် JMC လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်နေမှုတွင် အားနည်းချက်၊ အားသာချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားရန်လိုကြောင်း၊ JMC သည် NCA ဆိုင်ရာ၊ စစ်ဘက်ဆိုင်ရာအချက်များအပြင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ယခင်နှစ်ဖက် သဘောတူစာချုပ် ချုပ်ဆိုထားမှုများနှင့် ပတ်သက်၍ တိတိကျကျလိုက်နာကာ အကောင်အထည်ဖော်မှု ရှိ၊ မရှိကို စောင့်ကြည့်ကာ ဆောင်ရွက်ရသောကော်မတီဖြစ်ကြောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား စာချုပ်ပါ သဘောတူညီချက်များကို ပျက်ကွက်သည့်အတွက် အငြင်းပွားမှုများ၊ အပြန်အလှန်တိုင်ကြားမှုများ ရှိနေသည့်အတွက် ယင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရေတို၊ ရေရှည်ဆောင်ရွက်ချက်များကို ခွဲခြားသိမြင်ပြီး ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုမှတစ်ဆင့်လိုအပ်သော အကောင်အထည်ဖော်မှုများကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

ကြားကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်စေရန် နောက်ကြောင်းပြန်စဉ်းစားသည်များမပြုလုပ်ဘဲ ရှေ့ဆက်ပြုလုပ်သွားရမည့်လမ်းကြောင်းများကို ဆောင်ရွက်မှသာလျှင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများအကြား လုပ်ဆောင်မှုများတွင် တိကျသော ရည်ရွယ်ချက်ကို တစ်ဖက်အဖွဲ့အစည်းက နားလည်သိရှိအောင် ပြောဆိုပြီး ညှိနှိုင်းဆောင်ရွက်နိုင်မည်ဆိုလျှင် ယခင်ထက်သဘောတူညီချက်များပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း အပြုသဘောနားလည်ကာ ညှိနှိုင်းသည့်အတိုင်းဆောင်ရွက်သွားမည်ဆိုလျှင် အပြန်အလှန်ယုံကြည်မှုများ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယုံကြည်မှု၏ အခြေခံသည် ပုဂ္ဂိုလ်ရေးရင်းနှီးမှုမှ တစ်ဆင့် အပြန်အလှန်ယုံကြည်မှုကို

*စာမျက်နှာ ၇ ကော်လံ ၁* ◆

# ထိုင်းနိုင်ငံ လိုဏ်ဂူထဲမှ လူငယ် ၁၃ ဦး ခေါ်ထုတ်နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ



ထိုင်းနိုင်ငံ လိုဏ်ဂူအတွင်းမှ ပျောက်ဆုံးလူငယ်များတွေ့ရှိပြီးနောက် ကယ်ဆယ်ရေးပင်မထိန်းချုပ်ရေးစခန်းတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။


**တာချီလိတ် ဇူလိုင် ၃**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုဏ်ဂူအတွင်း၌ ပိတ်မိနေသည့် လူငယ်ဘောလုံးသမား ၁၃ ဦးအား ရှာဖွေကယ်ဆယ်မှု ၁၀ ရက်မြောက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ရာ ယနေ့နံနက်တွင် ယင်းလူငယ်များကို ပြန်လည်ခေါ်ထုတ်နိုင်ရေး လိုဏ်ဂူလမ်းကြောင်းများ ကောင်းမွန်ရေးအပါအဝင် အာဟာရပြည့်စေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းလူငယ်များ ခေါ်ထုတ်ရန်အတွက် လိုဏ်ဂူအတွင်းမှ ရေများ စုပ်ထုတ်ခြင်း၊ အပေါ်ဂူပေါက်ဖောက်ခြင်း၊ ဂူအတွင်း အပြင် လမ်းကြောင်းကောင်းမွန်ရေး ရှင်းလင်းခြင်း၊ အောက်ဆီဂျင်ဘူးများ ချထားခြင်းတို့ ဆောင်ရွက်နေကြောင်း ယနေ့နံနက် ပိုင်းက သတင်းစာရှင်းလင်းပွဲတွင် ချင်းရိုင်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြောင်း သိရသည်။ ထို့အတူ ပြင်ပမှ ကူညီကယ်ဆယ်ရေးနှင့် အခြားလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများ အနေဖြင့် လိုဏ်ဂူအနီးရှိ ကယ်ဆယ်ရေး အုပ်ချုပ်ရေးရုံးကို သာ သတင်းပို့ဆောင်ရွက်ရန်ဖြစ်ပြီး သတင်းပို့ပြီးမှသာ လုပ်ဆောင်ရမည့် လုပ်ငန်း များနှင့် နေရာများကို စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ယမန်နေ့က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါရှာဖွေကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရေငုပ်သမားများက လိုဏ်ဂူအတွင်းပိုင်းရှိ တတိယဂူအခန်းငယ်ကို ကျော်လွန်ကာ ဂူလမ်းကျဉ်းထဲသို့ ခက်ခက်ခဲခဲဝင်ဝင်ရောက်ပြီးနောက် ရေငုပ်သမားများက ပတ္တာရားကမ်းခြေဟု တင်စားခေါ်ဝေါ်သည့်နေရာသို့ ရောက်ရှိခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❒



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

၂၀၁၈ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ဗုဒ္ဓဟူးနေ့

# ခေတ်စနစ်ပြောင်းကာ ပေါ်ထွက်လာသည့်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ (၂၀၁၈)

ထင်ပေါ်ဝင်း

**ရန်ကုန်**မြို့တော်ကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်နယ်ပယ်အသီးသီးကို အသစ်ပေါ်ထွက်လာသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာရာ အဓိကဆိပ်ကမ်းမြို့ကြီးဖြစ်ပြီး ပင်မစီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့သည် နိုင်ငံတကာအဆင့်မီမြို့ကြီးတစ်မြို့အဖြစ် ရပ်တည်နိုင်ရန် ဥပဒေသစ်တို့ လိုအပ်ခဲ့သည်။ နိုင်ငံ၏ လူဦးရေအများဆုံးမြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အမျှ အမှုကိစ္စအဝဝက အမျိုးအစားစုံလင်သည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့သလို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတို့ကလည်း အဆင့်ဆင့်လိုက်ပါ ပြောင်းလဲခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က အခန်း ခြောက်ခန်းဖြင့် စတင်သန္ဓေတည်ခဲ့သော အောက်မြန်မာနိုင်ငံ မြူနီစပယ်အက်ဥပဒေသည် ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) အဖြစ် ပြောင်းလဲရပ်တည်ကာ မြို့တော်ရန်ကုန်ကြီးအား စီမံခန့်ခွဲမှုများ ပြုလုပ်တော့မည်ဖြစ်သည်။

“ရန်ကုန်မြို့တော်ကြီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့တော်မှာ နေထိုင်နေကြတဲ့ မြို့တော်သူမြို့တော်သားများ၊ အုပ်ချုပ်ရေးစနစ်မှာပါဝင်နေကြတဲ့ မြို့တော်စည်ပင်သာယာနဲ့ အစိုးရအဖွဲ့အားလုံးဟာ ဒီဥပဒေနဲ့အညီ

**အချပ်ပို (ဃ) သို့**

“၂၀၁၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အခန်း ၃၂ ခန်း၊ ပုဒ်မပေါင်း ၃၉၈ ခု ပါဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇွန်လ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းခဲ့”



# ရန်ကုန်မြို့ပြ သန့်ရှင်းသာယာလှပဖို့ဆိုလျှင် အားလုံးဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့်

သော်တာနမ့်စန်၊ ဓာတ်ပုံ - သစ္စာ

**ယနေ့** ရန်ကုန်မြို့ပြနှင့် မြို့နယ်များ ရေစီး ရေလာ ကောင်းမွန်ပြီး သန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်း လက်တွဲဆောင်ရွက်ရန် အချိန်ကျရောက်နေပြီ ဖြစ်သည်။ ပွင့်လင်းရာသီတွင် ရန်ကုန်မြို့တွင်းရှိ လမ်းများ၏ နောက်ကျောဘက်တွင် စွန့်ပစ်ရေ၊ စွန့်ပစ်အမှိုက်များနှင့် မိလ္လာစီးဆင်းမှု အပါ အဝင် တိုက်ခန်းရှေ့ရေစီးမြောင်းများ ရေစီး ရေလာ ကောင်းမွန်မှု ကြိုတင်ဆောင်ရွက်မှု တို့သည် ယခုလို ညှော်သည်မိုးရွာသွန်းပြီးနောက် ဇူလိုင် ၁ ရက်နေ့သည် မိုးရာသီသို့ စတင်ဝင်ရောက်ပြီဖြစ်ရာ ရန်ကုန်မြို့တွင်းနှင့် မြို့နယ်အသီးသီးတို့ရှိ မြို့ပြ၊ ကျေးလက်များ မိုးရာသီကျန်းမာသန့်ရှင်း၊ သာယာလှပရေးနှင့် စက်မှုဇုန်များပါမကျန် ရေစီး ရေလာကောင်းမွန်ရေးသည် မိုးရာသီတွင် အထူး လိုအပ်နေပြီ ဖြစ်သည်။ နေ့စဉ်ယာဉ်ကြော ကျပ်တည်းမှုနှင့် မြို့ပြ၊ ကျေးလက်နှင့် စက်မှုဇုန် လမ်းတို့ရှိ အမှိုက်များကလည်း ရန်ကုန်မြို့ပြ နှင့် မြို့နယ်အသီးသီး၏ သန့်ရှင်းသာယာလှပရေးကို အဟန့်အတားဖြစ်စေလျက်ရှိသည်။

## လူဦးရေပြောင်းရွှေ့မှုများပြားလာ

မြန်မာနိုင်ငံသည် ခက်ခဲကြမ်းတမ်းသော နေ့ရက်တို့ကို ပုံရိပ်ကြမ်းကြမ်းဖြင့် ဖြတ်သန်းခဲ့ရ ပုံကို ပြန်လည်ပြောဆို၊ ဝေဖန်ထောက်ပြနေခြင်း ထက် ယနေ့ကောင်းမှုဆောင်ရွက်ခြင်းသည် မနက်ဖြန် ထိုကောင်းမှု၏ အသီးအပွင့်ကို ရရှိစေမည်ဟူသော အတွေးအမြင်တို့ဖြင့် တစ်ဦးနှင့် တစ်ဦး၊ တစ်သင်းနှင့် တစ်သင်း၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး တင်းကျပ်သော လက်များဖြင့် ခိုင်မြဲသော စိတ်ဓာတ်များ တည် ဆောက်ကာ စည်းလုံးစွာဖြင့် ပူးပေါင်းဆောင်ရွက် ရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို နိုင်ငံ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြည်တွင်း၊ ပြည်ပအရေးတို့က အချက်ပေးနေပြီ ကို သတိပြုရတော့မည့်အချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အထင် ကရ မြို့တော်ကြီးတစ်ခုဖြစ်သည်နှင့်အညီ တစ်နှစ် ထက်တစ်နှစ် လူဦးရေပြောင်းရွှေ့မှု များပြားလာ သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ စီးပွားရေးအရ စက်မှုဇုန်များသို့ ပြောင်းရွှေ့နေထိုင်ခြင်းသည်



မြို့ပြအလှနှင့် ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် လှိုင်သာယာ အမှတ်(၁၅) ရပ်ကွက်တွင် စွန့်ပစ်ထားသော အမှိုက်များ။

တိုင်းပြည်အတွက် ကောင်းမွန်သော ကဏ္ဍတစ်ခု ဖြစ်သော်လည်း ကျေးလက်ဒေသများတွင် အလုပ် အကိုင်များ မကောင်းခြင်း၊ နယ်မြေမတည်ငြိမ် ခြင်းတို့ကြောင့် ပြောင်းရွှေ့လာခြင်းဖြစ်ပါက အဆိုပါ ဝန်ထုပ်ဝန်ပိုးကို ရန်ကုန်မြို့နှင့် အစိုးရပိုင်း တာဝန်ရှိသူတို့ အခက်အခဲများစွာ ကြုံတွေ့ရမည် သာဖြစ်သည်။ အထူးသဖြင့် မြို့ပြသန့်ရှင်းသာယာ လှပရေးကို တိုးမြှင့်ဆောင်ရွက်မှုထက် လက်ရှိ လုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ပြုပြင်ဖော်ဆောင် ရမည့်လုပ်ငန်းများကို အချိတ်အဆက်မိမိဖြင့် ပြန်လည်စစ်ဆေးဆောင်ရွက်ခြင်းက မြို့ပြခေတ်မီ လှပရေးကို ပို၍ အကျိုးရှိစေမည် ဖြစ်သည်။ မြို့ပြ အင်္ဂါရပ်နှင့်အညီ သွယ်တန်းထားသော လျှပ်စစ် ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ရေမြောင်းများ၊ ပလက် ဖောင်းများ၊ လမ်းပေါ်ဈေးသည်များ၊ ကားပါကင် များနှင့် ဆိပ်ကမ်းသာယာလှပရေးလုပ်ငန်းများ အပြင် မြို့ပြ၏အလှကို ထိန်းသိမ်းထားသည့် အဆောက်အအုံများမှ သက်တမ်းလွန် လူနေ အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ခြင်းတို့ လိုအပ်နေသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ မြို့ပြသာယာလှပရေးသည် ရန်ကုန်မြို့ပြ ခေတ်မီ သာယာလှပရေးဖြစ်သကဲ့သို့ နိုင်ငံအတွက် စံပြုရာမြို့ပြများ ပေါ်ထွန်းလာစေရန် လမ်းပြ ဖော်ဆောင်ရာလည်း ဖြစ်သည်။

## အချိန်သည်အရေးပါလာပြီ

ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပရန် မည်သူ့တွင် တာဝန်ရှိခြင်းထက် မိမိမြို့ပြမည်သို့ ဝိုင်းဝန်းဆောင်ရွက်လျှင် မည်သို့ခေတ်မီလှပ လာမည်ကို ဟန်ချက်ညီညီ ရင်ဘတ်ချင်းတူကာ အကောင်အထည်ဖော်ရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်သည်။ အချိန်သည် အကုန်မြန် ၏။ မိမိယနေ့လုပ်ဆောင်နိုင်မှုသည် မနက်ဖြန်တွင် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်လျက်ရှိနေ၍ ကိုယ်စီကိုယ်စီသမိုင်းကောင်းရန် လက်တွဲ ဆောင်ရွက်ကြမည်ဆိုလျှင် နိုင်ငံတော်အနေဖြင့် လည်း တိုင်းပြည်နှင့် လူမျိုးအတွက်ကဏ္ဍအသီးသီး တို့ကို ပြီးပြည့်စုံစွာဆောင်ရွက်နိုင်မည် ဖြစ်သည်။ တိုင်းပြည်တိုးတက်ရန် လုပ်ငန်းစဉ်များ ဆောင် ရွက်ရာတွင် နောက်ပြန်ကြည့်ဖြေရှင်းဆောင်ရွက် နေရမှုများလာပါက ရှေ့လုပ်ငန်းစဉ်များကို ထိခိုက် စေမည်ဖြစ်သည်။ ရန်ကုန်မြို့ပေါ်သာမက မြို့နယ် များအားလုံး ကိုယ်စီကိုယ်စီ တိုင်းပြည်နှင့် လူမျိုး အတွက် စိတ်ရင်းထားကာ လုပ်ဆောင်ကြမည် ဆိုပါက ရန်ကုန်မြို့ပေါ်တွင် လမ်းပေါ်၊ လမ်းဘေး ဈေးသည်များ ကင်းရှင်းနေသည့်အပြင် စက်မှုမြို့ များတွင်လည်း ကျူးကျော်တဲများ ရှိနေမည် မဟုတ်ပေ။ အချိန်သည် အရေးပါလာပြီဖြစ်သည် ကို အထူးသတိပြုသင့်ပြီဖြစ်သည်။ မိမိမိသားစု အကြောင်းကို မိမိတို့သာ အသိဆုံးဖြစ်သကဲ့သို့ အမိနိုင်ငံ၏ အခြေအနေကိုလည်း နိုင်ငံသူ၊ နိုင်ငံ သားများသာ အသိဆုံးဖြစ်ရာ အဘယ်ကြောင့် သူရပ်မှ ကိုယ်ရပ်မည်ဟု ခံယူနေကြပါသနည်း။ ပြိုင်ထူထသည်ဖြစ်စေ၊ တစ်ဦးပြီးတစ်ဦးဖေးမ၍ ရပ်ကြမည်ဆိုလျှင် မြို့ပြသာယာလှပရေးမှသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို မြန်ဆန်စေမည် သာ ဖြစ်သည်။ အထူးသဖြင့် ဝန်ထမ်းနှင့် ပြည်သူ လက်တွဲညီ၊ ဟန်ချက်ညီရန် လိုအပ်မည်ဖြစ်သည်။ မိမိနိုင်ငံနှင့် မြို့ပြအတွက်ဆောင်ရွက်ရာတွင် တိုင်းပြည်နှင့် အနာဂတ်မျိုးဆက်သစ်တို့၏ ဘဝ အနာဂတ်တို့ကို ကြည့်၍ ဖော်ဆောင်ပေးရမည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိ ကြမည် ဖြစ်သည်။ ဝမ်းပိုက်နှင့် ဦးနှောက်ခွဲခြား ဆုံးဖြတ်ရမည့် အချိန်အခါသို့ ရောက်ရှိနေပြီ ဖြစ်သည်။

## ကျန်းမာရေးနှင့် ညီညွတ်သော မြို့ပြ

ရန်ကုန်မြို့တွင်းရှိ ရေမြောင်းများ ရေစီး ရေလာကောင်းမွန်ပြီး တိုက်ခန်းနောက်လမ်း ကြားများ သန့်ရှင်းမှုရှိခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော မြို့ပြဖြစ်လာစေမည့်အပြင် စက်မှု ဇုန်များရှိ စက်ရုံမှစွန့်ပစ်ရေများ မြစ်အတွင်း စီးဆင်းရန် လိုအပ်ပြီး စက်ရုံဝန်းကျင်နှင့် စက်မှုဇုန် လမ်းများ ကောင်းမွန်သန့်ရှင်းကာ လျှပ်စစ်မီးများ ဖြင့် စက်မှုဇုန်အင်္ဂါရပ်နှင့်အညီ တည်ရှိပါက ပြည်တွင်းသာမက ပြည်ပရင်းနှီးမြှုပ်နှံမှု ပို၍တိုးပွား လာစေမည်ဖြစ်သည်။ စက်မှုဇုန်၏ အဓိက လမ်းမကြီးများ ဝဲ၊ ယာမှ လူနေတဲများ၊ ပစ္စည်း အဟောင်းဆိုင်များ၊ ရေဆေးခုံများ၊ ဝပ်ရှော့ ဆိုင်များနှင့် ဈေးဆိုင်အမျိုးမျိုးတို့ကြောင့် မြို့ပြ ၏ ပုံရိပ်ကို ထိခိုက်စေသည့်အပြင် တရားဥပဒေ စိုးမိုးရေးနှင့် ကျန်းမာရေးကို ထိခိုက်စေသော ကြောင့် မျိုးဆက်သစ် လူငယ်တို့၏ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကို ထိခိုက်လာသည်ကို သတိပြုသင့်ပြီဖြစ်သည်။ အဆိုပါကဏ္ဍသည် ပြဿနာတစ်ရပ်မဟုတ်တော့ဘဲ နိုင်ငံအတွက် အရေးကြီးသောကဏ္ဍသို့ ရောက်ရှိနေသော ကြောင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တောင်ပေါ်၊ မြေပြန့်မကျန် တိုင်းနှင့် ပြည်နယ် အသီးသီးတွင် ကြုံတွေ့နေရသောကြောင့် ဖြစ်သည်။ ရန်ကုန်မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ကျန်းမာရေးကို ထိခိုက်လာသောကြောင့် ဖြစ်သည်။ မြို့နယ် အသီးသီးတို့တွင် အဆိုပါဖြစ်ရပ်ကို ကြုံတွေ့နေရ သည်မှာ ယုတ်လျော့သွားခြင်းမရှိဘဲ ပို၍ကြီးထွား လာသော အဆင့်သို့ရောက်ရှိနေ၍ ဖြစ်သည်။

ယခုလို မိုးမပြတ်သောကာလ၊ ဓာတ်ဆီဈေး၊ ဒေါ်လာဈေးမတည်ငြိမ်သော ကာလ၊ ကုန်ဈေး နှုန်း မတည်ငြိမ်သော ကာလနှင့် ရေဘေးအန္တရာယ် များစွာကြုံတွေ့နေရသော အချိန်အခါတို့တွင် တစ်ချိန်က စီးပွားရေးကောင်းမွန်သော မြို့ပြသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက တက်ညီ လက်ညီ သွားရောက်လှူဒါန်းခဲ့ကြပြီး စီးပွားရေး ကျဆင်းခြင်း၊ ကျေးလက်မှ မြို့ပြသို့ ပုံစံမှားယွင်းစွာ ပြောင်းရွှေ့နေထိုင်မှု များလာခြင်းတို့ကြောင့် မြို့ပြဖွံ့ဖြိုးမှုကျဆင်းကာ စိတ်ပိုင်းဆိုင်ရာသာ လှူဒါန်းလိုသော ဆန္ဒများဖြင့် ကျေနပ်နေရသော အခြေအနေသို့ ရောက်ရှိလာသည်ကို သတိပြုမိ ကြမည်ဖြစ်သည်။ အလှူအတန်းရက်ရောသော စိတ်ရင်းများ ကိန်းအောင်းနေစဲဖြစ်၍ စီးပွားရေး ကောင်းမွန်လာမည့်အချိန်ကို မျှော်လင့်နေကြမည် ဖြစ်သည်။ မိမိနိုင်ငံ၏အခြေအနေကို မိမိတို့ နိုင်ငံသားများသာ သတိပြုမိကြသောကြောင့် ဒီမိုကရေစီခေတ်စနစ်နှင့်အညီ လိုက်ပါကြရန် လိုအပ်လာပြီဖြစ်သည်။ အချိန်သည် အရေးကြီး နေပြီ မဟုတ်ပါလား။ လွတ်သောငါးကို ကြီးသည် ဟု ထင်မှတ်နေခြင်းထက် လက်ရှိအချိန်လက်ထဲ တွင်ရှိသော ငါးကိုမလွတ်တမ်းထိန်းသိမ်းရမည့် အချိန်လည်း ဖြစ်သည်။

ယနေ့ရန်ကုန်မြို့ပြနှင့် မြို့နယ်အသီးသီး ရေစီး ရေလာ ကောင်းမွန်ရန်၊ လျှပ်စစ်မီးပြတ် တောက်မှု မရှိစေရန် သစ်ပင်များခုတ်ထွင် ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းပိတ်နေသော စာသင်ကျောင်းဝင်းရှင်းလင်းခြင်းနှင့် ကျောင်း ဝန်းကျင် ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက် ခြင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေစီးရေလာ ကောင်းမွန်၍ တာဝန်သိ၊ တာဝန်ယူသော စိတ်ရင်း ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကို အထောက် အပံ့ဖြစ်စေခြင်း၊ ရပ်ကွက်ထိပ်၊ ဈေးဝန်းကျင်နှင့် လမ်းမ၊ လမ်းသွယ်တို့တွင် လမ်းဘေးကျူးကျော် ဈေးဆိုင် နေထိုင်မှုမရှိခြင်း၊ နိုင်ငံပိုင်နှင့် ဝန်ကြီး ဌာနပိုင်မြေများတွင် အဆောက်အအုံနှင့် လူနေထိုင်မှု ကင်းဝေးစေခြင်း၊ မြို့ပြ၏ လမ်းမကြီး ဘေးများတွင် လူနေတဲ၊ ဆိုင်ခန်းနှင့် ခေါင်းစဉ်ပြ ဆိုထားသည့် မည်သည့်လုပ်ငန်းဖြစ်စေ ကင်းရှင်း စေခြင်း၊ မူးယစ်ဆေးဝါး၊ လောင်းကစားမှု၊ လူကုန် ကူးမှုနှင့် အခြားဥပဒေမဲ့လုပ်ငန်းများ ကင်းဝေးစေ ပြီး တရားဥပဒေစိုးမိုးမှု ခံစားရရှိစေခြင်း၊ ရပ်ကွက်၊ ကျေးလက်များတွင် သန့်ရှင်းသပ်ရပ်သော ဈေးရုံ များဖြင့် ပြည်သူတို့၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ယုံကြည်မှု ပိုမိုခိုင်မာလျက် လမ်းဘေးဈေးသည် များ လုံးဝကင်းရှင်းစေခြင်း၊ ရပ်ကွက်၊ ကျေးလက် တို့၏ ဌာနဆိုင်ရာ ရုံးဝန်းကျင် သန့်ရှင်းသာယာ လှပပြီး ကျူးကျော်ဈေးဆိုင်များ ကင်းရှင်းစေခြင်း၊ ရန်ကုန်မြို့တွင်း အထူးသန့်ရှင်းသာယာလှပစေ ရန်နှင့် ဆိပ်ကမ်းတစ်လျှောက် သာယာလှပရန် ဆောင်ရွက်ခြင်းတို့ဖြင့် ရန်ကုန်မြို့ပြနှင့် ဆက်စပ် နေသော မြို့နယ်များအားလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်သာယာလှပလာကာ လူ့စွမ်းအား အရင်းအမြစ်များ ပြောင်းလဲတိုးတက်မှုကို ခံစား ရရှိစေမည်ဖြစ်ရာ တရားဥပဒေစိုးမိုးမှု၏ အသီး အပွင့်ကိုလည်း ရန်ကုန်မြို့ပြနေ ပြည်သူတို့ ခံစား ရရှိ၍ စိတ်အေးချမ်းမှုကို ပိုင်ဆိုင်လျက် တိုင်းပြည်အတွက် အထောက်အပံ့ကောင်း များကို ရရှိစေမည်ဖြစ်သည်။

## ပြည်ပဝင်ငွေတိုးတက်ရရှိစေမည်

ထို့ကြောင့် ရန်ကုန်မြို့ပြကြီး သာယာလှပ ရေးသည် ရန်ကုန်မြို့တစ်မြို့တည်းအတွက်သာ အကျိုးကျေးဇူးရရှိစေခြင်းမဟုတ်ဘဲ ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သော အခြားဒေသမှ ပြည်သူများနှင့် နှစ်စဉ်လာရောက်လည်ပတ်လျက် ရှိသော နိုင်ငံခြားခရီးသွားများ၏ ပြည်ပဝင်ငွေ ကိုလည်း တိုးတက်ရရှိစေမည် ဖြစ်သည်။ ရန်ကုန်မြို့ပြနှင့် ဆက်စက်နေသော မြို့နယ်၊ ကျေးလက်များ၊ စက်မှုဇုန်များ သန့်ရှင်းသာယာ လှပဖို့ဆိုလျှင် အားလုံးဟန်ချက်ညီညီဖြင့် လက်တွဲညီရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရ ပါသည်။ ။



ရန်ကင်းစက်မှု(၁) လမ်းမကြီး ပလက်ဖောင်းပေါ်မှ ဈေးသည်များကို တွေ့ရစဉ်။

**ရန်ကုန်မြို့တွင်း အထူးသန့်ရှင်းသာယာလှပစေရန်နှင့် ဆိပ်ကမ်းတစ်လျှောက် သာယာလှပရန် ဆောင်ရွက်ခြင်းတို့ဖြင့် ရန်ကုန်မြို့ပြနှင့် ဆက်စပ်နေသော မြို့နယ်များအားလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်သာယာလှပလာကာ လူ့စွမ်းအား အရင်းအမြစ်များ ပြောင်းလဲတိုးတက်မှုကို ခံစားရရှိစေမည်ဖြစ်**

# ရန်ကုန်မြို့နေ ပြည်သူတွေအတွက် ......

ဝေယံဦး



ကုက္ကိုလ်ဝမြစ်နှင့် ပန်းလှိုင်မြစ်တို့ကို တွေ့ရစဉ်။

**လူတစ်ဦး** ချင်းစီရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုမှာ သောက်သုံးရေဟာ မရှိမဖြစ် လိုအပ်ပါတယ်။ အဲဒီလိုလူတစ်ဦးချင်းအတွက် သောက်သုံးရေဟာ အဓိက ရန်ကုန်မြို့ပြလို လူဦးရေ ခြောက်သန်းကျော် ရှိနေတဲ့ ပြည်သူတွေအတွက်ဆိုရင်တော့ သောက်သုံးရေလိုအပ်ချက်က ကြီးမားနေတာတော့ အမှန်ပါပဲ။ ရန်ကုန်မြို့နေ ပြည်သူတွေ သောက်သုံးရေ အခက်အခဲမရှိအောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကုက္ကိုလ်ဝမြစ်ရေတင် စီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

## အကောင်အထည်ဖော်

အဲဒီမြစ်ရေတင် စီမံကိန်းဟာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း အမှတ်(၅) လမ်းမကြီးရဲ့ ၁၆ မိုင် ၄ ဖာလုံခန့်အကွာ အနားစုကျေးရွာအနီး မြေဧက ၁၀၀ ခန့်အပေါ်မှာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင်တော့ ထန်းတပင်မြို့နယ် တောလည်ကျွန်းနဲ့ ပန်းတိုင်ရွာအနီးမှာ တည်ဆောက်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မြေကြီးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အပြင် အဝင်လမ်းနဲ့ ဓာတ်အားလိုင်းတွေ သွယ်တန်းခြင်းလုပ်ငန်းတွေလည်း ဆောင်ရွက်နေပါတယ်။

ကုက္ကိုလ်ဝမြစ်ရေတင် စီမံကိန်းကို ၂၀၁၆ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး နှစ်စဉ်ဘတ်ဂျက်ငွေရရှိမှု၊ ထည့်သွင်းမှုတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မြေဖို့ခြင်းနဲ့ အဝင်လမ်းတည်ဆောက်မှုတွေကိုလည်း လုပ်ကိုင်နေတာဖြစ်ပြီး ဓာတ်အားလိုင်းသွယ်တန်းမှုတွေလည်း ပြုလုပ်နေတာဖြစ်ပါတယ်။

## ရေဂါလန် သန်း ၆၀ ဆံ့ ရေဝေကန်တည်ဆောက်

ကုက္ကိုလ်ဝမြစ်ရေတင်စီမံကိန်းမှ ရေတွေကို ရန်ကုန်မြို့အတွက် ပြန်လည်ဖြန့်ဝေဖို့ ဆောင်ရွက်တဲ့နေရာမှာ လှိုင်သာယာမြို့နယ်အတွင်းမှာ ရေဂါလန် သန်း ၆၀ ဆံ့တဲ့ ရေဝေကန်ကို တည်ဆောက်ဖို့အတွက်လည်း စီစဉ်နေပါတယ်။ အဲဒီရေဝေကန်ကိုတော့ လှိုင်သာယာမြို့နယ် ဘီအိုစီအပိုင်းအနီး ဘုရင့်နောင်ပန်းခြံနေရာမှာ အကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီရေဝေကန်ကိုတော့ လာမယ့်ဘဏ္ဍာရေးနှစ်မှာ စတင်တည်ဆောက်သွားမှာဖြစ်ပြီး ကုက္ကိုလ်ဝမြစ်ရေတင် စီမံကိန်းကို ဂျိုက်ကာချေးငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အဲဒီစီမံကိန်းနဲ့ ရေဝေကန် ပြီးစီးရင်တော့ ရန်ကုန်အနောက်ပိုင်းမြို့နယ်တွေကို ရေဂါလန် သန်း ၆၀ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်အပြင် မြို့တွင်း မြို့နယ်တွေဖြစ်တဲ့ လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်တွေ၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ဗဟန်း စတဲ့ မြို့နယ်တွေကိုလည်း ရေအားပြည့် ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။

> **ရန်ကုန်တိုင်းဒေသကြီးမှာ ပြည်သူတွေကို နေ့စဉ်ရေဖြန့်ဖြူးပေးနိုင်ဖို့ ရေသိုလှောင်တမံတွေကတော့ ရေဂါလန် ၂၇ သန်း ဖြန့်ဝေပေးနိုင်တဲ့ ဂျိုးဖြူ၊ ရေဂါလန် ၅၄ သန်း ဖြန့်ဝေပေးနိုင်တဲ့ ဖူးကြီး၊ ရေဂါလန် ၁၄ သန်း ဖြန့်ဖြူးပေးနိုင်တဲ့ လှော်ကား၊ ရေဂါလန် ၄၅ သန်း ဖြန့်ဝေပေးနိုင်တဲ့ ငမိုးရိပ်(ပထမရေိယာအပိုင်း)၊ ရေဂါလန် ၁၆ သန်း ဖြန့်ဝေပေးနိုင်တဲ့ ငမိုးရိပ်(ဒုတိယ ဧရိယာအပိုင်း)၊ ရေဂါလန် ၁၆ သန်း ဖြန့်ဝေပေးနိုင်တဲ့ YCDC Tube Wells(425 nos) တို့ရှိနေပြီး စုစုပေါင်း ရေဖြန့်ဝေပေးနိုင်မှု ပမာဏဟာ ရေဂါလန် ၂၀၁ သန်းခန့်ရှိနေ**




ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဇုန်အလိုက် ရေဖြန့်ဝေပေးနိုင်မှုကိုကြည့်ရင် ဇုန်(၁)အနေနဲ့ ဗဟိုဧရိယာအဖြစ် စီးပွားရေးနဲ့ အချက်အချာကျတဲ့နေရာ၊ ဇုန်(၂)အနေနဲ့ တာမွေ၊ သာကေတ၊ သဃ်န်းကျွန်းမြို့နယ်၊ ဇုန်(၃)အနေနဲ့ မရမ်းကုန်း၊ ရန်ကင်း၊ လှိုင်မြို့နယ်၊ ဇုန်(၄)အဖြစ် မင်္ဂလာဒုံ(တောင်)၊ မြောက်ဥက္ကလာနဲ့ အင်းစိန်မြို့နယ်၊ ဇုန်(၅)အဖြစ် မင်္ဂလာဒုံ(အလယ်)၊ ရွှေပြည်သာမြို့နယ်နဲ့ အင်းစိန်၊ ဇုန်(၆)အဖြစ် မင်္ဂလာဒုံမြို့နယ်(မြောက်ပိုင်း)၊ ဇုန်(၇)အဖြစ် ရန်ကုန်အရှေ့ဘက်ပိုင်း(၁)အနေနဲ့ အရှေ့ဒဂုံ မြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်အရှေ့ဘက်ပိုင်း(၂) အဖြစ် တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဇုန်(၈) အနောက်ပိုင်းမှာတော့ လှိုင်သာယာမြို့နယ် ဇုန်(၉)အဖြစ် တောင်ဘက်ပိုင်းမှာ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကြည့်မြင်တိုင်အနောက်ပိုင်းတို့ ပါဝင်နေတာကို ဂျိုက်ကာနဲ့ ဝိုင်စီဒီစီတို့ရဲ့ ရန်ကုန်မြို့ ရေဖြန့်ဝေပေးရေး အစီအစဉ်မှာ ပါရှိနေပါတယ်။

## စီးပွားရေးဇုန်တွေကိုရေဖြန့်ဖြူးပေး

အခုစတင်ဆောင်ရွက်နေတဲ့ ကုက္ကိုလ်ဝမြစ်ရေတင် စီမံကိန်းနဲ့ လှိုင်သာယာမြို့နယ်မှာ ရေဝေကန်တည်ဆောက်ပြီးရင်တော့ ရေဖြန့်ဖြူးပေးနိုင်မှာက ဇုန်(၁)နဲ့ ဇုန်(၉) ဧရိယာကို ရေဂါလန် သန်း ၆၀ ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လဂွန်းပြင် စီမံကိန်းကနေပြီး ရေဂါလန်သန်း ၄၀ ကို ဇုန် (၇)၊ ဇုန်(၈)နဲ့ သီလဝါအထူး စီးပွားရေးဇုန်တွေကို ရေဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီစီမံကိန်းတွေဟာ ဆောင်ရွက်နေဆဲ ဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ပြည်သူတွေကို နေ့စဉ်ရေဖြန့်ဖြူးပေးနိုင်ဖို့ ရေသိုလှောင်တမံတွေကတော့ ရေဂါလန် ၂၇ သန်း ဖြန့်ဝေပေးနိုင်တဲ့ ဂျိုးဖြူ၊ ရေဂါလန် ၅၄ သန်း ဖြန့်ဝေပေးနိုင်တဲ့ ဖူးကြီး၊ ရေဂါလန် ၁၄ သန်း ဖြန့်ဖြူးပေးနိုင်တဲ့ လှော်ကား၊ ရေဂါလန် ၄၅ သန်း ဖြန့်ဝေပေးနိုင်တဲ့ ငမိုးရိပ်(ပထမဧရိယာအပိုင်း)၊ ရေဂါလန် ၁၆ သန်း ဖြန့်ဝေပေးနိုင်တဲ့ ငမိုးရိပ်(ဒုတိယဧရိယာအပိုင်း)၊ ရေဂါလန် ၁၆ သန်း ဖြန့်ဝေပေးနိုင်တဲ့ YCDC Tube Wells(425 nos) တို့ရှိနေပြီး စုစုပေါင်း ရေဖြန့်ဝေပေးနိုင်မှု ပမာဏဟာ ရေဂါလန် ၂၀၁ သန်းခန့်ရှိနေကြောင်း သိရသည်။

## အရင်းအမြစ်တွေက ရယူ

အဲဒီရေတွေကို သိုလှောင်နိုင်ဖို့အတွက် ရယူတဲ့ ရေအရင်းအမြစ်တွေကို ကြည့်ရင် မြေမျက်နှာပြင်ကနေပြီး ရယူစုဆောင်းနိုင်တဲ့ ရေပမာဏက ၉ ဒသမ ၂ ရာခိုင်နှုန်းရှိနေသလို မြေအောက်အရင်းအမြစ်က ရယူစုဆောင်းတဲ့ ရေပမာဏက ရှစ်ရာခိုင်နှုန်းရှိကြောင်း သိရတာမို့ မျက်နှာပြင် အရင်းအမြစ်တွေက ရယူစုဆောင်းမှုက အဓိကကျနေကြောင်း တွေ့ရှိရပါတယ်။

ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ ရေဖြန့်ဝေပေးမှုနဲ့ အနာဂတ်မှာ ရေဝန်ဆောင်မှုပေးနိုင်ဖို့ဆိုရင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ၄၅ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်မှာ ၅၀ ရာခိုင်နှုန်း၊ ၂၀၂၇ ခုနှစ်မှာ ၆၀ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်မှာ ၆၅ ရာခိုင်နှုန်း၊ ၂၀၃၅ ခုနှစ်မှာ ၇၀ ရာခိုင်နှုန်းနဲ့ ၂၀၄၀ ပြည့်နှစ်မှာ ၈၀ ရာခိုင်နှုန်းအထိ ရန်ကုန်ပြည်သူတွေကို ရေဖြန့်ဝေပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်း သိရပါတယ်။

ဒါကြောင့်လည်း ရန်ကုန်မြို့ပြ ပြည်သူတွေအတွက် ၂၀၂၅ ခုနှစ်မှာ ရေဖြန့်ဝေပေးနိုင်မှု ရေဂါလန် ၂၅၈ သန်းနဲ့ ၂၀၄၀ ပြည့်နှစ်မှာ ရေဂါလန် ၅၂၅ သန်းရရှိအောင် ကြိုးစားဆောင်ရွက်သွားနိုင်ဖို့အတွက် ဂျိုက်ကာနဲ့ ဝိုင်စီဒီစီတို့ရဲ့ (JICA- YCDC) (Master Plan)မှာ ထည့်သွင်းထားကြောင်း သိရပါတယ်။

ရန်ကုန်မြို့နေ ပြည်သူတွေအတွက် ရေဖြန့်ဝေပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်နေတဲ့ အချိန်မှာ ကုက္ကိုလ်ဝမြစ်ရေတင် စီမံကိန်းကို အကောင်အထည်ဖော်နေတာဟာ ပြည်သူတွေအနေနဲ့ သန့်ရှင်းတဲ့ရေတွေ ဖူလုံစွာ ရရှိစေဖို့ဆိုတဲ့ စိတ်ချမ်းမြေ့စရာကောင်းတဲ့ ဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။ ။

# မိုးသည်းသည်းထဲ အရောင်းအဝယ်အနည်းငယ်နှင့် ကားဈေးကွက်

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

— မင်းသော်



မိုးရွာသွန်းသော်လည်း ကားဈေးကွက်အတွင်း အရောင်းအဝယ်မှာ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ပြန်လည်မြင့်တက်လာကြောင်း ကားလောကသားများထံမှ သိရှိရသည်။

"အရောင်းအဝယ်က မိုးထဲလေထဲမှာပဲ ဆက်တိုက်လေး ဖြစ်နေတယ်။ အဓိကကတော့ နယ်ဝယ်လက်တွေလည်း ဆင်းနေတာကြောင့်ဖြစ်ပါတယ်။ ရန်ကုန်ဝယ်လက်ကတော့ ခပ်ကျဲကျဲရှိနေပါတယ်။ မဖြစ်မနေ ဝယ်ရမယ့်သူတွေက ဈေးကလည်း တန့်နေတုန်း မထူးဘူးဆိုပြီး ရောင်းကြ၊ ဝယ်ကြတယ်လို့ ခန့်မှန်းရပါတယ်။ ဆက်တိုက်တော့ အရောင်းအဝယ်ဖြစ်မယ်လို့ မထင်မိဘူး။ ရက်ပိုင်းတော့ အရောင်းအဝယ် ဖြစ်နေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

ရန်ကုန်မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လက်မှတ်တစ်ခုဖြစ်သည့် YVQC စနစ် Yangon Vehicle Quota Certificate မှာ မော်တော်ယာဉ်အစီးရေ သတ်မှတ်ချက်ဖြစ်ပြီး ယခုနှစ်အတွက် ရန်ကုန်အတွင်းရှိ မော်တော်ကားအစီးရေကန့်သတ်ချက်တစ်ခုဖြစ်လာမည်ဖြစ်ပြီး လက်ရှိတွင် ယင်းစနစ်စတင်မည်မှာ မည်သည့်အချိန်ဟု တိကျသည့် အဖြေထွက်ရှိမလာသေးခြင်းကြောင့် ကားအတော်များများ လက်ကိုင်ထားရန်လည်း ကားဝယ်ရောင်းများ စဉ်းစားလာကြချိန် နယ်ဝယ်လက်နှင့် မဖြစ်မနေ လိုအပ်သည့် ရန်ကုန်ဝယ်လက်များကြောင့် ကားဈေးကွက်ပုံမှန်အရောင်းအဝယ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

"လက်ရှိမှာတော့ ညာမောင်းတွေကို တိုက်ရိုက်ထိခိုက်စရာ ဘာမှမရှိပါဘူး။ ကားသစ်တွေ၊ ဘယ်မောင်းသွင်းတွေနဲ့သာ ဘယ်လိုဖြစ်လာနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ညာမောင်းဂျပန်ကားလေးတွေ ဝယ်ယူချင်တဲ့သူတွေကတော့ ပုံမှန်အတိုင်း မထူးခြားပါဘူး။ စောင့်ကြည့်နေကြတာတော့ရှိတယ်။ အမှန်က ၂၀၁၆ မော်ဒယ်လ် နောက်သွင်းမယ့်ကားတွေကိုပဲ ဆိုလိုတာဆိုတော့ လက်ရှိဈေးကွက်နဲ့က ဘာမှမဆိုင်ဘူး" ဟု ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

ထို့ပြင် စလစ်ဈေးနှုန်းများမှာ ကျဆင်းသွားခြင်းမရှိဘဲ တန့်နေပြီး သက်တမ်း ၂၀ ရန်ကုန်လိုင်စင်စနစ်မှာ လက်ရှိတွင် ငွေကျပ် ၁၂၇ သိန်းဝန်းကျင်နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါကလည်း စလစ်ဈေးမှာ မြင့်မားလာကြောင်း၊ အများစုမှာ ရန်ကုန်လိုင်စင်ရရှိလိုသည့်အတွက် ဈေးက မြင့်လျက်ရှိကြောင်း သိရှိရသည်။ "စလစ်ဈေးကွက်ကတော့ ပုံမှန်ပါပဲ။ အရောင်းအဝယ်က ဖြစ်တယ်။ အများစုက ညာမောင်းလိုချင်ကြတယ်။ ဒီလိုဆိုရင် စလစ်က လိုနေဦးမှာပဲ။ အခုနောက်ပိုင်းမှာ ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံသူကလည်း နည်းပါးသွားခဲ့ပြီ။ စလစ်လိုအပ်ချက်ကလည်း အများကြီးလိုနေတာမျိုးတော့မဟုတ်ဘူး။ ဒီလိုအနေအထားမှာ ဈေးကမကျဘူးဆိုတာ နောင်ဖြစ်မယ့် အလားအလာတစ်ခုခု ရှိနိုင်တယ်"ဟုလည်း ကားလောကသားအချို့က ပြောသည်။

စလစ်ဈေးနှုန်းများ မြင့်တက်ရခြင်းမှာ အချို့သည် ရန်ကုန်လိုင်စင်ရရှိရန်အတွက် ပိုမိုအမေးများလာကြပြီး ဈေးကွက်အတွင်း နယ်ဝယ်လက်များနှင့် ရန်ကုန်ဝယ်လက်များ အားလုံး အရောင်းအဝယ်ဖြစ်သည်မှာ ရန်ကုန်လိုင်စင်သာဖြစ်ခြင်းကြောင့်ဟု သိရှိရသည်။ အရောင်းပြခန်းများကတော့ ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်မရှိသလောက် နည်းပါးပြီး အချို့အရောင်းပြခန်းများကမူ အထူးလျှော့ဈေးများ၊ ဘရန်းနယူးကားများဖြင့် ဈေးကွက်ကို ပြန်လည်ဆွဲဆောင်နေကြသည်ကိုလည်း မြင်တွေ့ရသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Alphard | 2013 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၈၀ |
| CRV RD5 | 2001 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၄၆ |
| Kluger | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၁၀ |
| Fit GK3 | 2013 | နယ် | 1300cc | အပြင်ဈေး | ၂၃၇ |
| Insight | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၂ |
| Wish | 2012 | ရန်ကုန်/ စတိ | 1800cc | အပြင်ဈေး | ၅၀၀ |
| Vitz | 2010 | နယ် | 1300 cc | အပြင်ဈေး | ၁၈၅ |
| Belta | 2010 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၄ |
| Mark X | 2004 | ရန်ကုန် | 3000 cc | အပြင်ဈေး | ၃၁၀ |
| AD van | 2008 | နယ် | 1300cc | အပြင်ဈေး | ၁၂၅ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

---

**ခေတ်စနစ်ပြောင်းကာ ပေါ်ထွက်လာသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) .... မှ**

ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ကြရတော့မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇွန် ၂၈ ရက်မှာကျင်းပတဲ့ ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေ (၂၀၁၈) ကို အတည်ပြုလက်မှတ်ရေးထိုးပြီး မြို့တော်ဝန်ထံ လွှဲပြောင်းပေးအပ်ပွဲမှာ ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ်ကတော့ မြို့သူ မြို့သားများအပါအဝင် အစိုးရအဖွဲ့အားလုံးဟာ ဥပဒေနှင့်အညီ ရန်ကုန်မြို့တော်ကြီးကို တည်ဆောက်ရာမှာ အားလုံးပါဝင်ကြရမယ်လို့ အသိပေးပြောဆိုသွားတာတွေ့ရပါတယ်။ တစ်ချိန်က ဥပဒေရဲ့အားနည်းချက်ကို အသုံးချပြီး အကျိုးစီးပွားဖြစ်ထွန်းခဲ့သူများရှိသလို အဲဒီအားနည်းချက်ကြောင့် အချို့ပြည်သူများ စိတ်သောကရောက်ခဲ့ကြရပါတယ်။ အပြုံးပန်းဝေပြီး လေပြည်အေးနဲ့ ဖြေရှင်းတတ်တဲ့ ဌာနဆိုင်ရာများကြောင့် ပြည်သူများအိုးမဲ့အိမ်မဲ့ ဖြစ်သူဖြစ်၊ တရားရုံးရောက်သူရောက်နဲ့ ဖြစ်ခဲ့ကြရပါတယ်။

"အရင်ဥပဒေတစ်ရပ်လုံးက ပြည်သူလူထုကို စည်းကမ်းရှိအောင် စီမံထားတဲ့ဥပဒေပေါ့။ ဒါပေမယ့် စည်ပင်သာယာဝန်ထမ်းတွေဘက်က အလုပ်မလုပ်တာတို့၊ လွဲမှားတာတို့ လုပ်လို့ရှိရင်တော့ ဘာလုပ်မလဲဆိုတဲ့ ဥပဒေက တောက်လျှောက်ပါမလာဘူး။ ကျွန်တော်တို့ ဥပဒေမှာတော့ ထည့်ထားတာက ကော်မတီက ပေးအပ်တဲ့တာဝန်ကို အလွဲသုံးစားဖြစ်လို့ရှိရင် နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်း အရေးယူမယ်။ တည်ဆဲဥပဒေအရလည်း အရေးယူမယ်ဆိုပြီး ကျွန်တော်တို့ ပြဋ္ဌာန်းလိုက်တယ်" ဟု မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) မှာ ပါဝင်တဲ့ကဏ္ဍတစ်ခုအကြောင်းကို ရှင်းပြခဲ့ပါတယ်။

ဒုတိယမြို့တော်ဝန်တစ်ဦးအပါအဝင် တာဝန်ခံ ခုနစ်ဖွဲ့၊ ဌာနဆိုင်ရာ သုံးခုတို့ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ အတိတ်သမိုင်းကြောင်းကို ပြန်လည်လေ့လာခဲ့ရာမှာတော့ ၁၈၇၄ ခုနှစ် မတ်လ ၂၄ ရက်နေ့မှာ အောက်မြန်မာနိုင်ငံ မြူနီစပယ်အက်ဥပဒေကို ပထမဦးဆုံးအကြိမ် ပြဋ္ဌာန်းခဲ့ပြီး ရန်ကုန်မြို့အပါအဝင် ပုသိမ်၊ စစ်တွေ၊ မော်လမြိုင် အစရှိသော မြို့ကြီး ခုနစ်မြို့တွင် တစ်ပြိုင်နက်တည်း မြူနီစပယ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယင်းနောက် ၁၈၈၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှာ မြန်မာနိုင်ငံ၏ မြူနီစပယ်အက်ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့သည်။ ၁၈၇၄ ခုနှစ် မြူနီစပယ်အက်ဥပဒေတွင် အခန်းခြောက်ခန်းသာ ပါဝင်ခဲ့သော်လည်း ၁၈၈၄ ခုနှစ် ဥပဒေတွင် အခန်းကိုးခန်းအထိ တိုးချဲ့ပြဋ္ဌာန်းခဲ့သည်။ ၁၈၉၇ ခုနှစ် တွင် အင်္ဂလိပ်လက်အောက်ခံပြည်နယ်တစ်ခု အနေဖြင့် မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်နေသော ပြည်နယ် အဆင့်မှတိုးမြှင့်ကာ ဒုတိယဘုရင်ခံအုပ်ချုပ်သော ပြည်နယ် အဖြစ် ပြောင်းလဲအုပ်ချုပ်ခဲ့သည်။ အုပ်ချုပ်ရေး အဆင့်မြှင့်တင်ခြင်းနှင့်အတူ မြူနီစပယ်လုပ်ငန်းများကိုလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် မြူနီစပယ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်၊ မန္တလေးအပါအဝင် မြန်မာတစ်နိုင်ငံလုံး အကျုံးဝင်သော မြူနီစပယ်အက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး အခန်း ၁၀ ခန်းအထိ ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

ထို့နောက် ရန်ကုန်မြို့အတွက် သီးခြားဥပဒေပြဋ္ဌာန်းရန် လိုအပ်လာသည့်အတွက် ရန်ကုန်မြို့တော် မြူနီစပယ်ကော်မတီက ဟံသာဝတီခရိုင်ဝန်ကို တာဝန်ပေးအပ်ပြီး ဘုံဘေမြို့သို့လည်းကောင်း၊ ရန်ကုန်မြူနီစပယ်အတွင်းရေးမှူးကို ဘုံဘေမြို့နှင့် ကာလကတ္တားမြို့များသို့ လေ့လာရေးစေလွှတ်ခဲ့သည်။ ထို့နောက် ဘုံဘေမြူနီစပယ်အက်ဥပဒေကို အခြေခံသော ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။ ၁၉၂၂ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်အက်ဥပဒေ နံပါတ် ၆ ဖြင့် ၁၉၂၂ ခုနှစ်၊ ရန်ကုန်မြို့မြူနီစပယ်အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေအရ ရန်ကုန်မြူနီစပယ်ကော်မတီသည် သီးခြားဥပဒေတစ်ရပ်ဖြင့် မြူနီစပယ်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ခေတ်ကာလအဆင့်ဆင့် ပြောင်းလဲလာသကဲ့သို့ ရန်ကုန်မြူနီစပယ်အဖွဲ့သည်လည်း အမြင်အမျိုးမျိုး၊ အသွင်အမျိုးမျိုး ပြောင်းလဲလာခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ဥပဒေအမှတ် ၁၁/၉၀ ဖြင့် ၁၉၉၀ ပြည့်နှစ် မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၁၉၉၀)ကို ပြဋ္ဌာန်းခဲ့ပြီး ရန်ကုန်မြို့တော်၏ စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် အစိုးရသစ်လက်ထက်၌ ၁၉၉၀ ပြည့်နှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပါ "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ" ဟူသော စကားရပ်အစား "ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်" ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင်ဥပဒေအမှတ် ၁၁/၂၀၁၁ ဖြင့် ထုတ်ပြန်ခဲ့သည်။

သို့သော်လည်း ၁၉၉၀ ပြည့်နှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆီလျော်မှုမရှိသည့်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဒီမိုကရေစီအစိုးရအဖွဲ့သစ်စတင်တာဝန်ယူချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများကို ဒီမိုကရေစီစံချိန်စံညွှန်းနှင့် ပြည့်ဝစေရန် ဥပဒေတစ်ရပ်အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသောအခါ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ပြင်ဆင်ရေးဆွဲရေးကော်မတီကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၃ ရက်နေ့မှစတင်ကာ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို စတင်ပြင်ဆင်ရေးဆွဲခဲ့သည်။ ၂၀၁၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အခန်း ၃၂ ခန်း၊ ပုဒ်မပေါင်း ၃၉၈ ခုပါဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇွန်လ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ယခုအခါ ရန်ကုန်မြို့တော်ကြီးအား ခေတ်နှင့်အညီ အဆင့်မြှင့်တင်ရန် သစ်လွင်သောဥပဒေတစ်ရပ်ကား ပေါ်ထွန်းခဲ့ပြီဖြစ်သည်။ ထိုဥပဒေအား ပြည်သူအများ နားလည်သဘောပေါက်၍ မည်မျှလိုက်နာမည်ဆိုသည်က ဥပဒေတစ်ရပ်အသက်ဝင်ခြင်း၏ အနေအမြန်ကို အဆုံးအဖြတ်ပေးမည်သာ။ တာဝန်ရှိအဖွဲ့အစည်းများက ပြည်သူ့အပေါ် အလျင်အမြန်အသိပညာဖြန့်ဝေပေးနိုင်မှု၊ ကိုယ်တိုင်တိကျသော စည်းကမ်းလိုက်နာမှုတို့က ဥပဒေတစ်ရပ်သက်ဝင်အားကောင်းရန်ဖြည့်ဆည်းပေးနိုင်သောအရာများ ဖြစ်သည်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးဥပဒေ (၂၀၁၈) အမှန်တကယ် အသက်ဝင်၊ မဝင်၊ အားကောင်းမှု ရှိ၊ မရှိတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခိုလှုံနေထိုင်ကြသော လူသားအားလုံးပါဝင်လုပ်ကိုင်ဆုံးဖြတ် သတ်မှတ်ကြရမည်သာ ဖြစ်ပါကြောင်း။ ။